www.burmeseclassic.com

ကောင်းမြင်းကောင်း
စာပေ



# မင်းပုည

လယ်သမားဘဝ နှင့် ပေးဆပ်ခဲ့ရသော

ဆရာစံ

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ခုနှစ် | - | ၂၀၁၆ ခုနှစ်၊ မတ်လ၊ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၈၀၀ ကျပ် |
| စီစဉ်သူ | - | အေးလွင်သန့် (လူမှုစေတနာ) |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | - | ဒေါ်ကျင်ယုံ<br>ကောင်းစံပုံနှိပ်တိုက် (မြဲ-၀၅၃၃၂)<br>အမှတ် (၂၇၉)၊ လမ်း ၄၀ (အထက်)<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ |
| ထုတ်ဝေသူ | - | ဦးအောင်ရွှေစံ<br>ဦးဥတ္တမစာပေ (မြဲ- ၀၁၄၄၈)<br>အမှတ် (၃၃၆)၊ (၇)လမ်း<br>ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊<br>ရန်ကုန်မြို့ |
| ဖြန့်ချိရေး | - | စိုးသီဟ (ဖုန်း-၀၉ ၂၅၄၂၅၆၆၈၂) |

တစ်ပြည်လုံးဖြန့်ချိရေး

ကောင်းခြင်းကောင်းစာပေ

ဖုန်း - ၀၉ ၄၃၁၂၈၅၁၈၊ ၀၉ ၂၅၄၄၉၇၇၄၇၊ ၀၉ ၂၅၄၂၁၃၁၄၂၊ ၀၉ ၂၅၄၂၅၆၆၈၂

အမှတ် (၁၀၇၈)၊ ပတ္တမြား (၄)လမ်း၊ ၇ အနောက်ရပ်ကွက်၊ အိမ်ယာသစ်၊

သာကေတမြို့နယ်၊ ရန်ကုန်မြို့


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | လယ်သမားဘဝအစပထမ | ၅ |
| ၂။ | နယ်ချဲ့ကိုစိန်ခေါ်ခြင်း | ၁၇ |
| ၃။ | ဆရာစံ၏ဘဝ | ၃၁ |
| ၄။ | တောင်သူလယ်သမားခေါင်းဆောင်ဆရာစံ | ၃၉ |
| ၅။ | အရေးတော်ပုံအစတိုက်ပွဲက | ၄၉ |
| ၆။ | ပထမဖားရွှေကျော်တိုက်ပွဲ | ၅၅ |
| ၇။ | ဒုတိယတိုက်ပွဲ | ၆၁ |
| ၈။ | တတိယတိုက်ပွဲ | ၆၉ |
| ၉။ | ဝဲရွာနှင့်အနယ်နယ်တိုက်ပွဲများ | ၇၅ |
| ၁၀။ | ဦးအောင်လှ၏တိုက်ပွဲ | ၈၃ |
| ၁၁။ | တိုက်ပွဲများ | ၉၁ |
| ၁၂။ | အလံတောင်မှနောင်ချိုသို့ | ၁၀၉ |
| ၁၃။ | နောင်ချိုမှသာယာဝတီသို့ | ၁၁၉ |
| ၁၄။ | ကောက်ကျစ်တဲ့ညက်များ | ၁၂၅ |
| ၁၅။ | ခုံရုံးရှေ့ရောက်ဆရာစံ | ၁၃၁ |
| ၁၆။ | စီရင်ချက် | ၁၄၁ |
| ၁၇။ | အယူခံပယ်ချခံရခြင်း | ၁၄၉ |
| ၁၈။ | နိဂုံးချုပ်သည်ဘဝ | ၁၅၇ |


www.burmeseclassic.com

www.burmeseclassic.com

## လယ်သမားဘဝအစ ပထမ

(၁)

ဂျွန်ဆရာစံ

အလွန်ကို မှန်ကန်ပါသည်။

တကယ်တော့ ဂျွန်ဆရာစံသည် တောင်သူလယ်သမားများအတွက် စံပြပုဂ္ဂိုလ်ကြီးတစ်ဦးဟု သတ်မှတ်လိုက်ခြင်း ဖြစ်ပါသည်။ တောင်သူလယ်သမားတို့သည် လယ်ယာအလုပ်ကလွဲပြီး ဘယ်အလုပ်ကိုမှ မလုပ်ခြင်း၊ လယ်ယာအလုပ်ကိုသာ လုပ်ချင်ကြသည်။

လယ်ယာလုပ်ငန်းကို လုပ်ရသည်မှာ သက်သာလို့လားဟု မေးစရာရှိသည်။ အမှန်အတိုင်း ဖြေရလျှင် အလွန်ကို ပင်ပန်းနေသည်။ လူကြီးတွေ၏ စကားအတိုင်း ပြောရလျှင် ''လယ်ဆိုသည့်အတိုင်း အလုပ်က လည်နေသည်။ ဘယ်လိုလည်နေတာလဲဆိုတာ သိချင်ကြမည်။ အဲဒီတော့ လယ်သမားတွေ လယ်နေရသည့် အကြောင်းကို တင်ပြချင်ပါသည်။

(၂)

တောင်သူလယ်သမားများသည် စပါးမစိုက်ခင် အရင်ဆုံးပြင်ဆင်မှုများစွာ ပြုလုပ်ကြရသည်။ အကြောင်းမှာ နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး စုထားရသည်။ ကျွဲ၊ နွား၊ ချေးများကိုစု၍ လှည်းပေါ်တင်ပြီး လယ်

www.burmeseclassic.com

www.burmeseclassic.com



ကွက်ထဲကို ချရသည်။ ဒါကို မြေသြဇာချသည်ဟု ပြောဆိုကြသည်။ အဲဒါက တစ်နေ့တည်းမဟုတ် တစ်လနီးပါး ချရသည်။ ဒီကြားထဲ ဆားကွက်သည် လယ်ကွက်ရှိလျှင် ချောင်း၊ မြောင်းထဲက မြေတွေကို လှည်းနှင့်တိုက်ပြီး ထိုဆားကွက်သည် လယ်ကွက်ထဲကို ချရသည်။ အဲဒါကို မြေပြင်သည်ဟု ခေါ်ကြသည်။

လယ်ကွက်ထဲကို မြေသြဇာမြေများကို ချသည့်အခါ မနက်စောစောနှင့် ညနေပိုင်းတို့ဖြစ်သည်။ နေ့ခင်းပိုင်းတွင် ဘာလုပ်နေကြသလဲဆိုလျှင် လယ်စောင့်တဲ့ဟု ခေါ်သည်။ လယ်တဲကို ပြုပြင်တည်ဆောက်နေရသည်။ လယ်တဲ တည်ဆောက်ပြုပြင်ခြင်းသည် အလယ်ပြုဖြစ်တာမဟုတ် သေသေချာချာ စနစ်တကျ ပြုပြင်ခြင်း ဖြစ်သည်။

လယ်တဲ့တွင် နွားများ တစ်မိုးလုံး နေထိုင်ရန်ဖြစ်သလို လူတွေပါ ထိုထဲတွင် နေထိုင်ကြရန် ဖြစ်သည်။ လယ်ထဲတွင် လူနေရန် အခန်းပါရှိသည်။ ထို့ကြောင့် လူပါနေနိုင်သည်။ ထို့ကြောင့် လယ်သမားများသည် လယ်တဲကို အခိုင်အခံ့ ဆောက်လုပ်ထားလေသည်။

လယ်တဲပြင်ပြီးသည်နှင့် ကျွဲ၊ နွားများ မိုးရာသီစားရန် ကောက်ရိုးများကို စနစ်တကျ ပြုပြင်ရသည်။ တချို့ကောက်ရိုးပုံများကို အမိုးမိုးပေးထားရသည်။ အမိုးကို လယ်တဲမိုးကာသည် ကိုင်းရွက်တွေနဲ့ မိုးထားရသည်။ ကိုင်းရွက်ကို ဒီအတိုင်းထားမိုး၍မရ ဓား၊ သုံးစိပ်ကို အပေါ်အောက်ထားပြီး ကိုင်းပျစ်ပြုလုပ်ရသည်။ ကိုင်းရွက်ကို ကိုင်းပျစ်လုပ်ရတာ လွယ်သလိုနှင့် ခက်သည်။

## (၃)

မြေသြဇာချ၊ လယ်တဲပြင်ပြင်၊ တဲကုန်မြေဖို့ပြီးတာနှင့် မိုးယုန်လလယ်ကို ရောက်သွားသည်။ ထိုအချိန်တွင် ကျွဲ၊ နွားနှင့် လူတွေပါ

www.burmeseclassic.com

www.burmeseclassic.com



လယ်တဲကို ပြောင်းရွှေ့နေထိုင်ကြရသည်။ ဒါကို ''တဲပြောင်း''သည်ဟု ခေါ်ကြသည်။ လယ်တဲမှာ နေထိုင်ရင် အချောသတ်ပြင်ဆင်ပြီး တဲ စထိုးကြသည်။

တဲ မစခင်မှာ ရက်ကောင်းရက်သာ အရင်ရွေးရသည်။ ရက်ကောင်းရွေးပြီးမှ တဲ စတင်ထိုးရသည်။ လယ်ကွက်ကိုလည်း စတင်ထိုးသည့်နေ့မှာပင် လယ်ကန်သင်းကိုပါ ပြုပြင်ရသည်။ လယ်ကန်သင်းကို တဲတွေဖြုတ်ပြီး ကျွဲ၊ နွားတွေ စားကျက်ကိုလွှတ်ပြီး လူလည်း မနက်စာစားပြီး မွန်းလွဲ ၁ နာရီကျော်သည်နှင့် ပေါက်ပြားကိုထမ်းပြီး လယ်ကန်သင်းကို ပြုရသည်။ ဒါကို အများစုက ကန်သင်း မျက်နှာသစ်သည်ဟု ခေါ်ကြလေသည်။

လယ်ကန်သင်း မျက်နှာသင်းဆိုသည်မှာ ကန်သင်းမျက်နှာပြင်တွင် ပေါက်နေသည့် မြက်ပင်များကို ပေါက်ပြားဖြင့် ခုတ်ဖြတ်ရသည်။ တချို့က 'ပေါက်တူး'ဟုခေါ်တာလည်း ရှိသည်။ ပေါက်ပြားသည် လယ်ယာလုပ်ကိုင်ရာတွင် အလွန်ကို အရေးပါသည့် ပစ္စည်းတစ်မျိုး ဖြစ်သည်။ ပေါက်ပြားမပါလျှင် လယ်ယာလုပ်ငန်းကို လုပ်ကိုင်၍ မရသလို ဖြစ်နေသည်။

ပေါက်ပြားသည် လယ်ကန်သင်းကို အပေါ်ပြင်ပေးနိုင်သလို လယ်ကွက်များတွင် ပေါက်နေသည့် မြက်များ အများက ပေါင်းပင်များဟု ခေါ်ဆိုတတ်လေသည်။ လယ်သမားများအတွက် ပေါက်ပြားအရေးပါပုံကို တင်ပြရလျှင် မပြီးဆုံးနိုင်၍ အကျယ်မချဲ့လို၍ အတိုချုံ့ရေးရခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၄)

လယ်သမားများသည် တဲထိုးပြီးလျှင် ထွန်တုံးဝင်ရသည်။ ထွန်တုံးကို မြန်မာပြည်သူအများစု သိမြင်ပါသည်။ အကြောင်းမှာ ပထမတန်းဖတ်စာတွင် ထွန်တုံးနှင့် ပတ်သက်တာတွေ ရေးသားထားသည်။ ထွန်တုံးသည် ထည်စာခဲ့များကို ခွဲထုတ်ပေးသလို အမြိုက်တွေကို သယ်ယူသည့်အခါ အထောက်အကူ ပြုသလို လယ်ကွက်မြေမျက်နှာပြင်ကို ညီအောင်ပြုလုပ်သည့်အခါ အသုံးပြုခြင်း ဖြစ်သည်။

ထွန်တုံးကို ထွန်သည့်အခါ ဗဟုသုတအနေဖြင့် အနည်းအငယ်ရှင်းပြချင်ပါသည်။ လယ်ကွက်တဲကို ထွန်တုံး ထွန်ရာတွင် လွှာခြင်းနှင့်ဒေါက်ထွန်ခြင်းဆိုတာ ရှိသည်။ လွှာခြင်းထွန်တာက သင်ရတာ လွယ်သလို ဒေါက်ကခက်သည်။ တချို့က ဒေါက်ကို နှစ်လွှာစပ်ထွန်သည်ဟုပြောဆိုကြသည်။ နှစ်လွှာစပ်ထွန်သည့်အခါ ထွန်သူ၏ ကျွမ်းကျင်မှုကအလွန်ပင် အရေးကြီးသည်။ ထွန်တုံးသည် နှစ်မျိုးရှိသလို ဆိုက်ကလည်းနှစ်မျိုးလာသည်။ တစ်မျိုးက သစ်သားဖြင့် ပြုလုပ်ထားသည့် သစ်သားထွန်သွား၊ တစ်မျိုးက သံကို အသုံးပြုထားသည့် သံထွန်သွား၊ အလားတူထွန်တုံးကို ခုနှစ်သွားထွန်တုံးနှင့် ကိုးသွားထွန်တုံးဟု နှစ်မျိုး ပြုလုပ်ထားသည်။

ထွန်ပြီးသည့်အခါ စက်တုံးဆိုတာ ရှိသည်။ စက်တုံးသည် မြေကိုကြေညက်အောင် ပြုလုပ်ပေးမည့်အရာ ဖြစ်သည်။ စက်တုံးမှာက နှစ်မျိုးရှိသည်။ ဆက်တုံးကွင်းကပ်ဆင်သည် အသွားကို သံမဏိအသွားနှင့်ရိုးရိုးအသွားဟု နှစ်မျိုးရှိသည်။ လယ်သမားတိုင်းက သံမဏိဆက်သွားနှင့် သံထွန်တုံးကိုသာ လယ်သမားတိုင်းက အသုံးပြုခြင်းသည်မှာ ပြီးပြသည့် ဆန္ဒတစ်ခု ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆက်တုံးကို ထွန်ကဲ့သို့ ဒေါက်နှစ်လွှာချင်းဟု နှစ်မျိုးနှစ်စား ထွန်ကြသည်။ စက်တုံးမြေစိုင်မြေခဲများကို ခြေသလို သမံနှိုးသည်ဟု ခေါ်ဆိုကြသည်။ ထိုသို့ ပြုလုပ်နေသည်အခါ ငြိမ်နေခြင်းမရှိ လယ်ကွက်ကို ပြုပြင်နေရသည်။ အလားတူ လယ်ကွက်ထဲက ရေကိုလည်း အနည်းအများ ချိန်ထားရသည်။ ရေများ၍ မဖြစ်သလို နည်း၍လည်း မဖြစ်။ ရေကို ပုံမှန်ထားရသည်။

လယ်ကွက်ကို ထိုကဲ့သို့ ပြုပြင်နေချိန်တွင် မျိုးစပါးအပင်ပေါက်အောင် လုပ်ရသည်။ လယ်သမားတွေကတော့ 'အစို့ပေါက်'သည်ဟု ပြောဆိုကြသည်။ မျိုးစပါးကို အစို့ပေါက်သည်မှာ အပြောလွယ်သလို တကယ်တမ်းတော့ မလွယ်ဘူး။ အလွန်ခက်ခဲသည်။ အစို့ပေါက်ရာတွင် ပထမဆုံး မျိုးစပါးကို ရေစိမ်ထားရသည်။ စပါး ရေစိမ်ထားသည့်အချိန်တွင် ခုနစ်ပေ ပတ်လည်ကျယ်သည့် လေးတိုင်စင်တစ်ခု ပြုလုပ်ရသည်။

လေးတိုင်စင်သည် လူလေးငါးခြောက်ယောက်လောက် တက်နိုင်သည့် စင်ဖြစ်သည်။ လေးတိုင်စင်ကို ဝါးလုံးနှင့် စိတ်အောင်ခင်းရန်ဖြစ်သည်။ ဝါးလုံးပေါ်တွင် ဝါကြော ခင်းထားရသည်။ တောသူတောင်သားများက 'ဖျာကြမ်း'ဟု အလွယ်ခေါ်ကြသည်။ မျိုးစပါးကို ရေစိမ်ရာမှ ဖော်ယူပြီး အထက်ပါအတိုင်း ပြုလုပ်ထားသည့် လေးတိုင်စင်ပေါ်ကို တင်ပြီး စတင်အစို့ဖောက်ရသည်။

အစို့ဖောက်ရာတွင် ရေစိမ်ထားသည့် စပါးကို ဖျာကြမ်းပေါ် ဖြန့်ခင်းလိုက်ရသည်။ ဖျာကြမ်းပေါ် ဖြန့်ခင်းရာတွင် ခြောက်လက်မလောက်ရှိပြီး ဘေးလေးဘက် လေးလံကို သေချာညီအောင် ပြုလုပ်ပြီး ကောက်ရိုးအစို့နှင့် ထုထုလေး အုပ်ရသည်။ စပါးအုပ်သည့်အခါ ဂရုစိုက်ရန် အလွန်ပင် လိုအပ်သည်။ စနစ်မကျလျှင် စပါးအစို့ ထွက်မလာသလို ထွက်လာလျှင်လည်း ပြန်ပြီးသေသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



စပါးကို အစို့(အပင်ပေါက်)ရာတွင် ညနေတိုင်း ရေများများ လောင်းပေးရသည်။ ရေလောင်းသည့်အခါ မျိုးစပါးများအပေါ် အုပ်ထားသည့် ကောက်ရိုးများကို ဘေးဖယ်ပြီး ရေလောင်းရသည်။ ရေလောင်းသည့်အခါ ရေကို အေးသွားအောင် လောင်းပေးရသည်။ ရှင်းရှင်းပြောရလျှင် ရေများများလောင်းရန် ဖြစ်သည်။ ထို့အတူ ရေကို နှံ့အောင် လောင်းပေးရသည်။ မနှံ့လျှင် အပူလွန်ပြီး အပင်မပေါက်ပဲ ဖြစ်နေတတ်သည်။ အပေါ်က ရေလောင်းလျှင် အောက်ကရေကို လက်ဖြင့် စပ်ပေးရသည်။ ပူနေသေးလျှင် ထပ်လောင်း ရေအေးမှ အလောင်းရပ်ပြီး စောစောကဘေးကို ဖယ်ချထားသည့် ကောက်ရိုးကို ပြန်၍ ဖုံးပေးရသည်။

## (၅)

စပါးတွေ အစို့ပေါက်(အပင်ပေါက်)လာပြီဆိုလျှင် ထွန်ယက်ထားသည့် လယ်ကွက်ထဲ ကြဲချရန်ဖြစ်သည်။ အပင်ပေါက်တွေကို မကြဲခင်မှာ ပထမအလုပ်က အပင်ပေါက်လေးတွေကို တစ်ခုစီ ကွဲသွားအောင် ပြုလုပ်ရသည်။ ဒါကို ခါသည်ဟု ခေါ်ဆိုကြသည်။

ခါထားသည် အပင်ပေါက်လေးတွေကို လောင်းတောင်းတည်ကို ထည့်ရသည်။ အပင်ပေါက်လေးတွေ ကျိုးသွားမှာကို စိုးရိမ်၍ ဖြစ်သည်။ အပင်ပေါက်လေးတွေကို လယ်ကွက်ထဲသို့ ကြဲရသည်။ စပါးကြဲသည့်အခါ သုံးမျိုးအခေါ်ရှိသည်။ တစ်ခုက ပျိုးခင်း၊ တစ်ခုက ကြဲခင်း၊ တစ်ခုက စိုက်ခင်းဟူ၍ ဖြစ်သည်။ ကြဲခင်းသည် စိုက်ပျိုးစရိတ် သက်သာအောင် ကြဲလိုက်သည့်အတွက် ကြဲခင်းဟု ခေါ်သည်။

မျိုးခင်းဆိုတာက စိုက်ခင်းတစ်မျိုး ရှိသည်ဟု တင်ပြခဲ့သည်။ ပျိုးခင်းထောင်သည်ဟု ခေါ်ကြသည်။ လေဆယ့်ငါးရက် ပြည့်သွားလျှင် ပျိုးခင်းထဲက စပါးအပင်တွေကို နှုတ်ယူပြီး စိုက်ခင်းတွင် ပြန်စိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုကြောင့် စိုက်ခင်းဟု ခေါ်ကြသည်။ စိုက်ခင်းသည် ကြဲခင်းထက် အစပေါင်းများစွာ စပါးအတွက် ကောင်းသည်။ ကုန်ကျစရိတ်လည်းများသည်။

ပျိုးနှုတ်ခ၊ ကောက်စိုက်ခ ကုန်သည်။ ပျိုးနှုတ်ကောက်စိုက်သည့်အခါ ပျိုးနှုတ်သူနှင့် ကောက်စိုက်သမားကို ကောင်းမွန်စွာ ပြောဆိုဆက်ဆံရသည်။ ခပ်ရိုင်းရိုင်း ဆက်ဆံလျှင် ပျိုးနှုတ်သမားက ပျိုးပင်ပေါက်တွေ၏ ခါးတွေကို ချိုးသွားတတ်သည်။ ထို့အတူ ကောက်စိုက်သမားတွေကလည်း ပျိုးပင်ကို အမြစ်ကထိုးပြီး မစိုက်ပဲ အပင်က(ခါးက)ထိုးပြီးစိုက်သွားလျှင် အပင်တွေ သေနိုင်သည်။ အဲဒီအခါကျလျှင် ပြန်စိုက်ရသည်။ ပြန်စိုက်ပြီဆိုလျှင် ကုန်ကျစရိတ် တိုးလာသည်။

(၆)

စပါးကို စိုက်ပြီးလျှင် လယ်ကွက်ထဲမှာ ရှိသည့် ရေကို ချိန်၍လှောင်ထားရသည်။ လယ်သမားများသည် စပါးစိုက်၍ ပြီးပေမယ့် အလုပ်က ရှိနေကြသည်။ လယ်ကွက်ထဲမှာ ရှိသည့် ရေကို လွှတ်ချလိုက် ပြန်ပိတ်ထားလိုက်။ လယ်ကွက်ထဲမှာ ရှိသည့် မြက်ပင်များကို ရှင်းလင်းရသည်။

လယ်သမားများသည် ပျိုးခင်းထောင်ပြီးသလို ကြဲခင်းကို ကြဲပြီးသည့်အခါ ထွန်တုံးပိတ်သည်ဟု ပြောဆိုကြသည်။ ထွန်တုံးပိတ်ပေမယ့်လယ်သမားတွေသည် လယ်ရိုင်း ပေါ်ထွက်အောင် ရှင်းလင်းကြရပြန်သည်။ လယ်သမားများသည် လယ်ဟောင်းတွေကို ကောင်းအောင် လုပ်သလို လယ်အသစ်တွေကိုလည်း ကောင်းအောင် ပြုလုပ်ရပြန်သည်။

လယ်သမားများသည် လယ်ယာမြေသစ်များ ဖော်လုပ်သလိုစိုက်ပျိုးထားသည့် စပါးခင်းများကိုလည်း ဂရုစိုက်နေရသည်။ စပါးခင်း

www.burmeseclassic.com

www.burmeseclassic.com



တွေ ပိုးကျသလား၊ ပေါင်းပင်တွေ ထနေလား၊ ရေခမ်းနေပြီလား၊ အပင် အခြေအနေ ဘယ်လိုရှိသလဲ စတာတွေကို ဂရုစိုက်ရသည်။ ဒီကြားထဲ တခြားကျွဲ၊ နွားတွေက လာရောက်ဖျက်ဆီးမလား၊ ကိုယ့်ကျွဲ၊ နွားတွေက လာရောက်ဖျက်ဆီးမလား ဆိုတာတွေကို ကြည့်နေရသလို မိမိ၏ ကျွဲ၊ နွားတွေ၏ ကျန်းမာရေးကိုလည်း ကြည့်နေရသည်။

(၇)

ဖုန်းတုံးလုံးတုံး တန်ဆောင်မုန်းဆိုသည့်အတိုင်း လယ်သမားတွေသည် ဤလကို ပို၍ဂရုစိုက်ကြသလို မိုးများ ပြင်းထန်စွာ ရွာသွန်းသွားမှာကိုလည်း အလွန်ပင် ကြောက်ရွံ့နေကြသည်။ ပို၍ကြောက်ရွံ့သည်က စပါးတွေ အပွင့်လန်းသည့်အချိန် ဖြစ်သည်။ အပွင့်လန်းသည့်အခါ မိုးရွာလျှင် အသီးတွေ မအောင် အဆံချောင်တွေက များသွားသည်။ အဲဒီအခါကျလျှင် လယ်သမားများ စပါးမရအောင် ဖြစ်သည်။

တန်ဆောင်မုန်းလမှာ ဖုန်းပြီးလုံးသည်ဆိုတာ တခြားမဟုတ် စပါးအသီးတွေ စတင်ထွက်လာတာကို ခေါ်ခြင်းဖြစ်သည်။ လူသဘောနှင့် တင်ပြရလျှင် အမျိုးသမီးများ ကိုယ်ဝန်ရှိသလို ဖြစ်သည်။ တန်ဆောင်မုန်းလကွယ် ရွှေဝါထွန်း၊ ငစိန်၊ မနော်ဟာရီ၊ ကောက်ညှင်း ဖော်ပြပါ စပါးအုပ်စုက အသီးများ သီးနေကြသည်။ ပေါ်ဆန်း၊ မီးဒုံး၊ တောင်ပျံ၊ ကမကြီး စသည့် စပါးမျိုးတွေကို ကောက်ကြီးလိုလည်း ခေါ်သည်။ သက်ကြီးစပါးဟုလည်း ခေါ်သည်။

စပါးတွင် သက်ငယ်၊ သက်လတ်၊ သက်ကြီးဟူ၍ သုံးမျိုး။ စပါးမျိုးသုံးမျိုးတွင် သက်ကြီးစပါးများသည် မျက်မှောက်ခေတ်တွင် လူအကြိုက်များ၍ ဈေးကောင်းရသည်။ လယ်သမားတွေက အရှုံးနှင့်သာ ရင်ဆိုင်နေကြရသည်။ ဘယ်လိုပင်ဖြစ်ပေမယ့် လယ်သမားတွေကတော့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်ကျမသွားဘဲ အားကျိုးမာန်တက် စိုက်ပျိုးနေကြသည်။ လယ်သမားများသည် သီတင်းကျွတ်တာနှင့် သီးပင်၊ စားပင်များ စိုက်ပျိုးကြသည်။

ဘူး၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းချိုု၊ ရွှေဖရုံ၊ ကျောက်ဖရုံ၊ ပြောင်းဖူး၊ ပဲသီးအမျိုးမျိုးတို့ကို စိုက်ပျိုးကြပြန်သည်။ ဒီကြားထဲ စပါးတွေကို နယ်ရန်သလင်း လုပ်ရသည်။ သလင်းပြုလုပ်ရာတွင် နှစ်စဉ် ဤနေရာတစ်ခုတည်းကိုသာ ပြုလုပ်ရသည်။ သလင်းလုပ်တာသည် အလွန်ပင်လက်ဝင်သည်။ အခါအခွင့်သင့်မှ ရှင်းပြပါမည်။ လယ်သမားများသည် ရိတ်လို့ရသည့် စပါးများကို ရိတ်သိမ်းရန် အလုပ်သမားများကို ငှားရမ်း၍ ရိတ်သိမ်းနေကြသည်။

(၈)

စပါးများ ရိတ်သိမ်းနေချိန်တွင် မြေပဲ၊ နှမ်း၊ ပဲအမျိုးနှင့် ပြောင်းများကို စိုက်ပျိုးရန် ထွန်ယက်ကြရပြန်သည်။ ထိုအထဲတွင် မြေပဲစိုက်ရသည်ကား အလွန်ပင် ဂရုစိုက်ရပါသည်။ စပါးတွေ ရိတ်သိမ်းပြီးသည်နှင့် အစိုးရကို ထိုးပေးလိုက်ရသလို အကြွေးရှင်တွေကလည်း စပါးဟူ၍ ရောက်ရှိလာကြသည်။

စပါးမပေးပြန်ရင်လည်း အကြွေးရှင်တွေက ညှာတာထောက်ထားခြင်းမရှိ အကုန်သိမ်းထားသည်။ လယ်သမားများသည် အကြွေးရှင်တွေကို တောင်းပန်ပေမယ့် အကြွေးရှင်က မရတာများသည်။ လယ်သမားများသည် အပင်အပန်းခံ စိုက်ပျိုးရပေမယ့် ကောင်းကောင်းစားရခြင်းမရှိ။ ကောင်းကောင်းလည်း မအိပ်ရသည့်အတွက် စိတ်ဓာတ်တွေ ကျလာသည်။

အဲဒီအချိန်တွင် နယ်ချဲ့အစိုးရက အခွန်တွေ တိုးကောက်လာသည့်

www.burmeseclassic.com



အတွက် ဒေါသထွက်စရာ ဖြစ်လာလေသည်။ ပေါက်ကွဲလာသည်။ ကြာတော့ ခံနိုင်ရည် အားမရှိတော့သည့်အတွက် ဘာလုပ်မလဲ စိတ်ကို ထွက်ပေါက်ပေးလိုက်ခြင်းသည်။ အဲဒီလိုအချိန်မှာ ဂျွန်ဆရာစံက နယ်ချဲ့တွေကို တော်လှန်မည်ဟု ပြောဆိုကာ ထကြွလာခဲ့လေသည်။

အဲဒီအချိန်ကစ၍ ဆရာစံဦးဆောင်သည့် တောင်သူလယ်သမားအရေးတော်ပုံကြီး ဖြစ်လာခဲ့လေသည်။ ဤမျှလောက် ရှင်းပြရသည်မှာ ဘာကြောင့်လဲဆိုသည်မှာ မျက်မှောက်ခေတ်တွင် လယ်လုပ်တာ လွယ်ကူသည်ဟု ထင်မိသည့်အတွက်ကြောင့် တင်ပြရခြင်း ဖြစ်သည်။

အလားတူ ယခုစာအုပ်သည် ပထမအကြိမ်တုန်းက ဦးအောင်စိုး B.A မည်ဖြင့် ထွက်ခဲ့ဖူးပါသည်။ ယခုကလောင်အမည် ပြောင်းလဲ၍ ထွက်သည်ကို နားလည်သဘောပေါက်ကြလိမ့်မည်ဟု ထင်မိပါတော့သည်။

လေးစားလျက်

မင်းပုည
၂၂-၁-၂၀၁၆
၃း၄၅ နာရီ

www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင်ခရိုင် ချောင်းဆုံမြို့တွင် ရိုက်ကူးသော ဆရာစံ၏ဓာတ်ပုံ
(ဆရာစံ ရေးသားပြုစုသည့် လက္ခဏာဗုဒ္ဓဆေးကျမ်းတွင် ဤပုံကို
ထည့်သွင်းဖော်ပြထားသည်။)

www.burmeseclassic.com

www.burmeseclassic.com



မြေပုရာ ကင်းမှောက်
မီးလောင်ရာ လေပင့်ခံနေရသည့်
လယ်သမားများသည်
နေရသည်ထက်
သေရတာမှ မြတ်သည်တု
ထင်မှတ်ပြီး
မထူးဇာတ်ခင်းရန်...။

www.burmeseclassic.com

www.burmeseclassic.com

# နယ်ချဲ့ကိုစိန်ခေါ်ခြင်း

"လယ်သမားတွေ နေရာမှန်ရောက်အောင် ငါ… ဆရာစံ စွမ်းဆောင်ပေးမည်"ဟု ကြွေးကြော်လိုက်သည်နှင့် ကိုလိုနီနယ်ချဲ့များအတွက် အလွန်အလုပ်ရှုပ်စေသလို တောင်သူလယ်သမားအတွက် အားတက်စရာများ ဖြစ်စေသည်။ ထို့အတူ ဆရာစံကလည်း တောင်သူလယ်သမားများအတွက် တိုက်ပွဲဝင်ရန် ဆုံးဖြတ်ချက်များ ချထားပြီးသား ဖြစ်နေသည်။

ဆရာစံ၏ ကြွေးကြော်မှု ကိုလိုနီနယ်ချဲ့အတွက် ကြီးမားသည့် ဖြေရှင်းချက်တစ်ခုဟု မှတ်တမ်းတင်ထိုက်သလို အလွန်ခေါင်းခဲစရာများ ဖြစ်လာလေသည်။ နယ်ချဲ့သည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော အရေးတော်ပုံများ တောင်းဆိုမှုများစွာကို ခက်ခက်ခဲခဲ ဖြေရှင်းပေးခဲ့ရသလို အကုန်လုံးမဟုတ်သော်လည်း တော်တော်များများကို လိုက်လျောပေးခဲ့ရသည်။ အဓိကအချက်ကတော့ ကိုလိုနီနယ်ချဲ့အစိုးရသည် အရင်းရှင်စီးပွားရေးသမားများကို မလွှမ်းမိုးနိုင်သလို ၎င်းတို့၏ လုပ်ရပ်ကိုလည်း မတားမြစ်နိုင်အောင် ဖြစ်နေသည်။ စီးပွားရေးသမားများက နယ်ချဲ့အစိုးရ

www.burmeseclassic.com



အပေါ်ကိုသာ လွှမ်းမိုးနေသည်။ စီးပွားရေးသမား ကုမ္ပဏီများက အစိုးရကိုတောင် မကြောက်သလို ၎င်းတို့၏လုပ်ရပ်များကို အစိုးရက လက်ခံနေရသည်။

လုပ်ငန်းရှင်တို့သည် အုပ်ချုပ်နေသည့် အစိုးရကိုတောင် ဂရုမစိုက်။ ၎င်းတို့စီးပွား တိုးတက်ဖို့အရေး လူထုနှင့်အလုပ်သမားများအတွက်ဆိုလျှင် စာရင်းမရှိပေ။ ထို့ကြောင့် မြန်မာနိုင်ငံရှိ အလုပ်သမား လယ်သမားများက အရင်းရှင်များကို မုန်းတီးရာက အစိုးရအပေါ်ကိုပါ မုန်းတီးလာကြသည်။

"နယ်ချဲ့တွေဟာ ကျုပ်တို့လယ်သမားတွေဘက်က မလိုက်ဘဲ ချစ်တီးတွေဘက်ကသာ ရပ်တည်နေကြတယ်။ ကျုပ်တို့ လယ်သမားတွေက အဲဒါကို တွန်းလှန်ရမယ်"

ဟု ပြောဆိုသည့် ဆရာစံ၏စကားကို လယ်သမားများက လက်ခံကြသည်။ ဆရာစံကသာ လက်ခံရင် အနုလား အကြမ်းလား စမ်းချင်ရာစမ်း အမြဲတမ်းအသင့်ရှိသည်ဟု ကြွေးကြော်နေကြသည်။ လယ်သမားများသည် လယ်ယာလုပ်ကိုင်သည်ဟုသာ ပြောဆိုကြပေမယ့် တကယ်တမ်းကြတော့ လယ်ယာမပိုင်သူများစွာ ရှိနေကြသည်။

"အင်္ဂလိပ်အစိုးရက လယ်လုပ်သူများသာ လယ်ပိုင်စေရန် ရည်ရွယ်ပါသည်"ဟု ပြောသော်လည်း အောက်မြန်မာပြည်ရှိ လယ်ယာမြေ အမြောက်အများကို တောင်သူလယ်သမား မဟုတ်သူ မြေပိုင်ရှင်ကြီးများ ပိုင်ဆိုင်လျက်ရှိသည်ကို တွေ့ရခြင်းအားဖြင့် အပြောနှင့် အလုပ်တစ်မျိုးစီ ဖြစ်နေသည်မှာ ထင်ရှားလှသည်။ ဤကဲ့သို့ ဖြစ်ပျက်နေသောအခြေအနေသည် တိုင်းပြည်၏ နိုင်ငံရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း ကောင်းသောအခြေအနေ မဟုတ်ကြချေ။ အမှန်အားဖြင့် မြေရှိရာတွင် မနေထိုင်သော မြေပိုင်ရှင်သည် သူပိုင်ဆိုင်သည်ဆိုသော

www.burmeseclassic.com

www.burmeseclassic.com



လယ်ယာမြေအကြောင်းကိုလည်းကောင်း၊ သူ့လယ်ယာမြေတွင် လုပ်ကိုင်နေသော တောင်သူလယ်သမား၏ အကြောင်းကိုလည်းကောင်း မသိချေ။

ယုတ်စွအဆုံး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုပင် ဘာတစ်ခုမျှ နားမလည်သူ အများပင်ရှိလေသည်။ သူသည် လယ်ယာမြေမှ အခ ရရှိနေလျှင် ကျေနပ်နှစ်သိမ့်နေသူ ဖြစ်လေသည်။

အများအားဖြင့် လယ်ယာမြေ တည်ရှိရာဒေသတွင် မနေသော လယ်ပိုင်ရှင်တို့သည် အိန္ဒိယတိုင်းရင်းသားများ ဖြစ်ကြသည်။ မြေနှင့် ဝေးရာဒေသတွင် နေထိုင်သော မြေရှင်ကြီးတို့မှာ မိမိလယ်ယာမြေ အကြောင်းကို သိလည်းမသိ။ ဂရုလည်းမစိုက်ဘဲ သီးစားခများ ရရှိရေး တစ်ခုတည်းကိုသာ စိတ်ဝင်စားလေသည်။ ထိုအချက်နှင့် စပ်လျဉ်း၍ လယ်ပိုင်ရှင်သည် နိုင်ငံခြားသား ဖြစ်နေလျှင် ပို၍ ဆိုးဝါးလေသည်။

အဘယ်ကြောင့်ဆိုသော် လယ်မှ ရရှိသော အမြတ်ငွေကြေးများကို စုဆောင်းရမိသည်နှင့် တစ်ပြိုင်နက် ငွေထုတ်ကိုပိုက်ကာ ဤနိုင်ငံမှ ထွက်ခွာသွားမည်ဖြစ်ကြောင်း စိတ်ကူးရှိကြသည်။ အိန္ဒိယ တိုင်းရင်းသား ချစ်တီးများသည် တိုင်းရင်းသားပိုင် လယ်ယာမြေများကို သိမ်းပိုက်ရာ၌ မြန်မာများထက် ပို၍ အခွင့်အရေး ရရှိကြလေသည်။ အဘယ်ကြောင့် ဆိုသော် သူတို့သည် ဗြိတိသျှနယ်ချဲ့တို့၏ လက်အောက်တွင် ကြာမြင့်စွာ နေထိုင်ခဲ့ရသူများဖြစ်၍ ဗြိတိသျှနယ်ချဲ့ တရားဥပဒေနှင့် စီးပွားရေးလုပ်ငန်းများတွင် မြန်မာတို့ထက်ပို၍ ကျွမ်းကျင်သူများ ဖြစ်သည်။ ထို့ကြောင့် နယ်ချဲ့တို့ မြန်မာပြည်ကို သိမ်းပြီးစအချိန်တွင် သူတို့သည် ဥရောပ တိုင်းရင်းသား အရာရှိကြီးများ၏ ကိုယ်စားလှယ်များအဖြစ် မြန်မာပြည်ကို ရောက်ရှိလာကြသည်။

အောက်မြန်မာပြည်ကို နယ်ချဲ့တို့ သိမ်းပိုက်ပြီးစအချိန်က ငွေချေး စားသူများသည် အိန္ဒိယတိုင်းရင်းသားများ ဖြစ်ကြသည်။ တရားဥပဒေ

www.burmeseclassic.com



များနှင့် စပ်လျဉ်း၍ တတ်သိလိမ္မာသူ ရှေ့နေများသည် ထိုစဉ်အခါက အိန္ဒိယတိုင်းရင်းများသာ များပြားလေသည်။ အစိုးရရုံးများကို ဝင်ထွက်သွားလာ လုပ်ကိုင်နေကြသူများနှင့် အမှုလိုက်ပါ ထမ်းဆောင်သူများသည် အိန္ဒိယတိုင်းရင်းသားများသာ ဖြစ်ကြသည်။

ထို့ကြောင့် သူတို့သည် မြန်မာများထက် တရားရုံးများတွင် ဝင်ဆံ့သည်။ မြန်မာပြည်တွင် ချစ်တီးများလက်သို့ ရောင်းရှိသွားကုန်သော လယ်ယာမြေတို့သည် အိန္ဒိယတိုင်းရင်းသားများ ကြီးစိုးလျက်ရှိသော တရားရုံးများကို ဖြတ်သန်းပြီး ရောင်းရှိသွားကြခြင်း ဖြစ်သည်။ မြန်မာတောင်သူလယ်သမားများအတွက် ရုံးပြင်ကန္တားကို မသွားအပ်သော နေရာဟူသော အစွဲဖြင့် ထိတ်လန့်ကြောက်ရွံ့နေသည့်ခေတ်တွင် ချစ်တီးများအဖို့ ရုံးကိုလာရသည်မှာ ပျော်ပွဲစား ထွက်လာသည်နှင့်မခြား ဖြစ်လေသည်။

ချစ်တီးများသည် တရားဥပဒေ စက်ယန္တရားကို တရားသဖြင့်အသုံးပြုသူထက် မတရား အသုံးပြုသည်က ပို၍များသည်။ လယ်ယာမြေများကို သိမ်းပိုက်ရာတွင် နည်းအမျိုးမျိုးကိုသုံး၍ မြန်မာများထက် အခွင့်အရေးရအောင် ယူတတ်ကြသည်။ ချစ်တီးများ၏ ရန်ကို ကြောက်ရသည့်အထဲ နယ်ချဲ့တို့ရန်ကိုပါ ကြောက်နေကြရသည်။ နယ်ချဲ့အစိုးရသည် ၎င်းတို့တောင်းသည့် အခွန်မပေးနိုင်ရင် လယ်ယာ ကျွဲနွား အတွင်းပစ္စည်းများကို သိမ်းဆည်းပြီး လေလံတင် ရောင်းချသည်။ နယ်ချဲ့အစိုးရတို့ရောင်းချသည့် လယ်ယာ ကျွဲနွားများသည် ချစ်တီးများ လက်သို့ ရောက်ရှိကုန်ကြသည်။

ထိုသို့ ဖြစ်နေကြသည့်အတွက် လယ်ယာလုပ်ကိုင်သူများသည် အချိန်တိုင်း သောကရောက်နေကြရသည်။ အစိုးရကို တင်ပြသော်လည်း ပြုပြင် ပြောင်းလဲခြင်း မရှိ။ ၎င်းတို့ ချမှတ်ထားသည့် စည်းမျဉ်းများကိုသာ ခိုင်မြဲစွာ အသုံးပြုနေကြသည်။ မြေပူရာကင်းမှောက်၊ မီးလောင်ရာ လေပင့်

www.burmeseclassic.com

www.burmeseclassic.com



ခံနေရသည့် လယ်သမားများသည် နေရသည်ထက် သေရတာမှ မြတ်သေးသည်ဟု ထင်မှတ်ပြီး မထူးဇာတ်ခင်းရန် ကြံစည်နေကြသည်။

ထိုအတူ ၄င်းတို့အတွက် ကယ်တင်ရှင်သိကြားမင်း ပေါ်လာပါစေဟု အကြိမ်ကြိမ် ဆုတောင်းနေကြသည်။ မျှော်လင့်နေကြသည်။ ၄င်းအချိန်တွင် ဂဠုန်ဆရာစံဆိုသည့် ခေါင်းဆောင်တစ်ဦး ထွက်ပေါ်သံ ကြားလိုက်ရ၍ ပျော်ရွှင်နေကြသည်။ အားကိုးနေကြသည်။ မိမိတို့ ကြုံတွေ့နေရတာတွေကို ဖြေရှင်းပေးနိုင်မည့်သူ ပေါ်ပေါက်လာပြီ။ နယ်ချဲ့ထံ ဖိအားပေးတောင်းဆိုမှုများ ပြုလုပ်ကြမည်ဟု ဆုံးဖြတ်လိုက်ကြသည်။

လယ်သမားများ၏ ဆုံးဖြတ်ချက်သည် နယ်ချဲ့နှင့် ချစ်တီးတို့အတွက် စိုးရိမ်စရာများ ဖြစ်ပေါ်လာခဲ့လေသည်။ ဆရာစံသည် နယ်လှည့်၍ တောင်သူလယ်သမားတို့၏ ဘဝနေထိုင်မှု၊ တွေ့ကြုံနေရသည်ကို အချိန်ကြာမြင့်စွာ လေ့လာသည်။ ထိုသို့လေ့လာစဉ် ဗေဒင်ဆရာအဖြစ်လည်းကောင်း၊ ဆေးဆရာအဖြစ်လည်းကောင်း အလုပ်မျိုးစုံကို လုပ်ကိုင်နေသည်။

တို့ဗမာအစည်းအရုံး အဖွဲ့ကြီးကလည်း ဆရာစံ၏ တင်ပြမှုကို ထောက်ခံသည်။ ၄င်းတို့ဘက်ကလည်း ပါဝင်ရန် ဆန္ဒများရှိနေကြသည်။ မြန်မာလူမျိုးများ ကြုံတွေ့နေရသည့် ဒုက္ခများကို အများက ဝိုင်းဝန်းဖြေရှင်းကြရန် ဆန္ဒများ ပြင်းပြနေကြသည်။ ထိုအထဲတွင် ဆရာစံက ပိုနေသည်။ တကယ်တော့ ဆရာစံသည် လယ်သမားတစ်ဦး ဖြစ်ခဲ့၍ လယ်သမားများ၏ဘဝကို ကောင်းစွာသဘောပေါက် နားလည်သည်။ လယ်သမားများသည် ရာသီဥတုကို အမှီပြုနေရသည်။ ရာသီဥတု မကောင်းလျှင် ၄င်းတို့၏ ဘဝသည် အခက်အခဲများစွာနှင့် ရင်ဆိုင်နေကြရသည်။ ဒီကြားထဲ အရင်းရှင်နှင့်အစိုးရက ကမောက်ကမ လုပ်လိုက်တော့ ဖြေရှင်းမရသည့် အခက်အခဲများနှင့် ကြုံတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့လူမျိုးတွေ ကောင်းစားဖို့အတွက် နယ်ချဲ့အရင်းရှင်ကို တိုက်ပွဲဝင်ရမယ်"

ဟု ကြံစည်နေသည်။ စိတ်ကူးနေသည်။ တွေးတောနေသည်။ ကြိုးစားအားထုတ်နေသည်။

"ဂျွန်ဆရာစံ ဘာဆိုတာ သင်းတို့ သိစေရမယ်၊ ငါ့လူမျိုးအတွက် အသက်ပေးပြီး တိုက်ပွဲဝင်မယ်၊ ဂျွန်ဆရာစံ လာပြီဟေ့၊ နဂါးကို ဂျွန်ချိုးပြမယ်"

ရဲရင့်သော ကြွေးကြော်သံသည် မြန်မာတစ်ပြည်လုံးကို လွှမ်းမိုးသွားလေသည်။

နဂါးဆိုသည်မှာ အင်္ဂလိပ်နယ်ချဲ့များကို ရည်ရွယ်ခြင်းဖြစ်သလို ဂျွန်သည် တောင်သူလယ်သမားများအတွက် (သို့မဟုတ်) မြန်မာလူမျိုးတို့အတွက် ကိုယ်စားပြုသည်ဟု ကြားဖူးလေသည်။ ဘယ်လိုပင်ဖြစ်ဖြစ် ဆရာစံကတော့ ဂျွန်ကို နာမည်၏ ရှေ့မှတင်၍ အမည်ပေးလိုက်လေသည်။ ဆရာစံသည် လယ်သမားတို့၏ အခက်အခဲများကို နိုင်လုံသော အထောက်အထားများ ရရှိထား၍ နယ်ချဲ့ကို တော်လှန်ရန် ဆုံးဖြတ်ချက်ချလိုက်လာသည်။

ဂျွန်ဆရာစံခေါင်းဆောင်သည့် တောင်သူလယ်သမား အရေးတော်ပုံသည် ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၂)ရက် (၁၂၉၂ ခုနှစ်၊ ပြာသိုလဆန်း (၄)ရက် တနင်္လာနေ့) စတင်ပေါ်ပေါက်လာသလို သာယာဝတီခရိုင်မှ ဖြစ်သည်။ ဂျွန်ဆရာစံသည် မြန်မာတောင်သူလယ်သမားများကို အလွန်ချစ်မြတ်နိုးသည်။ မြန်မာလူမျိုးများအတွက်ဆိုလျှင် အသက်ပေးရဲသည်။ မြန်မာလူမျိုးအတွက် တကယ်ကိုပဲ အသက်ပေးသွားလေသည်။

ထိုအတွက်ကြောင့် လွန်ခဲ့သော နှစ်ပေါင်းရှစ်ဆယ်က ဆရာစံ

www.burmeseclassic.com

www.burmeseclassic.com



သည် ယခုအချိန်ထိ မြန်မာလူမျိုးတို့အတွက် အမှတ်ရစရာ ဖြစ်နေသည်။ အင်္ဂလိပ်နယ်ချဲ့ခေတ်က ဂဠုန်ဆရာစံသည် ၄င်းတို့အတွက် အကြီးမားဆုံး ရန်သူဟု သတ်မှတ်၍ ဂဠုန်ဆရာစံကို အပြတ်ရှင်းပစ်ရန် ဆန္ဒရှိသလို ဆရာစံနှင့် ပတ်သက်သူအားလုံးကိုပါ အပြတ်ရှင်းရန် အမိန့်ထုတ်ထား သည်။ နယ်ချဲ့တို့ ဘယ်လိုပင် သတ်မှတ်ကြပေမယ့် ဂဠုန်ဆရာစံသည် မြန်မာလူမျိုးတို့အတွက် အာဇာနည်သူရဲကောင်းတစ်ဦးဖြစ်သလို မြန်မာ ရာဇဝင် သူရဲကောင်းများ စာရင်းတွင် ဂဠုန်ဆရာစံကို မေ့ထားခဲ့၍ မရအောင် မှတ်တမ်းဝင်ခဲ့လေသည်။

အလားတူ အင်္ဂလိပ်နယ်ချဲ့များကလည်း မြန်မာပြည်ရှိ တောင်သူ လယ်သမားများကို ဘယ်လိုနှိပ်စက်သည်ဆိုကာ အကျယ်ချဲ့ ရေးသားရန် လိုအပ်မည်ဟု မထင်ပေ။ အကြောင်းမှာ ရေးသားရင်းနှင့် အဖြေများ ထွက်ပေါ်လာမည်ဆိုတာကို ဆက်လက်လေ့လာကြစေလိုပါသည်။

တောင်သူလယ်သမား အရေးတော်ပုံ ဖြစ်ပေါ်လာရသည့် အကြောင်းအရင်းသည် အင်္ဂလိပ်အစိုးရနှင့် ပြည့်လက်ဝေခံများ၊ လူမျိုးခြား အရင်းရှင်တို့ကြောင့် ဖြစ်သည်။ (အရေးတော်ပုံဟု ရှေ့ကအတိုင်း တင်ပြ သတ်မှတ်ချင်ပေမယ့် လက်တွေ့မှာ အရေးတော်ပုံမဟုတ် ကျွန်ဘဝ လွတ်မြောက်ရေးအတွက် ဖြစ်သည်) အင်္ဂလိပ်တို့၏ နှိပ်စက်မှုကို ခေါင်းငုံ့ မခံနိုင်၍ စတင်ဖြစ်ပွားလာခြင်း ဖြစ်သည်။ တောနေတောင်သူ လယ် သမားတို့ စားရမဲ့ သောက်ရမဲ့ဘဝနှင့် ပြဿနာအမျိုးမျိုးနှင့် ရင်ဆိုင် နေရစဉ် မြို့နေလူတန်းစားတို့၏ အခြေအနေမှာလည်း တစ်နေ့တခြား ဆိုးဝါးလာလေသည်။

၁၉၁၀ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ကမ္ဘာ့စီးပွားပျက်သည် လယ်သမားအနည်းငယ်နှင့် လခစားအနည်းငယ်ကိုသာ ထိခိုက်စေခဲ့ သော်လည်း ၁၉၂၀ ခုနှစ်တွင် ဆိုက်ရောက်ခဲ့သော စီးပွားရေး အကျပ်

www.burmeseclassic.com

www.burmeseclassic.com



အတည်းက အလုပ်သမားနှင့် လခစားများကိုပါ အကြီးအကျယ် ထိခိုက်စေသည်။ ၄င်းထိခိုက်နစ်နာသူဦးရေ များလာသည်နှင့်အမျှ တိုင်းပြည်တွင် လှုပ်ရှားမှုများ ပြင်းထန်လာလေသည်။ ၁၉၂၀ ခုနှစ် တွင် ကျောင်းသားအရေးတော်ပုံကြီး ဖြစ်ပွားပြီးနောက် အလုပ်သမား အရေးတော်ပုံကြီးလည်း ဖြစ်ပွားခဲ့သည်။

အလားတူ ၁၉၂၁ ခုနှစ်တွင် စတီးဘရားသားကုမ္ပဏီ ဂလုတ်ဘရားသားကုမ္ပဏီ အယ်လာမင်အာရီကင်ကုမ္ပဏီနှင့် အင်ဂလိုဘားမားကုမ္ပဏီ အစရှိသော ဗြိတိသျှအရင်းရှင်ကုမ္ပဏီကြီးလေးခု စုစုပေါင်းဖွဲ့စည်းထားသော ဘူလင်ဂျာပူး(လ်)ခေါ် ဆန်စပါး လက်ဝါးကြီးအုပ်ကုမ္ပဏီများ၏ ချယ်လှယ်မှုကြောင့် တောင်သူလယ်သမား ဆင်းရဲသားများ ဆင်းရဲတွင်း နက်သည်ထက် နည်းလာသည့်အပြင် တိုင်းရင်းသား စက်ပိုင်ရှင်ကလေးများမှာလည်း စီးပွားရေးပျက်နေရသည်။

ထိုအတွက် ဟုမ္မရူးသော်လည်းကောင်း၊ ဒိုမီနီယံအုပ်ချုပ်ရေးသော်လည်းကောင်း တောင်းဆိုချက်များရပါက တကယ်ပင် သက်သာချောင်ချိမှုများ ရှိလာလိမ့်မည်ဟု ယူဆကြပြီး တောင်းဆိုမှုများ ပြုလုပ်လာကုန်ကြသည်။ ဗြိတိသျှအစိုးရသည်လည်း ပြည်သူတို့ အုံကြွတောင်းဆိုနေကြသော အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများကို တစ်စိတ်တစ်ဒေသအားဖြင့် တစ်ဆင့်ပြီးတစ်ဆင့် မလွှဲသာဘဲ လိုက်လျောနေရသည်။

၁၉၂၅ ခုနှစ်၌ အနယ်နယ်တွင် 'ဘူး'အသင်းများ ပေါ်ပေါက်လာ၍ ဗြိတိသျှအစိုးရအား အသိအမှတ်မပြုရေး၊ အခွန်မပေးရေး အစရှိသော လူတန်းစာတိုက်ပွဲများ အပြင်းအထန် ဆင်နွှဲလာကြရာ အစိုးရက နှိပ်ကွပ်ပစ်လိုက်သောကြောင့် ယာယီနောက်ဆုတ်သွားကြလေသည်။ ၁၉၂၆ ခုနှစ်တွင် မိတ္ထီလာခရိုင်နှင့် သာယာဝတီခရိုင်တို့၌ အခွန်တော်မပေးရေး တိုက်ပွဲများ ပေါ်ပေါက်လာခဲ့သည်။ ဆရာတော်ဦးဝိစာရသည်

www.burmeseclassic.com

www.burmeseclassic.com



အခွန်တော်စည်းကြပ်ရေးစီမံကိန်းကို တိုက်ဖျက်ရေးအတွက် လယ်သမားလူတန်းစားကို လှုံ့ဆော်သိမ်းသွင်း စည်းရုံးခဲ့သည်။

၁၉၂၇ ခုနှစ်တွင် အိန္ဒိယပြည် မဒရပ်မြို့၌ ကျင်းပသော ကွန်ဂရက်ပါတီ အစည်းအဝေးသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသော ဆရာတော်ဦးဥတ္တမသည် အောက်မြန်မာပြည်တစ်လျှောက် လှည့်လည်၍ လူခွန်တော်မပေးရေး လှုံ့ဆော်ပွဲများ ပြုလုပ်လျက် ရှိလေသည်။ အလားတူ အင်္ဂလိပ်အစိုးရကို အခြားနည်းမျိုးစုံတို့ဖြင့် တော်လှန်မှုများ ပြုလုပ်သည်ကို မကြာခဏ တွေ့ရှိရသည်။ အလားတူ ၁၉၂၇/၂၈ နှစ်တွင် ဗုဒ္ဓက ရသေ့၏ ပုန်ကန်မှုများ ဖြစ်ပေါ်ခဲ့သေးသည်။

ထိုနှစ်မှာပင် ပဲခူးတိုင်း အချို့ခရိုင်များ၌ ပုန်ကန်ထကြွမှုများလည်း မကြာခဏ ဖြစ်ပေါ်ခဲ့သည်။ ၎င်းဒေသများ၌ ကြိုးကိုင်အုပ်ချုပ်မှု ပြန်လည်ရရှိရေးအတွက် စစ်ပုလိပ်များ ပို့လွှတ်၍ လပေါင်း အတော်ကြာအောင် နှိပ်ကွပ်ခဲ့ရသည်။ ၁၉၃၀ ခုနှစ်တွင် ဗြိတိသျှဆန့်ကျင်ရေး အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုအဖြစ် ဦးဆောင်ခဲ့သော ဂျီစီဘီအေ ဝံသာနုအသင်းကြီးမှ အယူဝါဒအရလည်းကောင်း၊ စည်းရုံးရေးအရလည်းကောင်း ပြိုကွဲပျက်စီးလျက်ရှိနေသည်။ ဦးစိုးသိမ်းခေါင်းဆောင်သော ဂျီစီဘီအေသည် ၁၉၂၉ ခုနှစ်တွင် တိုင်းပြည်၏ ကိုယ်စားလှယ် မဟုတ်သော အမတ်များ၏ ဆုံးဖြတ်ချက်ကို ခံယူပြီး ဗြိတိသျှအစိုးရသည် တိုင်းပြည်၏ ဆန္ဒကို ဆန့်ကျင်လုပ်ဆောင်ခဲ့လျှင် အရပ်ရပ် အခွန်တော်ပေးခြင်းမှ ရပ်စဲရန် ဆုံးဖြတ်ခဲ့သည်။

ထိုအချိန်တွင် စပါးဈေးနိမ့်ကျ၍ စီးပွားရေး အလွန်ကြပ်တည်းနေသည်။ တောင်သူလယ်သမားတို့ထံမှ အစိုးရသည် အခွန်တော်များကို မရအရ အဓမ္မကောက်ခံလျက်ရှိသည်။ ဝံသာနုအသင်းများ၏ လှုံ့ဆော်စည်းရုံးမှုကြောင့် အချို့ခရိုင်များတွင် အခွန်မပေးဘဲ ငြင်းဆန်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အစိုးရက နယ်ပုလိပ်၊ စစ်ပုလိပ်တို့ အကူအညီဖြင့် ရိုက်နှက်ညှဥ်းပန်းခြင်း၊ ပစ္စည်းဥစ္စာများကို သိမ်းယူခြင်း၊ ဖျက်ဆီးပစ်ခြင်း စသည်များကို ပြုလုပ်ကြခြင်းနှင့် အမှုဖွင့် နှိပ်စက်ကြသည်။ တောင်သူလယ်သမားတို့သည် 'လိပ်ကို အခွံခွာမည်' ဟူသော သန္နိဋ္ဌာန်ဖြင့် အစိုးရအား အခွန်မပေးဘဲ ငြင်းဆန်ကြသည်။

အင်္ဂလိပ်နယ်ချဲ့တို့၏ လုပ်ရပ်များကို သိရှိရသဖြင့် ဦးစိုးသိမ်း ဂျီစီဘီအေ အလုပ်အမှုဆောင်အဖွဲ့သည် အမှုဆောင်တစ်ဦးဖြစ်သူ ဆရာစံအား မြန်မာပြည်အရပ်ရပ်တွင် ဖြစ်ပွားလျက်ရှိသော လူအခွန် ပြဿနာ၊ လယ်ယာကြွေးမြီးများ ပြဿနာ၊ လွတ်လပ်စွာ သစ်ဝါးခုတ်ခွင့် ပိတ်ပင်မှု ပြဿနာ စသော ပြဿနာများနှင့်စပ်လျဥ်း၍ လူထုတစ်ရပ်လုံး၏ နစ်နာချက်များကို လေ့လာပြီး ဂျီစီဘီအေ ကောင်စီချုပ်သို့ အစီရင်ခံရန် တာဝန်ပေးအပ်လိုက်သည်။

ဆရာစံသည် (၁)သာယာဝတီခရိုင် (၂)ဖျာပုံခရိုင် (၃)ပြည်ခရိုင် (၄)ကသာ (၅)ရွှေဘိုခရိုင် (၆)မုံရွာခရိုင် (၇)သရက်ခရိုင် (၈)အင်းစိန်ခရိုင်များ အတွင်းရှိ မြို့နယ်ကျေးရွာများသို့ လာရောက်စုံစမ်းလေ့လာမှုများ ပြုလုပ်လေသည်။ အခွန်တော်များနှင့် ပတ်သက်၍ နယ်ဘက်စစ်ဘက် အရာရှိများက နိုင်ငံထက် ပြုလုပ်ကောက်ခံမှုများကို တစ်ခုလျှင် စာတွဲတစ်ခုစီ ဖွင့်လှစ်၍ သက်သေခြောက်ယောက်အထိ စစ်ဆေးမှတ်သားခဲ့ရာ စာတွဲစုစုပေါင်း '၁၇၀' မျှ ရရှိခဲ့လေသည်။

ဆရာစံသည် အင်္ဂလိပ်နယ်ချဲ့တို့၏ လုပ်ရပ်ကို မကျေနပ်သလို စစ်ဆေးတွေ့ရှိချက်များ မှတ်တမ်းရေးခဲ့ရာ စာမျက်နှာပေါင်း ၃၀၀ ကျော် ပါရှိသည့် ဖိုင်တွဲတစ်တွဲ တွေ့ရှိရသည်။ အလားတူ ဆရာစံသည် အင်္ဂလိပ် အရာရှိများထံ အပိုဒ် ၇ ခွဲပြီး အစီရင်ခံစာ ရေးသားပေးပို့ခဲ့သည့် ငြင်းပေးပို့ချက် ၇ ချက်တွင် တောင်းဆိုမှု နှစ်ချက်ပါ ရေးသားထားသည်။

www.burmeseclassic.com

www.burmeseclassic.com




ငှင်းတို့က လက်မခံဘဲ ပယ်ချလိုက်သည်။ အလားတူ ဂျီစီဘီအေ ဦးစိုးသိမ်းနှင့်လည်း အဆက်အသွယ် ပြတ်တောက်သွားသည်။ ဆရာစံသည် အကြမ်းမဖက်သောနည်း၊ အကြမ်းဖက်သောနည်းကို အသုံးပြုရန် လက်နက်ကိုင် တော်လှန် ပုန်ကန်မှုအတွက် လျှို့ဝှက်စွာဖြင့်ပင် စည်းရုံးနေသည်။ ဆရာစံ၏ လျှို့ဝှက် လုပ်ဆောင်ချက်များကို အင်္ဂလိပ်နယ်ချဲ့တို့ မသိအောင် ဖြစ်နေရပေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com






ဂျွန့်တပ်ဖွဲ့ဝင်များ တိုက်ပွဲတွင် အသုံးပြုသည့် မောင်းသေနတ်များနှင့် လက်နက်များ

www.burmeseclassic.com

www.burmeseclassic.com





ဟသ်ာတထောင်အတွင်း ဂဠုန်တပ်ဖွဲ့ဝင်များအား ကြိုးပေးစီရင်ခဲ့သောကြိုးစင်
(ယခု အမိုးမရှိတော့ပြီ)



ဟသ်ာတခရိုင် ဂဠုန်တပ်ဖွဲ့ဝင်များအား ဖမ်းဆီးရမိပြီးနောက် အမှုစစ်ဆေးခဲ့သည့်
နေရာဖြစ်သော ဟသ်ာတထောင်ရှေ့မှ အဆောက်အဦ

www.burmeseclassic.com

www.burmeseclassic.com



မိုးခေါင်ရေရှားသဖြင့်
တောင်သူလယ်သမားတို့
အလွန်ဆင်းရဲခြင်းများစွာဖြင့်
လုပ်ကိုင်စားသောက်ကြရသည်။
ငှင်းကြောင့်
ဦးရာကျော် (ခေါ်)
ဆရာစံသည်

www.burmeseclassic.com

www.burmeseclassic.com

# ဆရာစံ၏ဘဝ

ဆရာစံသည် ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ သရက်ကန်အရှေ့ရွာ ဇာတိဖြစ်ပြီး တောင်သူလယ်သမားကြီး ဦးကျေး၊ ဒေါ်ဖက်တို့မှ ၁၈၇၆ ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက် (၁၂၃၈ ခုနှစ်၊ တန်ဆောင် မုန်းလဆန်း (၈)ရက် အင်္ဂါနေ့)တွင် မွေးဖွားပြီး သားသမီးငါးယောက်အနက် အငယ်ဆုံး ဖြစ်သည်။

မှတ်ချက်။ ။ ဆရာစံ၏ ဇာတိသည် ကျိုက္ကမီမြို့နယ်၊ ကမာမိုရွာဟု ရေးသူအချို့ ရှိသည်။ ရွှေဘိုခရိုင်၊ သရက်ကန် အရှေ့ကျေးရွာဟု ရေးသည်ကိုလည်း တွေ့ရှိရပါသည်။ ထို့အပြင် ဆရာစံသည် ရွှေဘိုခရိုင်၊ မြင်းဝန်ရွာဇာတိ ဖြစ်သည်ဆိုသည့် အရေးအသားကိုလည်း ဖတ်ရှုလေ့လာမိသည်။ ဆရာစံ၏ မိဘအမည်ကိုလည်း ဦးမြင့်စန်း၊ ဒေါ်ခင်၊ ဦးကျေး၊ ဒေါ်ဖက်၊ ဦးကျော် + ဒေါ်ဖက်၊ ဦးကျေး၊ ဒေါ်မျှင်ဟူ၍ ၄ မျိုး ကွဲပြားနေသည်ကို လေ့လာတွေ့ရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးကျေးမှာ သရက်ကန် အရှေ့ဇာတိဖြစ်ပြီး ဒေါ်ဖက်မှာ မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ ကန့်ဖြူဇာတိ ဖြစ်သည်။ အရာတော်မြို့နယ်တွင် မိုးခေါင်ရေရှားသဖြင့် ယာလုပ်ငန်းများ ပျက်ပြားသောကြောင့် ဒေါ်ဖက်၏ မိဘများသည် သရက်ကန်ကျေးရွာသို့ ပြောင်းရွှေ့လာရာတွင် ဦးကျေးနှင့် ဒေါ်ဖက် တွေ့ရှိအကြောင်းပါခြင်း ဖြစ်သည်။ ဦးကျေးနှင့် ဒေါ်ဖက်တို့၏ သားသမီးငါးယောက်မှာ (၁)ဦးရာကြူး (၂)ဦးရာဒန် (၃)ဒေါ်အေးမြင့် (၄)ဒေါ်အေးဆင့် (၅)ဦးရာကျော် (၆) ဆရာစံ မောင်စံရှားတို့ ဖြစ်သည်။

**သားကြီး ဦးရာကြူး**သည် တစ်ရွာတည်းနေ ဒေါ်မင်းသူနှင့် အကြောင်းပါ၍ ဦးဘိုးဖုံ အမည်ရှိသော သားတစ်ယောက် ဖွားမြင်ခဲ့သည်။ ဦးရာကြူးသည် မြန်မာဘုရင်၏ တပ်ဗိုလ်ဦးလှဦး၏ တပ်တွင်း ရဲထွက်ရဲခုတ် တပ်သားအဖြစ် အမှုထမ်းခဲ့သည်။ ရဲထွက်ရဲခုတ် ဆိုသည်မှာ အင်္ဂလိပ်မျက်နှာဖြူတပ်များကို ရဲဝံ့စွာ ဝင်ရောက်တိုက်ခိုက် ထိုးခုတ်ဝံ့သူများရှိလျှင် ထွက်ကြဟု ရွာစင်လျှောက်၍ ကြွေးကြော် စုဆောင်းရာတွင် ပြောင်မြောက်သော သတ္တိဖြင့် လိုက်ပါသွားသူကို ဆိုလိုပါသည်။

ဦးရာကြူးသည် ဤသို့ ကြွေးကြော် စုဆောင်းရာ၌ ဗိုလ်လှဦးတပ်နှင့် လိုက်ပါသွားပြီး ရွှံ့ရွှံ့ချွန်ချွန် တိုက်ခိုက်ခဲ့သူ ဖြစ်သည်။ မုံရွာခရိုင် အရာတော်မြို့နယ် ဝါးတောရွာမကျောင်းတိုက် ဇရပ်ပေါ်တွင် တပ်စခန်းချနေသော အင်္ဂလိပ် မျက်နှာဖြူတပ်များကို ဇရပ်ဆောင်ဝင်၍ လှံနှင့်ထိုးရာ အင်္ဂလိပ်မျက်နှာဖြူ တပ်သားတစ်ဦး ကျဆုံးခဲ့လေသည်။

သူနှင့်အတူ ပါလာသော ရဲခုတ်တပ်သားများကလည်း ဝင်ရောက်ထိုးခုတ်ကြရာ အင်္ဂလိပ်တပ်သားများက သေနတ်များဖြင့် ပြန်လည်ပစ်ခတ်သောကြောင့် ဦးရာကြူး၏ ဒူးကောက်ကွေးတွင် သေနတ်ဒဏ်ရာရရှိသဖြင့် သူ၏ တပ်သားများက သရက်ကန်အရှေ့ရွာသို့ ထမ်းပိုးယူဆောင်လာခဲ့ပြီး ကုသသော်လည်း ၄င်းဒဏ်ရာနှင့်ပင် ကွယ်လွန်သွားလေသည်။ ဦးရာကြူး

www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်သောအခါ ၄င်း၏ အသက်အရွယ်မှာ ၂၅ နှင့် ၃၀ ကြားတွင် ရှိသေသည်။

**ဒုတိယသား** ဦးရာဒန်သည် မစိုးရိမ်ရွာသူ ဒေါ်ရေချမ်းနှင့် အကြောင်းပါခဲ့ပြီး သားသမီးခြောက်ယောက် ထွန်းကားခဲ့သည်။ ဦးရာဒန်သည် တောင်သူအဖြစ်လုပ်ကိုင်ရင်း အသက် (၅၀)တွင် သရက်ကန်ရွာ၌ ကွယ်လွန်သွားသည်။

**တတိယသမီး** ဒေါ်အေးမြင့်သည် တစ်ရွာတည်းနေ ဦးဘိုးသန့်နှင့် အကြောင်းပါ၍ သားသမီးငါးယောက် ထွန်းကားခဲ့သည့်အနက် ၁၂၅၄ ခုနှစ်တွင် မွေးဖွားခဲ့သော အကြီးဆုံးသမီး မစောမယ်နှင့် သရက်ကန်ရွာတွင် အတူနေထိုင်ရင်း အသက် ၉၀ ကျော်တွင် ကွယ်လွန်သွားသည်။ ဒေါ်အေးမြင့်၏ခင်ပွန်း ဦးဘိုးသန့်မှာ အသက် ၄၀ အရွယ်တွင် ကွယ်လွန်သွားခဲ့သည်။

**စတုတ္ထသမီး** ဒေါ်အေးဆင့်သည် မြင်းသူကြီးရွာသား ဦးစံပိတ်နှင့် အကြောင်းပါ၍ မောင်ဆေးဆုံအမည်ရှိသော သားတစ်ဦး မွေးဖွားခဲ့ရာ မောင်ဆေးဆုံသည် ဂျပန်ခေတ်တွင် အသက် ၄၀ အရွယ်၌ ပိုးထိ၍ သေဆုံးသွားသည်။

ဦးရာကျော်ခေါ် ဆရာစံသည် ငယ်စဉ်က ဦးသုရိယ အုတ်ကျောင်းတွင် စာပေပညာများကို သင်ကြားခဲ့ရာ လင်္ကာကဗျာများကိုလည်း တတ်ကျွမ်းသည်။ ထို့နောက် မြင်းသူကြီးရွာ ဘိုးမှူးကျောင်းတွင် ဆက်လက်ပညာသင်ကြားပြီး အသက် ၁၉၊ ၂၀ ခန့်တွင် ကျောင်းမှထွက်ခဲ့သည်။ ထိုအခါ ယင်းဒေသတစ်ဝိုက်တွင် မိုးခေါင်ရေရှားသဖြင့် တောင်သူလယ်သမားတို့ အလွန်ဆင်းရဲခြင်းများစွာဖြင့် လုပ်ကိုင်စားသောက်ကြရသည်။ ၎င်းကြောင့် ဦးရာကျော် (ခ) ဆရာစံသည် နှီးခွေဖျာနှင့် ထန်းခေါက်တောင်းများ ရောင်းမည် ဆုံးဖြတ်ချက်နှင့် အသက် ၂၀ ကျော်

www.burmeseclassic.com

www.burmeseclassic.com



တွင် ရွာမှ ထွက်ခဲ့သည်။

ဆရာစံသည် ဖြူးမြို့နယ် ငါးခေါင်းအင်းရွာသို့ ရောက်ရှိ၍ မကြာမီ မိမိကဲ့သို့ ဇာတိဒေသ၏ မိုးခေါင်ရေရှားသောဒဏ်ကို မခံနိုင်သဖြင့် ယာဉ်ခြင်းရွာမှ ငါးခေါင်းအင်းကျေးရွာသို့ ရောက်ရှိလာသော ဒေါ်ကေနှင့် တွေ့ဆုံအကြောင်းပါကြပြီးနောက် မစိန်နှင့် ကိုဘိုးသင်း အမည်ရှိသော သားသမီးနှစ်ယောက် ရရှိခဲ့လေသည်။

၄င်းတို့မိသားစုသည် လယ်ယာလုပ်ငန်းကို လုပ်ကိုင်စားသောက်လျက်ရှိစဉ် ဆရာစံသည် မော်လမြိုင်ဘက်ကို ထွက်ခွာသွားလေသည်။ ဇနီးဖြစ်သူ ဒေါ်ကေနှင့် သားသမီးနှစ်ယောက်သည် ခေါင်းရွက်ဈေးသည်ဘဝနှင့်ပင် ငါးခေါင်းအင်းကျေးရွာတွင် လုပ်ကိုင်စားသောက်ရင်း ဆရာစံကိုသာ စောင့်မျှော်နေကြသည်။ ဆရာစံကတော့ ဇာတာဖွဲ့လုပ်ငန်းနှင့် ဗေဒင်ဟောခြင်း၊ လယ်သမားများ စိတ်ဓာတ်မကျစေဘဲ အင်္ဂလိပ်နယ်ချဲ့ကို တွန်းလှန်ကြရန် အဆင်သင့် ပြင်ဆင်ထားကြဖို့ တိုက်တွန်းအားပေးရင်း တစ်ရပ်တစ်ကျေးတွင် နေထိုင်တော့မည်ဟု ဇနီးဖြစ်သူ ဒေါ်ကေအား နောက်အိမ်ထောင်ပြုလိုက ပြုရန် ခွင့်လွှတ်ကြောင်း စာဖြင့် အကြောင်းကြားသော်လည်း ဆရာစံကိုပင် စောင့်မျှော်၍ ငါးခေါင်းအင်းရွာမှာပင် လုပ်ကိုင်စားသောက်လျက်ရှိသည်။

ဆရာစံ၏သမီး မစိန်သည် အရွယ်ရောက်လာသောအခါ ယာဉ်ခြင်းရွာမှာပင် မိမိကဲ့သို့ ပြောင်းရွှေ့လာကြသော ဦးညွှာ ဒေါ်ရွှေဝါတို့၏ သား ကိုဘရှင်နှင့် အကြောင်းပါသည်။ တတိယသား မောင်ကုလား အခါလည်သားခန့်အရွယ်၌ ငါးခေါင်းအင်းရွာသူကြီး ဦးစံပေါ်၏ အကူအညီဖြင့် ဖခင်ရှိရာ မော်လမြိုင်ခရိုင် ဘီလူးကျွန်းမြို့နယ် ကမာမိုးရွာသို့ လိုက်ပါသွားခဲ့လေသည်။

ရွာအဝင်၌ ဖခင်ဆရာစံသည် အိမ်ဆောက်လုပ်ရာတွင် လယ်

www.burmeseclassic.com

www.burmeseclassic.com



သမားအလုပ် လုပ်ကိုင်နေသည်ကို တွေ့ရပြီး ဖခင် နေထိုင်ရာ ဒေါ်ခင်၏ နေအိမ်တွင် ၁၅ ရက်ခန့် အတူနေထိုင်ခဲ့လေသည်။ ထိုရွာမှ ပြန်လာသော အခါ ဆရာစံက သုံးလိုကသုံးရန် ငွေတစ်ရာကျပ် ပေးလိုက်ပြီး မိမိအား တွေ့လိုက သုံးလေးရက်ကြာလျှင် ဖြူးမြို့ကို လာမည်ဖြစ်၍ လာရောက် စောင့်နေရန် မှာကြားလိုက်လေသည်။

ဒေါ်စိန် ငါးခေါင်းအင်းရွာသို့ ရောက်ရှိပြီးနောက် စောင့်ဆိုင်းကြိုဆို နေရာ တွေ့ရှိပြီး ဖြူးမြို့တွင်းရှိ ဦးပြည်မောင်မောင်၏တိုက်သို့ လိုက်ပါ သွားခဲ့လေသည်။ ထိုအချိန် က ဦးပြည်မောင်မောင်၏တိုက်တွင် ဆရာစံနှင့် အတူ သာယာဝတီ မောင်မောင်နှင့်လည်း တွေ့ရသည်။


ငှင်းညတွင် ဂုဏ်မွှာရုံကြီး၌ မိမိဖခင် ဆရာစံတရားဟော သည်ကို နားထောင်လိုသော်လည်း သားငယ် မောင်ကုလား ပါမလာသဖြင့် ဖခင်ကိုနှုတ်ဆက်ပြီး ရွာကိုပြန်ခဲ့ရသည်။ ထိုအကြိမ်သည် ဒေါ်စိန်အဖို့ ဖခင်ဆရာစံအား နောက်ဆုံးတွေ့လိုက်ရခြင်းဖြစ်သည်။ ဆရာစံနှင့် သမီး ဒေါ်စိန်တို့ နောက်ဆုံးတွေ့ဆုံကြစဉ်အခါက ဆရာစံသည် သူပုန်ထရန် အတွက် လျှို့ဝှက်စည်းရုံးမှုများကို လုပ်ကိုင်နေခြင်း ဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com






ဂဠုန်တပ်ဖွဲ့ အသုံးပြုသည့် ကြေးဝါမောင်း၊ ဆေးထိုးစုတ်၊ ဆေးပုလင်းများနှင့် လက်ဖွဲ့ကြိုးများ။

www.burmeseclassic.com

www.burmeseclassic.com





ဆရာစံအား ချုပ်နှောင်ထားခဲ့သည်ဟု သိရှိရသော သာယာဝတီထောင်အဆောင်၊
ကြိုးတိုက်အခန်းနေရာ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ ယှဉ်နွဲ့မယ့်
တိုက်ပွဲတာ
လွယ်ကူတဲ့တိုက်ပွဲမျိုး
မတုတ်။
နယ်ချဲ့အရင်းရှင်အစိုးရကို
တိုက်ရမယ့်တိုက်ပွဲ…
ဒီတိုက်ပွဲတာ
တစ်ဦးကောင်း တစ်ယောက်ကောင်း
လုပ်လို့မရဘူး။
အားလုံး…။

www.burmeseclassic.com

www.burmeseclassic.com

## တောင်သူလယ်သမားခေါင်းဆောင် ဆရာစံ

သာယာဝတီခရိုင်ကို ဆရာစံ ရောက်လာသည့်အချိန်တွင် တောင်သူလယ်သမားလူထုတစ်ရပ်လုံး ဖိနှိပ်ချုပ်ချယ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်နေရသည့်အချိန်ဖြစ်သည်။ စပါးဈေးကျဆင်းသောကြောင့် စီးပွားရေးအကြပ်အတည်းများရှိနေ၍ တင်ရှိနေသည့် ကြွေးမြီများနှင့် မိုးရာသီက ချေးယူထားသော ကြွေးများကို ပြေလည်အောင် မြန်မဆပ်နိုင်အောင် ဖြစ်နေကြသည်။ ထိုသို့ဖြစ်နေစဉ် အင်္ဂလိပ်နယ်ချဲ့ အစိုးရှင်များက ဖမ်းဆီးခြင်း၊ ရိုက်နှက်ခြင်း၊ ပစ္စည်းများကို သိမ်းဆည်းခြင်း လေလံတင်ရောင်းချခြင်းများ ပြုလုပ်ကြသည်။

၁၉၂၉-၃၀ ခုနှစ်က အခွန်မပေးသဖြင့် အကြမ်းနည်းဖြင့် ကောက်ခံခြင်းခံရသော ကျေးရွာများမှာ သာယာဝတီမြို့နယ်ရှိ စီးနှစ်ခွ၊ ဖိမ်ဇာ၊ စမ်းတွင်း၊ အင်းကောက်၊ ရေတိုက်၊ ရွာသစ်၊ ကရင်စုနှင့် ကြက်ဆူတောင်တို့ဖြစ်သည်။ ၎င်းရွာများမှ တောင်သူလယ်သမား အိမ်ထောင်စု (၁၁၁) ဦးတို့ပေးရန်ရှိသော လူခွန်တော် ၅၃၂ ကျပ် ၈ ပဲအတွက် ပစ္စည်းများကို သိမ်းယူပြီး လေလံပစ်ခဲ့ရာ ၂၁၀၉ ကျပ် ၈ ပဲ ရရှိခဲ့သည်။ ဘယ်လိုပင်ဖြစ်စေ မြန်မာပြည်သူများအတွက် အလွန်နစ်နာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဆရာစံသည် သာယာဝတီခရိုင် သာယာဝတီမြို့နယ် အင်းရွာအနီး၊ မန်ကျည်းကုန်းကျောင်းတွင် နေထိုင်လျက် တော်လှန်ပုန်ကန် အရေးတော်ပုံအတွက် စည်းရုံးရေးများပြုလုပ်နေသည်။ တောင်သူလယ်သမားများသည် စီးပွားရေးကြပ်တည်းမှုနှင့် နယ်ချဲ့အစိုးရ၏ အမျိုးမျိုး ညှင်းပန်းနှိပ်စက်မှုကို မခံနိုင်သည့်အတွက် လက်နက်ကိုင်တော်လှန်ရန် နည်းလမ်းအသွယ်သွယ် ရှာကြံနေကြသည်။ ဆရာစံ ဦးဆောင်မှုကို နှစ်သက်၍ အင်္ဂလိပ်နယ်ချဲ့ကို တော်လှန်ရန် ဆုံးဖြတ်လိုက်ကြသည်။

ဆရာစံသည် မန်ကျည်းကုန်းဘုန်းတော်ကြီးကျောင်းတွင် အဂ္ဂိရက်ထိုးရင်း တောင်သူလယ်သမားများကို စည်းရုံးလေသည်။ စစ်ရေးအတွက် ဂဠုန်တပ်ဖွဲ့များ ဖွဲ့စည်းပြီးလျှင် တပ်သားတို့၏ လက်မောင်းပုခုံး စသည်တို့တွင် 'က' ဂဠုန် 'ခ' ဂဠုန်ဟူ၍ အမှတ်အသားများကို ရေးထိုးပေးသည်။ 'က' ဂဠုန်သည် ရှေ့တန်းမှ တိုက်ခိုက်ရသည်။ 'ခ' ဂဠုန်သည် နောက်ပိုင်းမှ စားနပ်ရိက္ခာများ စုဆောင်းခြင်း၊ ရှေ့တန်းတွင် လိုအပ်လျှင် ကူညီမှုများ ပေးခြင်းတို့ ဖြစ်သည်။

"အခု ကျုပ်တို့ယှဉ်နွှဲမယ့် တိုက်ပွဲဟာ လွယ်ကူတဲ့ တိုက်ပွဲမျိုး မဟုတ်ဘူး၊ နယ်ချဲ့အရင်းရှင်အစိုးရကို တိုက်ရမယ့် တိုက်ပွဲပဲ၊ ဒီတိုက်ပွဲဟာ တစ်ဦးကောင်း တစ်ယောက်ကောင်း လုပ်လို့မရဘူး၊ အားလုံး ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနဲ့ နေထိုင်ပြီး တိုက်ပွဲဝင်ကြပါ။ ရဲဘော်အချင်းချင်း နားလည်မှု အပြန်အလှန်ထားပြီး ကူညီစောင့်ရှောက်ပေးကြပါ"

"ခ-ဂဠုန်တပ်သားများကလည်း ကျန်ရစ်ခဲ့တဲ့ မိသားစုများကို ကိုယ့်အဖေအမေ အစ်မ နှမ ညီအစ်ကိုအရင်းတွေလို သဘောထားပြီး ကူညီစောင့်ရှောက်ကြပါ၊ ရှေ့တန်းမှာ တိုက်ပွဲဝင်နေသူများအတွက် နောက်တန်းက မည်သည့်ပြဿနာမှ မရှိအောင် ကြိုးစားထားကြပါ။ ကံငါးပါးကို

www.burmeseclassic.com

www.burmeseclassic.com



ထိန်းသိမ်းပါ၊ ဘယ်လိုအရာကိုမှ ပေါ့ပေါ့ဆဆ မလုပ်ကြပါနဲ့၊ အားလုံး လေးလေးနက်နက် ဆောင်ရွက်ကြပါ၊ အထက်လူကြီးတွေရဲ့ စကားကို အဆင့်ဆင့်ဂရုစိုက် နားထောင်ပြီး လုပ်ဆောင်ကြပါလို့ တိုက်တွန်းချင်ပါတယ်''

ဟု ပြောဆိုလိုက်လေသည်။ ဆရာစံ၏ စကားကို လက်ခံလိုက်နာကြလေသည်။ ဆရာစံသည် ၄င်း၏လုပ်ရပ် အောင်မြင်ရန်အတွက် အစွမ်းကုန် ကြိုးစားနေသည်။ အားလုံးကလည်း ဆရာစံကို အားကိုးသည်။ လေးစားကြသည်။ ဆရာစံ၏ စကားအားလုံးကို လက်ခံနားထောင်နေကြသည်။ ဆရာစံဦးဆောင်သည့် တပ်ဖွဲ့သည့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြလေသည်။

''ငါတို့သည် တိုင်းပြည်နှင့်လူသားများ ကောင်းစားစေရန်အတွက် အသက်ကို ပမာမထား စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်သွားပါမည်။ ငါတို့သည် အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်ပါမည်။ ငါတို့သည် ဘဝတူ တောင်သူလယ်သမားများ ကောင်းစားနေနိုင်ရေးအတွက် နယ်ချဲ့အရင်းရှင်များကို အသက်ပေး၍ တိုက်ပွဲများ ဝင်သွားပါမည်။ တိုက်ပွဲများ အောင်မြင်ရပါစေသား''

ထိုကဲ့သို့ အဓိဋ္ဌာန်ပြုကြသည်။ ဆရာစံခေါင်းဆောင်သည့် တိုက်ပွဲများသည် တိုက်ပွဲဝင်ရန် အသင့်ဖြစ်နေပေမယ့် ဆရာစံက တိုက်ပွဲဝင်ခွင့် မပြုသေးပေ။ ဆရာစံသည် တပ်သားများ စုဆောင်းရေးကို အဓိကထား လျှို့ဝှက်စွာ စုဆောင်းကြရန် တာဝန်ပေး မှာကြားထားလေသည်။

ထို့အတူ ဆရာစံသည် သာယာဝတီခရိုင်နှင့် အင်းစိန်ခရိုင် နယ်စပ်အရှေ့ရှိ တောင်ညိုလေးတွင် ရင်းနှီးသော ခေါင်းဆောင်များနှင့်အတူ ၄၅ ရက် ဥပုသ်စောင့် တရားကျင့်ကြသည်။ ခေါင်းဆောင်များကလည်း ဆရာစံ၏ အပြောအဆိုကို လက်ခံလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခုတိုက်ပွဲကို အခုရောက်ရှိလာတဲ့ ခေါင်းဆောင်တွေက သေချာထွက်ခဲ့ကြပါ။ စည်းစည်းလုံးလုံး စီမံကြပါ။ အမြဲသတိထားကြဖို့ အရေးကြီးတယ်။ စိတ်ဝမ်းကွဲမှုတွေ မဖြစ်ကြဖို့ လိုအပ်တယ်။ နောက်ပြီးတော့ အဖွဲ့ကို အခွင့်ကောင်းယူပြီး သူများသားသမီးကို မနှိပ်စက်မိဖို့ လိုတယ်။ အဓိကအချက်က သမီးပျိုများကို မစော်ကားမိဖို့က အရေးကြီးတယ်။ အဖွဲ့သိက္ခာကျစရာတွေကို မလုပ်မိဖို့ အဖွဲ့ခေါင်းဆောင်များက ထိန်းသိမ်းသလို အောက်လက်ငယ်သားတွေကိုလည်း အထူးသတိထားကြပါ"

ဆရာစံနှင့်အတူ အဓိဋ္ဌာန်ဝင်ကြသည့် ခေါင်းဆောင်များသည် ပြောစကားကို လက်ခံပါမည်ဟု ပြောဆိုကတိပြုကြသည်။ ထိုအချက်များကို လက်ခံလျှင် အောင်ပွဲများရရှိမည်ဟု ယုံကြည်ချက်များနှင့် ပြောဆိုလေသည်။ ၄င်းတိုက်ပွဲသည် အင်္ဂလိပ်နယ်ချဲ့နှင့် အရင်းရှင်များကို တိုက်ခိုက်ခြင်းဖြစ်သည်။ ထိုသို့တိုက်ရသည်မှာ တခြားအကြောင်းမဟုတ်။ တောင်သူလယ်သမားများ ကြုံတွေ့နေရတာတွေကို ဖြေရှင်းပေးသည့် တရားသောတိုက်ပွဲဖြစ်သည်။ ထို့အတွက် မြို့နယ် ကျေးရွာများတွင် နေထိုင်ကြသည့် ပြည်သူများ အထိတ်တလန့် ဖြစ်စေမည့် လုပ်ရပ်များကို ရှောင်ရှားကြရန် လိုအပ်သည်ဟု မှာကြားထားတာတွေလည်း ရှိသည်။

အဓိကအချက်မှာ ဓားပြတိုက်ခြင်း၊ လုယက်ခြင်း၊ အိမ်ပေါ်တက်ပြီး ခြိမ်းခြောက်ခြင်းများဖြစ်သည်။ ဆရာစံသည် ၄၅ ရက် ဥပုသ်ပြီးသည်နှင့် အဖွဲ့များကိုခေါ်ဆောင်၍ အလံတောင်ကို အခြေခံ၍ တပ်စွဲရန်အတွက် နေ့ရက်များကို သတ်မှတ်လိုက်လေသည်။ ဆရာစံ၏ ပြောစကားကို လက်ခံ၍ စုဆောင်းမိသည့် ဂဠုန်တပ်ဖွဲ့များကို သတင်းပို့ စုဆောင်းနေသည်။

၄င်းသတင်းကို ကြားလိုက်ရသည်နှင့် တပ်ဖွဲ့များသည် သတ်မှတ်

www.burmeseclassic.com

www.burmeseclassic.com



ထားသည့်ရက်တွင် အလံတောင်ကို ချီတက်ကြလေသည်။ ၎င်းတပ်ဖွဲ့များ ရောက်ရှိချိန်တွင် ဆရာစံခေါင်းဆောင်သည့် အဖွဲ့များအားလုံး အလံတောင်ကို ရောက်ရှိနေကြသည်။ တက်ရောက်လာကြသည့် တပ်ဖွဲ့များတွင် ဆရာစံကို တွေ့ဖူးသူရှိသလို မတွေ့ဖူးသူများလည်း ရှိကြသည်။

မတွေ့ဖူးသူများက ဆရာစံကို တွေ့လိုက်ရ၍ အလွန်ဝမ်းသာကုန်ကြသည်။ ၎င်းတို့ကို ခေါင်းဆောင်မည့်သူက အလွန်ခန့်ညားသည်ဟု ထင်မှတ်နေကြသည်။ ထိုအတွက်ကြောင့် ဝမ်းသာကုန်ကြသည်။ ဆရာစံသည် ရောက်ရှိလာကြသည့် တက်ရောက်လာကြသည့် ဂဠုန်တပ်ဖွဲ့များကို မြင်လိုက်ရ၍ အလွန်ဝမ်းမြောက်ကုန်သည်။ အားလုံးသည် ဆရာစံနှင့် ခေါင်းဆောင်များရှိရာကို တက်ရောက်လာကြသည်။

"ဒီနေ့ဟာ အခါကျရောက်သည့်နေ့ဖြစ်၍ အင်္ဂလိပ်နယ်ချဲ့များကို တော်လှန်ပြီး တောင်သူလယ်သမားများအတွက် အောင်ပွဲအစ ဖြစ်သည်။ ထိုအတွက်ကြောင့် တက်ရောက်လာကြသော ရဲဘော်များသည် မြန်မာပြည် အေးချမ်းသာယာရေးနှင့် တောင်သူလယ်သမားများဘဝ တိုးတက်အေးချမ်းရေးကို အခြေခံ၍ ပန္နက်ရိုက်သောနေ့ ဖြစ်ပါသည်။ တက်ရောက်လာကြသော ရဲဘော်များက အချင်းချင်း တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီကြပါ၊ လေးစားကြပါ၊ ချစ်ခင်ကြပါ၊ တိုက်ပွဲဝင်ကြတဲ့အခါ စည်းစည်းလုံးလုံးနဲ့ တိုက်ပွဲဝင်ကြပါလို့ တိုက်တွန်းလိုက်ရပါတယ်"

လက်ခုပ်သံများသည် ကောင်းကင်ယံသို့ လွှမ်းမိုးသွားလေသည်။ ထို့နောက် ဆရာစံဦးဆောင်သည့် အဖွဲ့များက အလံတောင်ထိပ်တွင် 'ဗုဒ္ဓရာဇာမြို့'ဟု သမုတ်၍ မြို့ကို ပန္နက်များရိုက်ကြလေသည်။ ထို့နောက် ဆရာစံကို မင်းမြောက်တန်ဆာငါးပါး ဝတ်ဆင်၍ ဘုရင်အဖြစ် 'သုပဏ္ဏ ဂဠုန်ရာဇာ'ဟု သမုတ်ပြီးလျှင် ဘိသိက်ခံယူပြီး မြို့ဝန်များ စစ်တပ်သက်ဆိုင်ရာ တပ်မှူးဗိုလ်မှူး စသည်များကို ခန့်အပ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးသည် ရှင်ဘုရင်း၏ မင်းမြောက်တန်ဆာငါးပါး တွင်သော တည်သည်ဟူသော အယူအဆ အတွေးအခေါ်များ လွှမ်းမိုးနေဆဲ အချိန်ဖြစ်သည်။ ထိုသို့ မင်းလောင်းဆန်ဆန် ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ဆရာစံသည် ရှေးယခင်က ပေါ်ပေါက်ခဲ့ဖူးသော မင်းလောင်းမောင်သန့် စသည့် ပုဂ္ဂိုလ်များကဲ့သို့ ဘုရင်စိတ်ပေါက်နေသူ ဟုတ်မဟုတ်ဆိုသော ပြဿနာမှာ စဉ်းစားစရာတစ်ခု ဖြစ်လေသည်။

ဆရာစံနှင့်အတူ တောင်သူလယ်သမား အရေးတော်ပုံကြီးတွင် ပါဝင်သော ဂဠုန်တပ်သားဟောင်းကြီး၏ ပြောပြချက်မှာ ဆရာစံသည် ဘုရင်စိတ်ပေါက်နေသည်ဆိုတာ လုံးဝမမှန်ပါဘူး။ မင်းတို့၏ အဆောင် အယောင်များ ပြုလုပ်ရခြင်းမှာ ထိုစဉ်က ပြည်သူတို့ရဲ့ စိတ်ဓာတ်ရေးရာ အခြေအနေအရ စည်းရုံးရေးသဘောဖြစ် စိတ်မပါလှဘဲ ပြုလုပ်ရခြင်း ဖြစ်သည်ဟု ပြောပြခဲ့လေသည်။

ရဲဘော်များသည် မင်းမြောက်တန်ဆာများနှင့် တွေ့လိုက်ရသည့် အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။ ဂုဏ်ယူနေကြသည်။ နယ်ချဲ့တို့ အဖမ်းခံလိုက်ရပြီးနောက် မြန်မာပြည်တွင် ဘုရင်များ ပျောက် ကွယ်ခဲ့ရ၍ ပြည်သူများက ဘုရင်များကို မျှော်လင့်တောင့်တနေကြသည့် အချိန်တွင် ဆရာစံကို မင်းမြောက်တန်ဆာများနှင့် တွေ့လိုက်ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်နေကြသည်။ ပျောက်ကွယ်သွားသည့်မင်းလောင်း ပေါ်လာပြီဟု ထင်မှတ်နေကြသည်။

"ငါတို့ မြန်မာပြည်မှာ မင်းလောင်းတစ်ပါးပေါ်လာပြီး နယ်ချဲ့ အမျိုး အပြုတ်သွေးစုတ်ကောင်တွေအတွက် ပြေးစရာမြေ မရှိတော့ဘူး"

"ဟုတ်တယ်... ဒါအမှန်ပဲ၊ ဒီအမျိုးတွေ မြန်မာ့မြေပေါ်က ထွက်ပြေးသွားမှ ငါတို့ဘဝတွေ အေးချမ်းရမှာ"

"အဲဒီအတွက် မပူပါနဲ့၊ ငါတို့ရဲ့ဘုရင်ကြီး ဆောင်ရွက်ပေးမှာ

www.burmeseclassic.com

www.burmeseclassic.com



သေချာပါတယ်ကွာ”

ဟု ပြောဆိုဝမ်းသာနေကြသည်။ အားလုံးကလည်း ဆရာစံကို အပြည့်အဝ ထောက်ခံသလို ယုံကြည်နေကြသည်။ ထို့ကြောင့် ဆရာစံ ပြောဆိုသည့် မိန့်ခွန်းစကားများကို နားထောင်နေကြသည်။ ဆရာစံသည် အားလုံး အတွက် သူရဲကောင်းတစ်ယောက်အဖြစ် သတ်မှတ်ခြင်းကို ခံနေကြသည်။ အားလုံးကလည်း ဆရာစံ၏အရှေ့တွင် ကတိသစ္စာများ ပြုကြလေသည်။ ထို့အတူ အင်အားများစုဆောင်းရန် အစီအစဉ်ပြုကြသည်။

ဆရာစံခေါင်းဆောင်သည့် တောင်သူလယ်သမားများသည် အလံတောင်တွင် နန်းတော်သစ်တည်ဆောက်ပြီး စစ်တပ်အင်အားများ စုဆောင်းနေသည့် သတင်းသည် ထိုနယ်၌ လွှမ်းမိုးသွားနေသည်။ ထိုအတွက်ကြောင့် တစ်နေ့သောညနေခင်းတွင် သာယာဝတီအရေးပိုင် မစ္စတာကလပ်တင်းနစ် နေအိမ်သို့ ဖားရွှေကျော်သူကြီး ဦးထွန်းလှ ရေးကြီးသုတ်ပြာ ရောက်ရှိ သွားသည်။

ဖားရွှေကျော် ရွာသူကြီးဦးထွန်းလှက ၄င်းအုပ်ချုပ်ရသော ကျေးရွာများတွင် တောင်သူလယ်သမားတို့ လျှို့ဝှက်စွာ စည်းရုံး၍ အစိုးရအာဏာ တော်လှန်ပုန်ကန်ရန် ကြံစည်နေကြကြောင်း အထိတ်တလန့် လာရောက် အစီရင်ခံသည်။ အရေးပိုင်မင်းသည် သူကြီးစကားကို မယုံကြည်ဘဲ အားပါးတရ ရယ်မောလိုက်သည်။ ‘သခင်ကြီး ကျွန်တော်မျိုး တကယ်ပြောနေတာ’ ထပ်ခါပြောပေမယ့် အရေးပိုင်မင်းက မယုံကြည်၍ ‘ဦးထွန်းလှ… ခင်ဗျားရူးနေတာ၊ ခင်ဗျားကို စိတ္တဇဆေးရုံ ပို့ရမယ်ထင်တယ်၊ ဘာမှမသိ နားမလည်တဲ့ ခင်ဗျားတို့ လယ်သမားတွေက ကျုပ်တို့အစိုးရကို ပုန်ကန်မယ်ဆိုတာ ယုံစရာလား၊ အေးအေးပြန်သွားပါ’ ဟု အရေးပိုင်မင်းက မယုံကြည်သလို ပြောလိုက်သည့်အတွက် ရွာသူကြီးစိတ်ပျက်စွာ ပြန်ခဲ့ရသည်။

ထိုအချိန်တွင် မြန်မာပြည် ခေတ္တဘုရင်ခံ ဆာချာလျူအေမောင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးသည် သာယာဝတီခရိုင်သို့ တိုင်းခန်းလှည့်လည်ရင်း ရောက်ရှိလာသည်ဟု သတင်းကြားရလေသည်။ အင်္ဂလိပ်ဘုရင်ခံ ဆားချားလ်အင်းနစ်(စ်) ခွင့်ယူ၍ ပြန်နေစဉ် ဆာဂျေအေမောင်ကြီးအား ဘုရင်ခံအဖြစ် ခေတ္တ ခန့်ထားခြင်းဖြစ်သည်။ အချို့တောင်သူလယ်သမားများက မြန်မာတိုင်းရင်းသား ဘုရင်ခံက အခွန်တော် လျှော့ပေါ့ရေးနှင့် ပတ်သက်၍ ဆွေးနွေးခွင့် ရချင်သလို အခွန်တော်များ လျှော့ပေါ့ပေးရန်လည်း ဆန္ဒရှိနေကြသည်။ ထို့ကြောင့် ဘုရင်ခံ လာရောက်သည့်အချိန်တွင် အခွန်တော်များ လျှော့ပေါ့ သတ်မှတ်ပေးမည်ဟု ထင်မှတ်နေကြသည်။ သို့သော် မြန်မာပြည်ဘုရင်ခံသည် ဗြိတိသျှနယ်ချဲ့၏ဆန္ဒကို လွန်ဆန်နိုင်စွမ်း မရှိအောင် ဖြစ်နေသည်။


၁၉၃၀ ခုနှစ်၊ ဒီဇင်ဘာ (၂၁)ရက်နေ့တွင် ခေတ္တဘုရင်ခံ ဆာဂျေအေမောင်ကြီး သာယာဝတီမြို့ကို ရောက်ရှိလာသည်။ သာယာဝတီမြို့တွင် ဟောပြောပွဲကျင်းပရာ အရာရှိကြီးငယ်များ ဆုရသူ ကျေးရွာသူကြီးများနှင့် အမှုထမ်း၊ အရာထမ်းများ အစုံအညီ တက်ရောက်ကြသည်။ အခွန်တော်ကိစ္စနှင့်ပတ်သက်၍ မိမိအနေဖြင့် မည်သို့မျှ ဆောင်ရွက်ပေးနိုင်မည်မဟုတ်ဟု ပြောကြားခဲ့ရာ တောင်သူလယ်သမားခေါင်းဆောင်တို့ အလွန်ပင် စိတ်မချမ်းမသာ ဖြစ်ခဲ့ရလေသည်။

■


www.burmeseclassic.com

www.burmeseclassic.com





သာယာဝတီထောင် အနောက်တောင်ထောင့်ရှိ ဆရာစံအား ကြိုးပေးစီရင်ခဲ့သော ကြိုးစင်



ဆရာစံအား အမှုစစ်ဆေးရာ ရုံးခန်းအတွင်း ဆရာစံ ထိုင်ရသော တရားခံထိုင်ခုံ

www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး တိုက်ခိုက်ရမည်မှာ
သာယာဝတီအကျဉ်းထောင်
အရာခံ၏ အမိန့်အရ
ရဲရင့်ကျော်ထင်ဘွဲ့ရ မိုလ်ဗိုးဆော့
ခေါင်းဆောင်သော
တပ်သားတို့သည်
ညဉ့်သန်းခေါင်ယံအချိန်၌ ...

www.burmeseclassic.com

www.burmeseclassic.com

## အရေးတော်ပုံအစ တိုက်ပွဲက

၁၉၃၀ ခုနှစ်၊ ဒီဇင်ဘာလ (၂၂)ရက်၊ (၁၂၉၂ ခုနှစ်၊ ပြာသို လဆန်း (၄)ရက်)နေ့ ညနေစောင်းချိန်တွင် သာယာဝတီခရိုင် ရာဇဝတ်ဝန်ကြီး မစ္စတာရေနိုးသည် စိတ်ရောကိုယ်ပါ မငြိမ်မသက် ဖြစ်လေသည်။ ဖားရွှေကျော်ဘက်မှ ကြားလိုက်ရသည့် သတင်းများမှာ ယုံရမည်လော မယုံရမည်လောဆိုတာ မစဉ်းစားတတ်အောင် ဖြစ်နေရသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ ဖားရွှေကျော်သူကြီး ဦးထွန်းလှကိုယ်တိုင် ကြိုတင်သတင်းလာရောက်ပေးဖူးသည်။ သူကြီးဦးထွန်းလှစကားကို ပျက်ရယ်ပြုခဲ့သည်။

ယခုကြားရသော သတင်းကိုတော့ ထိတ်လန့်နေသည်။ ၎င်းအတွက်ကြောင့် သာယာဝတီခရိုင် ရာဇဝတ်ဝန်ကြီးသည် ရာဇဝတ်ဝန်ကလေး ဦးမောင်ကလေးအား ခေါ်ယူပြီး ဖားရွှေကျော်၊ ရေတိုက်၊ အင်းကောက်ကျေးရွာများတွင် အစိုးရအား ပုန်ကန်တော်လှန်မည့် အရိပ်နိမိတ်များရှိနေသဖြင့် ၎င်းဒေသများသို့ သွားရောက်စုံစမ်းစေရန် အမိန့်ထုတ်လိုက်သည်။ ဦးမောင်ကလေးနှင့်အတူ အင်စပက်တော် ဦးဘင်း ရာဇဝတ်အုပ် ဦးဟာမက်အပြင် ပုလိပ်ကျောင်းပိတ်လိုက်သဖြင့် အလုပ်အားနေသည့် ပုလိပ်ကျောင်းအုပ်ဦးချစ်ကိုလည်း ခေါ်သွားရန် အမိန့်

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သည်။

ရာဇဝတ်ဝန်ကြီးနှင့် ရာဇဝတ်ဝန်ကလေးတို့ စကားပြောနေစဉ် အပြင်မှာစောင့်နေသော ဦးချစ်သည် မည်သို့သောကိစ္စများ အရေးတကြီး ဖြစ်ပေါ်နေသည်ကို မသိ။ ဦးမောင်ကလေးနှင့် ဦးချစ်တို့ ရာဇဝတ်ဝန်ကြီး အိမ်မှ အတူတကွ ထွက်လာကြပြီး နောက်လမ်းတွင် ဦးချစ်က "ဘာ ကိစ္စလဲ၊ ဘယ်သွားမှာလဲ"ဟု မေးလိုက်သည်။ "မင်းအဆင်သင့်သာ လုပ်ထား၊ နောက်မှာ ပြောတော့မယ်"ဟု ပြောဆိုလေသည်။ ဦးမောင် ကလေးက ဦးချစ်အား "နောက်တော့ ဘယ်သွားမယ်ဆိုတာပြောမယ်၊ အခု လူဆယ်ယောက်နဲ့ သေနတ်ဆယ်လက် အဆင်သင့်လုပ်ထား"ဟု ညွှန်ကြားလိုက်သည်။ ဦးချစ် စိတ်ထဲတွင် ကျေးရွာများ၌ ဓားပြတိုက်မှု များဖြစ်နေ၍ အရေးတကြီး ထွက်ခွာရန်ကိစ္စ ဖြစ်လာသည်ဟု ထင်မှတ်မိ လေသည်။

ဦးချစ်သည် အိမ်ကိုပြန်လာကာ အဝတ်အစားများ လဲလှယ်ပြီး နောက် ပုလိပ်ဌာနသို့ ထွက်ခွာခဲ့သည်။ ဌာနအမှုထမ်းများအား အဆင် သင့်ပြုလုပ်စေပြီး ကာဘိုင်သေနတ် ၁၀ လက်နှင့် သေနတ်တစ်လက်စီ အတွက် စရိတ် ၁၀ တောင့်နှင့် ခဲလုံးကျည်ဆံ ၁၀ တောင့်ကို ထုတ်ယူသည်။ ထိုသို့ ပြင်ဆင်ပြုလုပ်ပြီး ဦးချစ်သည် ပုလိပ်ကျောင်း ဝင်းအတွင်းသို့ ခေတ္တပြန်လာစဉ် ဦးမောင်ကလေးထံမှ အမှုထမ်းတစ် ယောက်လိုက်ပြီး မြန်မြန်လာရောက်ရန် ပြောဆိုလိုက်သည့်အတွက် ချက်ချင်းလိုက်လာခဲ့ရပြန်သည်။ ပုလိပ်ဌာနသို့ ရောက်သောအခါ အမှု ထမ်းများနှင့် ဖားရွှေကျော်သူကြီး ဦးထွန်းလှကို ခရီးထွက်ရန် အဆင် သင့်ပြင်နေသော ဘတ်စ်ကားပေါ်တွင် တွေ့ရှိရလေသည်။

ဦးချစ်သည် ဦးထွန်းလှအနီးသို့ကပ်၍ 'ဘာဖြစ်တာလဲ'ဟု မေးလိုက်သည်။ ဦးထွန်းလှက 'ခင်ဗျား မသိသေးဘူးလား၊ ရွာတွေမှာ

www.burmeseclassic.com

www.burmeseclassic.com



သူပုန်ထနေပြီ'ဟု ပြောလိုက်ချိန်တွင် အထိတ်တလန့် ဖြစ်လာမိသည်။

ဦးမောင်ကလေး ခေါင်းဆောင်သည့်အဖွဲ့သည် ဘတ်စ်ကားနှင့် ခရီးထွက်လာကြသည်။ ညဦးအိပ်ညဦးနေ ခရီးထွက်ရသောကြောင့် စားနပ်ရိက္ခာများ အလုံအလောက် ပါလာသည်။ ၄င်းတို့ကားသည် ရွှေချောင်း အလယ်စခန်းကို ရောက်ရှိသွားကြသည်။ အလယ်စခန်းမှ ဖားရွှေကျော်ကို ကားနှင့်သွားရန် မဖြစ်နိုင်၍ ထင်းခွေလာသော လှည်းများကို အကူအညီတောင်းပြီး နွားလှည်းဖြင့် ခရီးဆက်လာခဲ့ရာ ည ၁၀ နာရီကျော်တွင် ရောက်ရှိသွားကြလေသည်။

ထိုအချိန်တွင် ဖိမ်ဇာ၊ အင်းကောက်၊ ရေတိုက်၊ ဖားရွှေကျော်၊ စိနှစ်ခွ၊ လှည်းလမ်းကူး အစရှိသော ကျေးရွာများမှ တောင်သူလယ်သမားတို့သည် တုတ်၊ ဓား၊ ဝါးချွန်၊ ဒူးလေး၊ ကောက်ဆွ အစရှိသည် ရရာလက်နက်များကို ဆွဲကိုင်လျက် အင်္ဂလိပ်အစိုးရအား စတင်တော်လှန်ကြလေသည်။

ပထမဆုံး ဦးတည်တိုက်ခိုက်ရမည့်ဌာနမှာ သာယာဝတီ အကျဉ်းထောင်ကြီးဖြစ်သည်။ အရာခံ၏ အမိန့်အရ ရဲရင့်ကျော်ထင်ဘွဲ့ရ ဗိုလ်ဖိုးဆော့ ခေါင်းဆောင်သော တပ်သားတို့သည် ညဦးသန်းခေါင်ယံအချိန်၌ ထောင်ကို ဖွင့်ရန်အတွက် တောင်ခြေမှ သာယာဝတီသို့ ချီတက်လာကြသည်။ ထိုသို့ ချီတက်လာကြရာ သာယာဝတီနှင့် နှစ်မိုင်ကျော် သုံးမိုင်ခန့်သာဝေးသော စမ်းတွင်းရွာအနောက်ဘက် လယ်ကွင်းထဲသို့ ရောက်သောအခါ ထိုရွာမှ ထွက်လာသော ဖိမ်ဇာသူကြီး ဦးဖိုးညွန့်နှင့် နောက်ပါသုံးလေးယောက်တို့ တွေ့ဆုံကြသည်။

"ဟေ့… ဘယ်သူတွေလဲ၊ ထိုင်လိုက်"

ပြင်းထန်သည့် အမိန့်ပေးသံသည် တိတ်ဆိတ်သည့် ကွင်းများကို လွှမ်းမိုးသွားသည်။ တစ်ဖက်လူများသည် အမိန့်ပေးသံကို ဂရုမစိုက်။

www.burmeseclassic.com

www.burmeseclassic.com



"သူကြီး… ခင်ဗျားလမ်း ခင်ဗျားသွား၊ ကျုပ်တို့လည်း ကျုပ်တို့လမ်း ကျုပ်တို့သွားမယ်"

ဟု ပြန်ပြောလိုက်သော ဦးဖိုးညွန့်သည် မာန်တက်လျက်ပါသော နှစ်လုံးပြူးနှင့် စတင်ပစ်ခတ်လေသည်။

'ဒိုင်း'

ဆရာစံ၏ တပည့်များသည် သူကြီးဦးဖိုးညွန့် ပစ်ခတ်လိုက်သည့် ကျည်တောက်များကို နေရာတစ်ခုကို ဝင်ရောက်၍ ရှောင်လိုက်ကြသည်။ သူကြီး၏ ယခုလုပ်ရပ်ကို ဒေါသထွက်ကုန်ကြသည်။ ၎င်းတို့သည် သွားရမည့် ခရီးစဉ်ကိုမေ့၍ ဒေါသများက သူကြီးဖိုးညွန့်နှင့် အဖွဲ့ထံ ရောက်ရှိသွားလေသည်။

"ဒီလောက်ဆိုးတဲ့ သူကြီးကို အပြတ်ရှင်းကွာ" ဟု ပြောဆိုလိုက်ကြပြီး သူကြီးအားဝိုင်းဝန်း ခုတ်သတ်ကြလေသည်။ ထိုသို့ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်နှင့်တစ်ပြိုင်နက် ဆရာစံ၏တပ်များသည် ကွဲပြားသွားသည်။ ၎င်းတို့ ဦးတည်သော ထောင်သို့ မရောက်မီ လမ်းခုတ်လတ်တွင် ထိုကဲ့သို့ ဖြစ်ပွားသည်ကို နိမိတ်မကောင်းဘူးဟုယူဆပြီး ဆက်လက်မသွားတော့ဘဲ နောက်ဆုတ်ပြန်လာခဲ့ကြလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com





သာယာဝတီထောင်အတွင်း ဂဠုန်အဖွဲ့ဝင်များအား စစ်ဆေးခဲ့သည့် ခန်းမဆောင်



နယ်သူနယ်သားများ ကြောက်ရွံ့စိတ်ဓာတ်ကျဆင်းစေရန် စစ်တပ်များနှင့်အတူ
ပူးတွဲဆောင်ရွက်ကြရသည့် ပုလိပ်အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆရာစံက
၁၂၉၂ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်
၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၃ ရက်
နံနက် (၇)နာရီခန့်တွင်
စတင်တိုက်ခိုက်ရန် အမိန့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ပထမ ဖားရွှေကျော်တိုက်ပွဲ

ဖားရွှေကျော်ရွာသည် သာယာဝတီမြို့၏ အရှေ့မြောက်ယွန်းယွန်း ခြောက်မိုင်ခန့်ဝေးသောနေရာတွင် တည်ရှိသည်။ ပြည်လမ်းမကြီးမှ အရှေ့ဘက်သို့ သစ်ကြီးဝါးကြီးတို့ဖြင့် ဖုံးအုပ်လျက်ရှိသော သစ်တောရုံကြီးကိုဖြတ်၍ သွားရသည်။ ထိုစဉ်က အိမ်ခြေ ၂၀၀ ခန့်ရှိသော ရွာတစ်ရွာဖြစ်ပြီး ထိုရွာသည် ရိုးမတောင်ခြေနှင့် သုံးမိုင်ခန့်သာ ဝေးကွာသည်။

ဦးမောင်ကလေးနှင့်အဖွဲ့သည် ဖားရွှေကျော်ရွာကို ည ၁၀ နာရီကျော်တွင် ရောက်ရှိလာကြပြီး ရွာကို အကဲခတ်နေသည်။ ဖားရွှေကျော်ရွာသည် တိတ်ဆိတ်ငြိမ်သက်နေသည်။ ရွာရှိ ယောက်ျားတစ်ယောက်မှ တွေ့ရှိရခြင်း မရှိသည့်အတွက် အလွန်ပင်အံ့ဩကုန်ကြသည်။

စုံစမ်းရေးအဖွဲ့သည် ရွာသားများကို ဆက်လက်စုံစမ်းနေရာ အရှေ့တောင်ဘက်ရှိ ဘုန်းကြီးကျောင်းတွင် အားလုံး စုဝေး ရောက်ရှိနေကြသည်ဟု သတင်းရရှိသည်။ အခြေအနေမှာ အလွန်ထူးဆန်းနေသည်။ စုံစမ်းရေး အဖွဲ့သည် ရွာအပြင်လယ်တဲတစ်ခုအား ရောက်ရှိပြီး မေးကြည့်သည်။ လယ်တဲရှင်က ဘာမှမသိပါဘူးဟု 'ဘူး' ကွယ်လျက် ငြင်းဆိုလိုက်လေသည်။ ဦးမောင်ကလေးတို့အဖွဲ့သည် ၄င်းတဲမှာ ရပ်နားရင်း ရှေ့တိုက်ရွာကို ခရီးဆက်သင့်မသင့် ဆွေးနွေးကြသည်။ တချို့က သွားသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



တချို့က မသွားသင့်ဟု ပြောနေကြသည်။

ထိုအချိန်တွင် ဖားရွှေကျော်ရွာအနီး လယ်တဲတစ်လုံးပေါ်တွင် ပုလိပ်များ ရောက်ရှိနေကြောင်း ကင်းထောက်များက သတင်းလာရောက်ပေးပို့လာသည့် သတင်းကြောင့် ဆရာစံက ၁၂၉၂ ခုနှစ် ပြာသိုလဆန်း (၅)ရက် (၁၉၃၀ ခုပြည့်နှစ်၊ ဒီဇင်ဘာလ ၂၃ ရက်၊ အင်္ဂါ)နေ့ နံနက် (၇)နာရီခန့်တွင် စတင်တိုက်ခိုက်ရန် အမိန့်ပေးလိုက်သည်။ အမိန့်အရ ရေတိုက်ရွာမှ ကိုသာပျော့သည် ဂဠုန်တပ်ဖွဲ့များအား စုဆောင်းလိုက်သည်။ ထိုသို့ စုဆောင်းပြီး နံနက်တွင် ပုလိပ်များကို တိုက်ခိုက်ရန် စီစဉ်ကြလေသည်။ လယ်တဲမှ ပုလိပ်အဖွဲ့သည် မအိပ်ကြဘဲ အခြေအနေကို စောင့်ဆိုင်းနေကြသည်။

ထိုသို့ စောင့်ဆိုင်းကြပြီးနောက် အရုဏ်တက်ချိန်တွင် ဦးမောင်ကလေး၏ ခိုင်းစေချက်ဖြင့် ပုလိပ်အကြပ် ဦးသာဟန်ကို လမ်းပြခိုင်း၍ ရေတိုက်ရွာကို သွားကြပြီးလျှင် လိုင်စင်သေနတ်ကိုင်ဆောင်သူ ရှမ်းအမျိုးသား ဦးကေတုကို ခေါ်ရန်အတွက် အင်စပိတ်တော် ဦးဘဦးနှင့် ဌာနအုပ် ဦးခင်မောင်တို့အား စေလွှတ်လိုက်လေသည်။ မကြာမီ ခေါ်ခိုင်းလိုက်သော သူများနှင့်အတူ ဦးကေတုနှင့် ၎င်း၏တူမောင် ပုန်းခိုပါလာသည်။

"သေနတ်နဲ့ ယမ်းတောင့်များ ဘယ်မှာလဲ"

မေးလိုက်သောအခါ ဂဠုန်ခေါင်းဆောင် ဗိုလ်ဖိုးသစ်အား ယမန်နေ့ညက သေနတ်နှင့် ယမ်း ၂၅ တောင့် ပေးလိုက်ရပြီ ဖြစ်ကြောင်း ပြောပြလိုက်လေသည်။ ဦးကေတုကို လယ်တဲတွင် စစ်ဆေးနေသည်။ ထိုအချိန်တွင် အင်အား ၂၀၀ ကျော်မျှရှိသော လူအုပ်ကြီးသည် ရေတိုက်ရွာဘက်ဆီမှ ထွက်လာ သည်ကို အံ့ဩစွာ တွေ့လိုက်ရသည်။

ထိုစဉ် ဦးမောင်ကလေးက ဦးချစ်ကို 'ဘယ်နှဲ့လုပ်မလဲ' ဟု

www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်သည်။ 'လာရင်ပစ်ရတော့မှာပေါ့'ဟု ပြန်ပြောလိုက်ရာ ဦးမောင်ကလေးသည် အစီရင်ခံစာအတိုလေးရေးပြီး ရာဇဝတ်အုပ် ဦးဟာမက်အား ရာဇဝန်ကြီးထံ မြင်းနှင့်သွားပေးရန် ခိုင်းစေလိုက်သည်။

တက်လာသော လူအုပ်ကြီးသည် အင်္ဂလိပ်အစိုးရအား အပြစ်တင်ပြောဆိုပြီး ချီတက်လာကြသည်။ ဦးမောင်ကလေးတို့အဖွဲ့သည် လယ်ကန်သင်းဘေးတွင် နေရာအသင့်ယူထားကြသည်။

"ငါအရင်ပစ်မယ်"ဟု ပြောဆိုကာ ဦးမောင်ကလေးသည် တက်လာသည့် ဂဠုန်တပ်များကို လက်ဦးမှု ရယူကာ ပစ်ခတ်လေသည်။ ထိုသို့ပစ်ပေမယ့် ရတ်တရက် ကျည်မထွက်၍ အလွန်တုန်လှုပ်သွားသည်။ ဦးချစ်သည် ဦးမောင်ကလေး၏သေနတ်ကို ဆွဲကြည့်ရာ ယမ်းတောင့်မဝင်သည်ကို တွေ့လိုက်ရသည်။ ထိုအချိန်တွင် ဂဠုန်တပ်များသည် တဖြည်းဖြည်းနှင့် ရှေ့ကိုတိုးလာကြသည်။ ဂဠုန်တပ်များသည် ဆရာစံအမိန့်အတိုင်း နံနက် ၇ နာရီခန့်တွင် စတင်ပစ်ခတ်လေသည်။

ရွာသူကြီး ဦးဆောင်သည့် အဖွဲ့များသည် လက်ဦးမှု ရယူကအရင်ဆုံး စတင်ပစ်ခတ် တိုက်ခိုက်ပေမယ့် လက်တွေ့ကျတော့ ဂဠုန်တပ်များ၏ ဦးဆောင်မှုအောက်မှာ ခံနေရသည်။

ထိုအချိန်တွင် ဖားရွှေကျော်သူကြီး ဦးထွန်းလှသည် အလွန်တုန်လှုပ်သွားပြီး "ကျုပ်... အစက မပြောဘူးလား၊ အခုတော့ သိပြီမဟုတ်လား၊ ဘယ်နဲ့လုပ်ကြမလဲ၊ ကျုပ် အရေးပိုင် သွားပြောမယ်"

"သွားပြောချင်လည်း သွားပြော၊ သေနတ်နဲ့ ကျည်ဆံတွေထားခဲ့"

ဦးထွန်းလှသည် သေနတ်ကို ထားခဲ့ပြီး ရေးကြီးသုတ်ပြာထွက်ပြေးသွားလေသည်။ ဂဠုန်တပ်များသည် ညာသံပေးပြီး ရှေ့သိုသာချီတက်လာကြသည်။ နံနက်နေရောင်ခြည်အောက်တွင် တောင်သူလယ်

www.burmeseclassic.com

www.burmeseclassic.com



သမားများသည် အင်အားအလုံးအရင်းနှင့် ရွာသူကြီးအဖွဲ့၊ ပုလိပ်တပ်ဖွဲ့များကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်တိုက်ခိုက်လေသည်။ ပုလိပ်တပ်ဖွဲ့များသည် အင်အားခြင်း မယှဉ်နိုင်၍ ဆက်လက်ရင်ဆိုင်ရန် အခက်ကြုံနေရသည်။

အလားတူ ဂဠုန်တပ်ဖွဲ့များကို ဆက်လက်ရင်ဆိုင်ရန် မဖြစ်နိုင်သည့်အတွက် နောက်ဆုတ်၍ ပြေးကြသည်။ တိုက်ပွဲတွင် ဆရာစံဘက်က တစ်ယောက် ပုလိပ်ဘက်က တစ်ယောက် ကျဆုံးသွားပြီး ဒဏ်ရာများ ရရှိမှုများရှိသည်။ ၄င်းတိုက်ပွဲတွင် ဂဠုန်တို့ဘက်က အောင်ပွဲများ ရရှိသွားလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com





ဆရာစံ၏အမှုတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ရှေ့နေကြီးများ (ဝဲမှယာ) ဦးချစ်ညွန့်၊ ဦးဘရှိန်း၊ သခင်စိန့်၊ သခင်မြ၊ ဦးသူငယ်နှင့် စာရေးတစ်ဦး၊ (နောက်မှရပ်နေသူ)



စနေနံ အင်္ဂလိပ်ကို နင်းနှိမ်ချေဖျက်မည့် အတိတ်ဖြင့် နဂါးကိုဂဠုန်နင်း၍သုတ်ဟန် သရုပ်ဖော်ရေးချယ်ထားသော ဆရာစံ ဂဠုန်တပ်ဖွဲ့၏အလံ။ (၁၉၃၀ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့ အလံတော်ကို ချီတက်သိမ်းပိုက်သော ယန်ကျပ်ရိုက်ဖယ်တပ်ရင်းက သိမ်းဆည်းယူငင်လာသည်)

www.burmeseclassic.com

www.burmeseclassic.com



အစိုးရအဖွဲ့သည်
ဂျွန်တပ်ကို
အားပေးသူများ နေထိုင်သော
ရွာများ ဖြစ်သည်ဟု ယူဆကာ
အင်းကောက်ကြီး
ရေတိုက်နှင့် ဖားရှေကျော်ရွာများကို
မီးရှို့ဖျက်ဆီးလိုက်ပြီး
ဖားရှေကျော်ရွာအနီး

www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယတိုက်ပွဲ

ဦးမောင်ကလေး ခေါင်းဆောင်သည့် ပုလိပ်အဖွဲ့နှင့် ဂဠုန်တို့ ဖားရွှေကျော်ရွာအနီးတွင် နံနက် ၇ နာရီခန့်က အစပြုသည့် တိုက်ပွဲ သတင်းကို ရာဇဝတ်အုပ် ဦးဟာမက်ထံမှတဆင့် ခရိုင်ရာဇဝတ်ဝန်ကြီး ထံ ရောက်ရှိသွားသည်။ ၄င်းသတင်းစကားကြောင့် ရာဇဝတ်ဝန်ကြီး အလွန်တုန်လှုပ် ခြောက်ခြားသွားသည်။ ထိုကဲ့သို့ ဖြစ်လိမ့်မည်ဟု ထင်မှတ်မထားခဲ့မိသည်မှာ မှားယွင်းသွားပြီဟု ထင်မှတ်နေမိသည်။

မသိနားမလည်သည့် တောင်သူလယ်သမားများသည် အင်္ဂလိပ် အစိုးရကို အန်တုပုန်ကန်လိမ့်မည်ဟု မထင်ခဲ့သလို တောင်သူလယ်သမား တို့ကိုပါ အထင်သေးခဲ့သည်။ ယခု တကယ်ကြုံတွေ့လိုက်ရသည့်အတွက် ကိုယ်တိုင်ဖြေရှင်းရန် ဆုံးဖြတ်လိုက်လေသည်။

ရာဇဝတ်ဝန်ကြီး မစ္စတာရေးနိုးသည် ကိုယ်တိုင် သာယာဝတီ ခရိုင် အသင့်ရှိနေသော စစ်ပုလိပ် ၂၀ ကို ဦးဆောင်၍ ဖားရွှေကျော်သို့ လိုက်ရန် စီစဉ်မှုများ ပြုလုပ်နေသည်။ ထိုအချိန်တွင် ရာဇဝတ်အုပ်

www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်သည် ဒဏ်ရာရသူများကို ခေါ်ဆောင်၍ ရောက်ရှိလာသည်။

ရာဇဝတ်ဝန်ကြီး မစ္စတာရေးနိုးသည် ဦးမောင်ကလေးထံမှ ဦးချစ် ယူဆောင်လာသော အစီရင်ခံစာကို ဖတ်ပြီးနောက် ငွေးချောင်းကို စစ်ပုလိပ်များနှင့် ထွက်ခွာလာခဲ့လေသည်။ မစ္စတာရေးနိုးသည် ငွေးချောင်းရွာ၌ ဦးမောင်ကလေးနှင့် တွေ့ဆုံပြီး ဂဠုန်တပ်များကို တိုက်ခိုက်ရန် ဆွေးနွေးကြသည်။ ဦးမောင်ကလေးအား မိမိတွင်ပါရှိလာသည့် ပုလိပ် ၂၀ နှင့် ဒေသခံပုလိပ်များပေါင်းပြီး တိုက်ခိုက်ရန် အမိန့်ပေးလိုက်သည်။

ဆရာစံ၏ တပ်အင်အားကို မျက်မြင်ကြုံတွေ့ထားသည့် ဦးမောင်ကလေးက နောက်ထပ် အင်အားတိုးရန်ပြောသည်။ ထိုစဉ် မစ္စတာရေးနိုးက "မောင်ကလေး… မင်းကြောက်သလား"ဟု မေးလိုက်ရာ ဦးမောင်ကလေးသည် အလွန်ရှက်စိတ် မွန်သွားသည်။ ရာဇဝတ်ဝန်ကြီးကိုလည်း ဒေါသ ထွက်သွားသည်။

သို့သော် ဦးမောင်ကလေး တောင်းဆိုသည့်အတိုင်း ပုလိပ် ၅၀ ခန့် ထပ်ပို့ပေးမည်ဖြစ်ကြောင်း သူပုန်အားပေးသောရွာများကို မီးရှို့ရန် ညွှန်ကြားသွားလေသည်။ အရေးပိုင်းကလည်း ဦးမောင်ကလေးအား ကူညီရန် နယ်ပိုင်ဦးစံရှိန်နှင့် မြို့ပိုင်ဦးခင်တို့ကို စေလွှတ်လိုက်သည်။ နောက်တစ်နေ့တွင် ဦးမောင်ကလေးခေါင်းဆောင်သော အစိုးရတပ်ဖွဲ့သည် ဂဠုန်တပ်ကို အားပေးသူများ နေထိုင်သော ရွာများဖြစ်သည်ဟု ယူဆကာ အင်းကောက်ကြီး၊ ရေတိုက်နှင့် ဖားရွှေကျော်ရွာများကို မီးရှို့ဖျက်ဆီးလိုက်ပြီး ဖားရွှေကျော်ရွာအနီး ဘုန်းကြီးကျောင်းတွင် တပ်စွဲထားလိုက်သည်။

"ဘာ… ဘာပြောတယ်ကွ"

ထွက်ပေါ်လာသည့် အသံသည် ဒေါသများ လွှမ်းမိုးနေသည်။

"ဟုတ်ပါတယ်။ နယ်ချဲ့မျက်နှာဖြူတွေနဲ့ သူရဲ့နောက်လိုက်ခွေးတွေက အင်းကောက်၊ ရေတိုက်၊ ဖားရွှေကျော်ရွာတွေကို မီးရှို့ဖျက်ဆီး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြပြီး ရွာသားတွေ အလွန်ပင် ဒုက္ခရောက်နေကြပြီ''

''အဲဒီသတင်း အမှန်တွေပဲလား။ အခု ရွာသားတွေ ဘယ်မှာနေကြလဲ၊ ရွာဦးကျောင်းမှာလား''

''ရွာဦးကျောင်းမှာ နေကြပါတယ်။ အဲဒီမှာပင် တပ်စွဲထားပါတယ်။ ရွာသားတွေကတော့ ဖြစ်သလိုပဲပေါ့''

ဒီလောက်မိုက်မဲသည့် လုပ်ရပ်ကို လုပ်ရက်ပါပေတယ်ဟု ထင်မှတ်နေကြသည်။ ရွာသားများသည် အလွန်ပင်ဒုက္ခ ရောက်နေကြသည်။ လှောင်သိမ်းထားသည့် ဝမ်းစာစပါးများ၊ လက်ဝတ်ရတနာများ ပျက်စီးကုန်လေသည်။ ထိုကိစ္စနှင့် ပတ်သက်၍ နယ်ချဲ့အစိုးရမှာ တာဝန်ရှိသည်ဟု ဘယ်လိုပင် ပြောကြပေမယ့် နယ်ချဲ့တို့က လက်ခံခြင်းမရှိ။ သူပုန်ကို လက်ခံအားပေးသည်ဟု သတ်မှတ်၍ တာဝန်ယူပေးခြင်းမရှိ မသိသလိုဖြစ်လေသည်။

ထိုသတင်းကို ကြားလိုက်ရ၍ ဂဠုန်တပ်များ အလွန်ဒေါသထွက်သွားပြီး အင်္ဂလိပ်များကို ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်လေသည်။ ဒီဇင်ဘာ ၂၅ ရက်နေ့တွင် ဂဠုန်တပ်တို့သည် စစ်ကြောင်းခုနစ်ကြောင်း ခွဲလိုက်သည်။ စစ်ကြောင်းတစ်ကြောင်းလျှင် လူ ၂၀၀ စီ ခွဲလိုက်သည်။ စစ်ကြောင်းသုံးကြောင်းသည် ဦးမောင်ကလေးဦးဆောင်သောအဖွဲ့ကို တိုက်ခိုက်ရန် ချီတက်လာကြသည်။ အင်္ဂလိပ်ဘက်မှ တပ်သား ၂၅ ဦးစီခွဲ၍ ရာဇဝတ်ဝန်ကလေး နယ်ပိုင်မြို့ပိုင် အခြားအရာရှိတစ်ဦးတို့ အသီးသီးခေါင်းဆောင်၍ ခုခံတိုက်ခိုက်ကြသည်။

အင်အားကြီးမားသည့် လူများသည် စစ်ကြောင်းသုံးကြောင်းခွဲ၍ ကြွေးကြော်သံများနှင့် ချီတက်လာကြသည်။ ၄င်းမြင်ကွင်းကို တွေ့လိုက်၍ အလွန်ထိတ်လန့်ကုန်ကြသည်။ သတ္တိများလည်း မရှိတော့ဟု ထင်မှတ်နေသည်။ ဆရာစံ၏အဖွဲ့ ဝိုင်းထားမည်ကို စိုးရိမ်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာစံ၏တပ်ဖွဲ့သည် အင်္ဂလိပ်အစိုးရ၏ ပြည့်ကျွန်များကို ဝိုင်းထားရန် ရည်ရွယ်ချက်များနှင့် ချီတက်လာခြင်းဖြစ်သည်။ ထို့အတူ ဆရာစံ၏ ဂဠုန်တပ်များသည် တိုက်ခိုက်ရန် ချီတက်လာကြသည်။ ထိုစဉ် ဦးမောင်ကလေး ဦးဆောင်သည့် တပ်ဖွဲ့များနှင့် ရင်ဆိုင်ကြလေသည်။ အင်္ဂလိပ်တွေကို အမုန်းကြီး မုန်းနေကြသည့် လယ်သမားတပ်ဖွဲ့တွေက အသက်သေရမှာကို မေ့နေပြီး နယ်ချဲ့များကို ရဲရဲတင်းတင်း ဝင်ရောက်တိုက်ခိုက်လေသည်။ ဦးမောင်ကလေးတို့အဖွဲ့များသည် အရံတောစပ်ကို ကျောခိုင်း၊ ဆရာစံ၏ ဂဠုန်တပ်များကို တိုက်ခိုက်လေသည်။ ဘယ်လိုပင် တိုက်ခိုက်နေပေမယ့် အင်အားချင်းမမျှ၍ အထိနာနေသည်။ ဦးမောင်ကလေး ဦးဆောင်သည့် တပ်ဖွဲ့များသည် ဆက်လက်တိုက်ခိုက်ရန် အင်အားမရှိသည့်အတွက် ဂဠုန်တပ်များကို ခေတ္တမျှသာ ခံပစ်ခတ်ပြီး ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးကြသည်။ အချို့သော အိန္ဒိယတိုင်းသား စစ်ပုလိပ်တို့သည် ဦးတည်ရာ ထွက်ပြေးကြသည်။

တချို့လည်း မိမိတို့သေနတ်များကို ဝှက်ထားခဲ့ကြသည်။ အလားတူ စစ်ယူနီဖောင်းများကို ချွတ်ပစ်ထွက်ပြေးကြတာလည်း ရှိလေသည်။ လူအုပ်ကြီးသည် ထွက်ပြေးကြသူများအနောက်ကို အတင်းလိုက်၍ ပစ်ခတ်ကြသည်။ ထိုအချိန်တွင် ရှေ့ဒွဲကျွံ၍ ကျန်ခဲ့သော ဦးမောင်ကလေးသည် ခါးစောင်းခန့်မြင့်သော ရိုးပြတ်တောတွင် မြင်းရောလူပါဝပ်၍ ပုန်းအောင်းနေရာမှ တပ်သားများ အနီးသို့ရောက်ရှိလာသောအခါ ရုတ်တရက် သေနတ်နှင့် ပစ်ခတ်လိုက်လေသည်။ ဂဠုန်တပ်များသည် ကိုင်ဆောင်လာသည့်ဓားဖြင့် ခုတ်လိုက်ကြလေသည်။

အစိုးရဘက်မှ အရေးရှုံးနိမ့်တပ်ပျက်၍ ထွက်ပြေးကြသည့်အကြောင်းကို သာသာဝတီ စစ်ဖက်နယ်ဖက်မှ မျက်နှာဖြူများ သိရှိရသောအခါ အရက်ရ၍ ဒေါသများထွက်ကုန်ကြသည်။ မိမိတပ် မရှုမလှ

www.burmeseclassic.com

www.burmeseclassic.com



တပ်ပျက်သလို ဦးမောင်ကလေးမှလည်း မြို့ပိုင်စစ်သား၊ ၂၀ ပျောက်ဆုံးနေသည်ကို တွေးမိတိုင်း စိတ်မကောင်းဖြစ်ခဲ့ရသည်။ အမှန်တော့ ကျဆုံးရန်ကျစ်ရစ်သူမှာ ဦးမောင်ကလေးတစ်ဦးသာ ဖြစ်သည်။ အခြားသူများသည် ထွက်ပြေးရာမှ ပြန်ရောက်လာကြသည်။ တိုက်ပွဲတွင် ဦးမောင်ကလေးအနီးမှာ သေနတ်များကို ယမ်းတောင့်ထိုးပေးရသော မောင်လှဖေမှာ သေွးပျက်သွားသည်။ အလားတူ ယမ်းတောင့်သေတ္တာနှစ်လုံးကိုလည်း ဂျွန်တပ်ဖွဲ့က ရရှိလိုက်လေတော့သည်။

■


www.burmeseclassic.com

www.burmeseclassic.com





ဆရာစံ ဂဠုန်တပ်ဖွဲ့ဝင်များ အသုံးပြုသည့် စည်တော်



ဂဠုန်တပ်ဖွဲ့ စည်းမျဉ်းများကို လိုက်နာရန် သစ္စာပြုသော အဖွဲ့ဝင်များအား "က" ဂဠုန်တပ်သားအဖြစ် ဤသို့လက်မောင်းတွင် အမှတ်အသား ဆေးမှင်ထိုးပေးလေသည်

www.burmeseclassic.com

www.burmeseclassic.com





ဆရာစံ၏ဇာတိ သရက်ကန်အရှေ့ရွာတွင် ဆရာစံ၏ မိဘများဖြစ်သော ဦးကျေးနှင့် ဒေါ်ဖက်တို့ တည်ထားခဲ့သည့် သက်တော်ရှည်စေတီကို ဆရာစံ၏ ကျောင်းနေဖက် သူငယ်ချင်း ဦးဖိုးလူက ညွှန်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com


ဂျွန်တပ်ဖွဲ့တို့အား
သေချာသော ပစ်ကွင်းသို့
ဝင်လာမှ လက်နက်မျိုးစုံနှင့်
ဆီးကြိုပစ်ခတ်ကြကုန်၏
သို့သော်
ဂျွန်တပ်တို့သည်
အလျော့မပေး
တစ်ဗိုလ်ကျ
တစ်ဗိုလ်တက်...။

www.burmeseclassic.com

www.burmeseclassic.com

## တကိုယ်တိုက်ပွဲ

သာယာဝတီခရိုင်ကို စစ်တပ်များ တစ်တပ်ပြီးတစ်တပ် ရောက်ရှိလာကုန်ကြသည်။ အင်္ဂလိပ်များသည် အရေးပိုင်ဝန်ကလေး ဦးမောင်ကလေးနှင့် အခြားစစ်ပုလိပ်သုံးယောက် သေဆုံးပြီး ဒဏ်ရာများ ရရှိသွားသည့်အတွက် အလွန်ဒေါသထွက်သွားသည်။

ဆရာစံနှင့်အဖွဲ့ကို တိုက်ခိုက် ရန် ဒီဇင်ဘာလ (၂၃)ရက်နေ့တွင် ရန်ကုန်မှ စစ်ပုလိပ် ၁၀၀ ပို့လိုက်သော်လည်း ဤမျှနှင့် မလုံလောက်သေးဟု အကြောင်းကြားလိုက်သည်။ ထို့ကြောင့် ၂၆ ရက်နေ့တွင် ၂/၁၅ အမှတ် ပန်ချာပီစစ်သား ၁၀၀ ထပ်မံရောက်ရှိလာသည်။ နောက်မကြာမီ အင်္ဂလိပ်တပ်သား ၁၀၀ မေမြို့မှ ကာနယ်စပန်းကီး အုပ်ချုပ်သည့် အမှတ် ၃/၂၀ ဘားမားရိုင်ဖယ်တစ်တပ်လုံး ထပ်မံရောက်ရှိလာသည်။

ငှင်းအချိန်တွင် ထိုဒေသရှိ ဂဠုန်တို့တပ်အင်အားမှာ ၁၂၀၀ မှ ၁၅၀၀ ထိရှိပြီး နှစ်လုံးပြူးသေနတ် ၃၀၊ ရိုင်ဖယ်သေနတ် ၃ လက်နှင့် ခဲယမ်းမီးကျောက်များ စုဆောင်းထားရာ အစိုးရဘက်မှ ခန့်မှန်းထားသည်။ သူပုန်ထရာတွင် ပါဝင်သူများ၏ ပြောဆိုချက်အရ ထိုအချိန်က အင်အား

www.burmeseclassic.com

www.burmeseclassic.com



၃၀၀၀ ခန့်ရှိနေသည်။

၁၉၂၉ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်နေ့၊ (၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၀ ရက်၊ အင်္ဂါနေ့)တွင် အစိုးရစစ်တပ်များ ဖားရွှေကျော်အနီးသို့ ထပ်မံရောက်ရှိလာလေသည်။ အင်အား (၂၀၀)ကျော်ခန့်ရှိ၍ လက်နက်မျိုးစုံအပြင် လွှစ္စစက်သေနတ်သုံးလက်လည်း ပါသည်။ ဤမျှလောက်ရဲတင်းသည့် တောင်သူလယ်သမားသူပုန်တို့အား အစတုံးချေမှုန်းရန်ဟူသော သန္နိဋ္ဌာန်ဖြင့် လာရောက်စောင့်ဆိုင်းနေကြခြင်းဖြစ်သည်။

အင်္ဂလိပ်စစ်ဗိုလ် ခေါင်းဆောင်သော အစိုးရစစ်တပ် ရောက်ရှိလာပြန်ဟူသော သတင်းကို ကြားရသောအခါ နေသူရိန်အနော်ရထာဘွဲ့ရ ဗိုလ်ဖိုးချစ် ရဲရဲကျော်ထင်ဘွဲ့ရ ဗိုလ်ဘိုးဆော့တို့ ဦးဆောင်၍ အလံတောင်ပေါ်ရှိ ဆရာစံတပ်များကို စက်သေနတ်သုံးလက်ကို အဆင်သင့် ပြင်ဆင်ပြီး စောင့်ဆိုင်းနေကြသည်။

လက်နက်အင်အား လူအင်အားများပြားလှသည့် အစိုးရတပ်တို့သည် နဂါးကို ဂဠုန်သုတ်သင်သည့်အရုပ်ပါသော အလံကို ရှေ့မှထူ၍ မောင်းသံတဒူဒူနှင့် တက်၍လာသော ဂဠုန်တပ်တို့အား သေချာသော ပစ်ကွင်းသို့ ဝင်လာမှ လက်နက်မျိုးစုံနှင့် ဆီးကြိုပစ်ခတ်ကြကုန်၏။ သို့သော် ဂဠုန်တပ်တို့သည် အလျှော့မပေး တစ်ဗိုလ်ကျ တစ်ဗိုလ်တက် စနစ်ဖြင့် တိုး၍တိုး၍ တက်ကြကုန်၏။ တက်လာသမျှကိုလည်း အစိုးရတပ်သည် အဘက်ဘက်မှဝိုင်း၍ ပစ်ကြသဖြင့် လယ်များအတွင်း ရိုးပြတ်တောတွင် အတုံးအရုန်း ကျဆုံးကြကုန်သည်။ စပါးပင်များသည် ဂဠုန်တပ်ဖွဲ့များ၏ သွေးတို့ဖြင့် နီနီရဲကုန်သည်။

ထိုအချိန်တွင် အစိုးရတပ်သည် မိမိတို့ချည်းတိုက်၍ နိုင်မှနိုင်ပါမည်လားဟု စိုးရိမ်လာသောကြောင့် ရာဇဝတ်အုပ် ဦးအိန်းဇံအား မြင်းနှင့်သွားစေ၍ လှည်းလမ်းကူးတွင် စခန်းချနေသော တပ်ကို အကူ

www.burmeseclassic.com

www.burmeseclassic.com



အညီတောင်းလိုက်သည်။ ထိုအချိန်တွင် ဗိုလ်လုပ်သူက မိမိတို့မှာ အလံတောင်သို့ တက်သိမ်းရန် တာဝန်ရှိ၍ မလိုက်နိုင်ကြောင်း ငြင်းဆိုလိုက်လေသည်။ နံနက် ၉ နာရီမှ ညနေ ၆ နာရီခန့် နေလုံးပျောက်သည်အထိ အနိုင်မခံ အရှုံးမပေး ဗမာ့ဇာတိသွေးကို ပြကြကုန်ကြသည်။ တိုက်ပွဲဝင်တောင်သူလယ်သမားတို့သည် ဒဏ်ရာအနာတရ ရသူများကို ကူတွဲဖေးမလျက် ဆုတ်ခွာကြလေသည်။

ရိုးပြတ်ကြားတွင် လဲကျကျန်ရစ်သော ရဲဘော်ရဲဘက်များကို ကြည့်ရင်း အစိုးရတပ်မှ အနီးကပ် ဒရစပ် ပစ်ခတ်နေသောကြောင့် အချို့ကျဆုံးသူ၊ ဒဏ်ရာရသူများကိုလည်း မကောက်နိုင်တော့ဘဲ မျက်ရည်ဖြိုင်ဖြိုင်ကျဆင်းလျက် ဆုတ်ခွာသွားကြသည်။

နောက်တစ်နေ့နံနက်၌ တိုက်ပွဲဖြစ်ပွားခဲ့သော ရိုးပြတ်လယ်တောတွင် အစိုးရဘက်မှလိုက်ရှာရာ ဂျွန်တပ်မှ ကျဆုံးသူ ၁၁ ဦးနှင့် ပြင်းထန်သောဒဏ်ရာနှင့် လဲကျနေသူ ၄ ဦးကို တွေ့ရှိရ၍ သာယာဝတီကို ယူဆောင်သွားကြသည်။ သေဆုံးသူများထဲတွင် ဗိုလ်ဖိုးချစ်နှင့် ရဲရဲကျော်ထင်ဗိုလ်ဘိုးဆော့တို့ ပါဝင်ခဲ့ကြသည်။

■

www.burmeseclassic.com

www.burmeseclassic.com





ဆရာစံနှင့်ဂဠုန်တပ်ဖွဲ့ဝင်များ စတင်စည်းဝေးခဲ့ရာနေရာဖြစ်သော သာယာဝတီခရိုင် မန်ကျည်းကုန်းရွာ ဘုန်းကြီးကျောင်း (ယခု အသစ်ပြင်ဆင်ဆောက်ထားသည်။)




ညာလက်မောင်းတွင် ထိုးနှံပေးသည့် "က" ဂဠုန်တပ်ဖွဲ့ဝင် အမှတ်အသား


www.burmeseclassic.com

www.burmeseclassic.com





ဆရာစံ၏ မွေးဇာတိ၊ ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် သရက်ကန်အရှေ့ရွာနှင့် အနောက်ရွာကြားတွင်ရှိသော ဦးသုရိယအုတ်ကျောင်း။ ဤကျောင်းတွင် ဆရာစံ ငယ်စဉ်က ပညာသင်ကြားခဲ့လေသည်။



ဆရာစံ၏ သမီး အမေစိန်နှင့် သားသမီး ခုနစ်ယောက်၊ မြေး ၂၁ ယောက်တို့မှာ ယခု သရက်ကန်ရွာတွင် နေထိုင်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုညတွင်
သာယာဝတီမြို့ကို
ဝဠုန်တပ်များ
ဝင်ရောက်စီးနင်းလိမ့်မည်တု
သတင်းထွက်ပေါ်နေ၍
မျက်နှာဖြူအင်္ဂလိပ်အရာရှိများ
အိမ်ထောင်စုများ
အလွန်တုန်လှုပ် ချောက်ခြားကုန်ကြသည်

www.burmeseclassic.com

www.burmeseclassic.com

## ဝဲရွာနှင့် အနယ်နယ်တိုက်ပွဲများ

သာယာဝတီမှ သစ်တောအင်ဂျင်နီယာ မစ္စတာဖီးကလပ်သည် ရိုးမတောင်ခြေတွင်ရှိသော ဝဲရွာသို့ မိမိတပည့်များနှင့်အတူ ခရစ္စမတ်ပွဲနေ့မတိုင်မီ ၂ ရက်ခန့်ကြို၍ ထွက်ခွာလာခဲ့ကြသည်။ ဝဲရွာရှိ သစ်တောဗိုလ်ရုံတွင် ခရစ္စမတ်ပွဲရက်အတွင်း လွတ်လွတ်လပ်လပ် နေထိုင်မည်ဟု စိတ်ကူးနှင့်ရောက်ရှိလာကြသည်။ ဝဲရွာသည် ဆရာစံ၏ ဌာနချုပ်ဖြစ်သော အလံတောင်နှင့် သုံးလေးမိုင်ခန့်သာဝေးသည်။ ၎င်းသတင်းကိုကြား၍ မကျေနပ်ချက်များရှိနေသည့် ဆရာစံ၏ အဖွဲ့က ဝင်ရောက်တိုက်ခိုက်ရန် ဆန္ဒများပြင်းထန်နေသည်။

ဒီဇင်ဘာ ၂၄ ရက်နေ့တွင် ဆရာစံတပ်ဖွဲ့သည် ဝဲရွာဗိုလ်ရုံကို ရောက်ရှိနေသော မစ္စတာဖီးကလပ်တို့အဖွဲ့ကို ဝင်ရောက်တိုက်ခိုက်ကြသည်။ ၎င်းတိုက်ပွဲတွင် သစ်တောအင်ဂျင်နီယာ မစ္စတာဖီးကလပ်၊ တောအုပ်ဦးဘရင် တယောဦးတင်အောင်တို့ ကျဆုံးသွားကြသည်။

ဆရာစံတပ်ဖွဲ့သည် ဗိုလ်ရုံကို မီးရှို့ဖျက်ဆီးလိုက်ပြီး ခဲယမ်းမီးကျောက်များနှင့် မစ္စတာဖီးကလပ်သည် ဒီဇင်ဘာ ၂၄ ရက်နေ့ ဟားရွှေကျော်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲပြီးနောက် ဝဲရွာမှ ပြန်ရောက်မလာ၍ သက်ဆိုင်ရာ တာဝန်ရှိသူတွေက လိုက်လာကြရာ အလောင်းကိုကား တွေ့လိုက်ရသည်။ ဖီးကလပ်နှင့် အခြားနှစ်ဦး၏အလောင်းကို လော်လီကားဖြင့် သယ်မယူသွားကြလေသည်။

အင်္ဂလိပ်နယ်ချဲ့တို့သည် ၎င်းတို့၏တပ်ဖွဲ့ဝင်များ တိုက်ပွဲတွင် ကျဆုံးသဖြင့် တောင်သူလယ်သမားသူပုန်တွေကို ဒေါသထွက်နေကြသည်။ တောင်သူလယ်သမားခေါင်းဆောင် ဆရာစံတပ်၏ ဌာနချုပ်ကို စုံစမ်းနေကြသည်။ ဆရာစံ၏တပ်သည် အလံတောင်တွင် ဌာနချုပ်ရှိသည်ဟု သတင်းအတိအကျ ရလိုက်သည်။ အလံတောင်သည် သာယာဝတီခရိုင် သာယာဝတီမြို့၏ အရှေ့ဘက် ၁၅ မိုင်ခန့်ကွာသည်။ ပဲခူးရိုးမတောင်တန်းတွင် ရှိလေသည်။ ၃/၂၀ ဘားမားရိုင်ဖယ်တပ်မှ ကာနယ်စပန်းကီးခေါင်းဆောင်သော အစိုးရစစ်တပ်များနှင့် တပ်ပေါင်းစုံတို့ စုပေါင်းပြီး အင်အား ၆၀၀ ကျော် ၇၀၀ ခန့်တို့သည် ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ညတွင် ခရီးဆက်ခဲ့ကြသည်။ အချိန်မတော်ဖြစ်နေ၍ ကိုးပင်ရိုးရွာတွင် တစ်ညအနားယူပြီး နံနက်အရုဏ်တက်ချိန်တွင် ဆက်လက်ခရီးထွက်ခဲ့ကြသည်။

နံနက် (၈)နာရီအချိန်တွင် လှည်းကူးရွာကို ရောက်ရှိလာကြသည်။ ခရီးဆက်ထွက်သော်လည်း အလံတောင်သည် မည်သည့်နေရာမှန်းမသိ၍ အခက်ကြုံနေလေသည်။ တပ်ဖွဲ့များသည် ဆရာစံ၏ အလံတောင်ကို အဝေးကနေ ကြည့်နေကြသည်။ တောင်ထိပ်တစ်ခုပေါ်တွင် အလံဖြူတစ်ခုနှင့် တဲတစ်လုံးကို တွေ့လိုက်ရသည်။ ၎င်းနေရာသည် ဆရာစံ၏နေရာဟုသတ်မှတ်ပြီး ဆက်လက်ချီတက်နေကြသည်။ သုံးဆယ်ချောင်းနှင့် ရေကြည်ချောင်းတို့ဆုံရာ ရေကြည်ဝစခန်းကို ရောက်သောအခါ တစ်ဘက်မှ အတော်ကြာအောင် ပစ်ခတ်နေသည့်အသံကို ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com


ရေကြည်ဝတစ်ဘက်ကမ်းသို့ကူးရန် တပ်သားနှစ်ယောက်ကို ကင်းထောက်လွှတ်လိုက်သည်။ တောင်ပေါ်မှ ပစ်ခတ်သောကြောင့် တပ်သားတစ်ဦး ဒဏ်ရာရပြီး ပြန်ရောက်လာကြသည်။ အစိုးရတပ်များသည် ချောင်းကူးပြီးတစ်ဖက်ကို တက်လိုက်လာကြသည်။ ထိုနေရာမှ တောင်ပေါ်ကို ဆက်လက်တက်ကြသည်။ အလံတောင်ကိုရောက်ရှိရန် တောင်နှစ်လုံးကို ကျော်ရသည်။ ပထမတောင်သည် နာမည်တိတိကျကျ မသိရပေမယ့် ဒုတိယတောင်မှာ ညှော့ခံတောင်ဟုခေါ်ဆိုပြီး တတိယ တောင်မှာ အလံတောင်ဖြစ်လေသည်။

တောင်ခြေတစ်ဝိုက်တွင် ဂဠုန်တို့စခန်းချရာ တဲများကိုတွေ့ရသည်။ တဲများအနီးရှိ သစ်ပင်များတွင် ကျေးရွာအလိုက် တပ်စွဲထားသည်။ ဝဲရွာ၊ ကျေးရွာများ၏နေရာကို ရေးထားသည်။ တောင်သုံးလုံးသည် အလွန် မတ်စောက်သည့်အပြင် ဝါးပင်များနှင့် ချုံနွယ်များထူထပ်လှသောကြောင့် ခဲယဉ်းစွာ တက်ကြရသည်။ ထိုနေရာတစ်ဝိုက်တွင် စာရွက်စာတမ်းများကို တွေ့ရှိရသည်။ ၎င်းစာရွက်စာတမ်းများသည် ဦးစိုးသိမ်း ဂျိစီဘီအေမှ ထုတ်ပြန်သော စာရွက်စာတမ်းများဖြစ်သည်။

ဂဠုန်တပ်ဖွဲ့များသည် ကွယ်၍ပစ်ခတ်ကြသလို အနားကို ရောက်ရှိ လာသူများကို ဓားနှင့်ခုတ်သလို တချို့ လှံဖြင့်ထိုးသတ်ကြသည်။ ဘယ်လို ပင် တိုက်ခိုက်ပေမယ့် အင်္ဂလိပ်တို့ဘက်မှ ပစ်ခတ်မှုက သာလွန်နေ၍ အထိနာကြရသည်။ ထို့အတူ ဂဠုန်တပ်များသည် နောက်ဆုတ်ထွက်ပြေး ကြရသည်။ တိုက်ပွဲသည် ၃၀ ရက်နေ့ ညနေအထိ တိုက်ခိုက်ခဲ့ရသည်။ အင်္ဂလိပ်တပ်များသည် ညနေ ၃ နာရီတွင် အလံတောင်ပေါ်သို့ ရောက်ရှိ ကြသည်။ ဆရာစံ၏ တပ်သားများသည် တောင်လက်မောင်းမှ ဆင်းသွား ကြသည်။ အင်္ဂလိပ်တပ်များသည် ဆရာစံ၏ တဲနန်းအတွင်းသို့ ဝင်ရောက်ရှာဖွေကြသည်။ တောင်ပေါ်တွင် သုံးမိနစ်ပဲနေရမည်ဟု အမိန့်ကြောင့်

www.burmeseclassic.com



ပစ္စည်းများကို မီးရှို့ဖျက်ဆီးလိုက်ကြသည်။ အလားတူ အဝေးမှ လှမ်းမြင်နေရသည့် သစ်ပင်ပေါ်မှ အလံကို ဖြုတ်ယူပြီး အင်္ဂလိပ်တပ်များ အလံတောင်မှ ချက်ချင်းပြန်ဆင်းလာကြသည်။

ဂျူနီတပ်များသည် အင်္ဂလိပ်ကို အရှုံးပေးလိုစိတ်မရှိ၍ ဒီဇင်ဘာ ၃၁ ရက်နေ့တွင် အင်းရွာနှင့် လက်ပံတန်းကြားရှိ မီးရထားတံတားငယ်တစ်ခုကို ဒိုင်းနမိုက်များဖြင့် ဖောက်ခွဲလိုက်လေသည်။ ထိုညတွင် သာယာဝတီမြို့ကို ဂျူနီတပ်များ ဝင်ရောက်စီးနင်းလိမ့်မည်ဟု သတင်းများ ထွက်နေ၍ မျက်နှာဖြူအင်္ဂလိပ်အရာရှိများ၏ အိမ်ထောင်စုများ အလွန်တုန်လှုပ်ချောက်ချားကြကုန်သည်။ တစ်ယောက်တစ်နေရာ ခွဲနေကြသည့် မိသားစုများ တစ်နေရာတည်းနေကြသည်။ သေနတ်ကိုင် ကင်းများကို နာရီတိုင်း ကင်းစောင့်ရန် တာဝန်ပေးထားသည်။

ဂျူနီတပ်များသည် ရွာအသီးသီးသို့ ဝင်ရောက်ပြီး သူကြီးများနှင့် ပြည်ပပုဂ္ဂိုလ်များထံမှ လိုင်စင်နှင့် ကိုင်ဆောင်သော သေနတ်များကို သိမ်းဆည်းသွားကြသည်။ အစိုးရဘက်မှလည်း သူပုန်များထံ သေနတ်များ ပါမသွားစေရန် သိမ်းဆည်းလျက် ရှိနေသည်။ အလားတူ ဆေးထိုးထားသူများ၊ ဒဏ်ရာရသူများနှင့် မသင်္ကာသူများကို ဘုန်းကြီး၊ ယောကျ်ား၊ မိန်းမ မကျန် သိမ်းကျုံးဖမ်းဆီးရန် အမိန့်ထုတ်၍ ဖမ်းဆီးနေကြသည်။ အလံတောင်တွင် လူစုကွဲသွားသူများသည် ရိုးမတောင်ခြေတွင် စုဖွဲ့ခိုအောင်းနေကြသည်။

သူပုန်များသည် ကင်းဂတ်များနှင့် ကျေးရွာသူကြီးအိမ်များကို မကြာခဏ စီးနင်းကြသည့်အတွက် အင်္ဂလိပ်တို့အတွက် အလုပ်ရှုပ်နေရသည်။ ထိုအတွက်ကြောင့် ကျေးလက်တောရွာမြို့ပြများကို အချိန်မှန်ကင်းစောင့်ကြရသည်။ ဆရာစံ၏ အလံတောင်ကို သိမ်းပိုက်နိုင်ယူရခဲ့သော အင်္ဂလိပ်တို့သည် အေးချမ်းသွားပြီဟု ထင်မှတ်ခဲ့သော်လည်း

www.burmeseclassic.com

www.burmeseclassic.com


မြို့နယ်၊ ကျေးရွာအသီးသီးတို့ ကူးစက်လျက်ရှိနေသည်။

**မှတ်ချက်။** စာရှုသူများကို လေးစားစွာဖြင့် အစီအရင်တစ်ခု ခံချင်ပါသည်။ ဤစာအုပ်တွင် ဆရာစံ၏အမည် ဂဠုန်တပ်များကို သူပုန်တွေဟု အနည်းအငယ်မျှ ထည့်သွင်းရေးသားထားပါသည်။ အကြောင်းက စာရေးသူ ရေးသားချင်စိတ် မရှိသည့် စာသားဖြစ်ပေမယ့် ရှေ့က ရေးသားခဲ့တာတွေကို ဗဟုသုတအနေဖြင့် ရေးသားပြခြင်းသာ ဖြစ်သည်။

အလားတူ စာရေးသူ အရေးချင်ဆုံးအရာများက ဤစာအုပ်၏ နေရာအများစုမှ ရေးသားထားသည် ဂဠုန်မျိုးချစ်တပ်များဆိုတာ ဖြစ်ပါသည်။

■


www.burmeseclassic.com

www.burmeseclassic.com





ဂဠုန်အလံတွင် ပါရှိသည့်အတိုင်း လက်ဖျံပေါ်တွင်လည်း နဂါးကို ဂဠုန်သုတ်ဟန် ဆေးများထိုးနှံကြသည်။



သချွာစံဂဠုန်တပ်ဖွဲ့ဝင်များအား အဖွဲ့ဝင်အမှတ်စဉ်နှင့်တကွ ဤသို့ရေးသားထားသော အဖွဲ့ဝင်လက်မှတ်များကို ဆရာစံက ထုတ်ပေးခဲ့၏။

www.burmeseclassic.com



ဆရာစံအမှုကို စစ်ဆေးသော တရားသူကြီးများ။
လက်ဝဲဘက်မှ လက်ျာဘက်သို့ အစဉ်လိုက်။ မစ္စတာဒါဝတ်၊ (မစ္စတာကန်းလစ် ခေါင်းဆောင်တရားဝန်ကြီး) ဦးဘဦး။



ပြည်မြို့ ဂါတ်တဲဝင်းအတွင်း၌ ဂဠုန်တပ်ဖွဲ့ဝင် ကျဆုံးသူများ၏ ဦးခေါင်းတို့ကို နယ်သူနယ်သားများ ထိတ်လန့်ကြောက်ရွံ့စေရန် ဤသို့ပြသထားခဲ့သည်။ (ဤကိစ္စနှင့် ပတ်သက်၍ ဘီလပ်ပါလီမန်အထိ ရောက်ရှိပြီး မေးမြန်း ဝေဖန်ခြင်း ခံရလေသည်။)

www.burmeseclassic.com



ဆရာစံ ခေါင်းဆောင်သည့်
တောင်သူလယ်သမားများက
အင်္ဂလိပ်နယ်ချဲ့များကို
တော်လှန်နေသည်ဟု
ကြားရသည့်အတွက်
အားတက်စရာဖြစ်နေ
နယ်ချဲ့အင်္ဂလိပ်များကို
တော်လှန်ရန်အတွက်
ရိက္ခာများကို

www.burmeseclassic.com

www.burmeseclassic.com

# ဦးအောင်လှ၏ တိုက်ပွဲ

ဂျွန်ဆရာစံ၏ တောင်သူလယ်သမား အရေးတော်ပုံသည် နေရာဒေသများကို ကူးစက်နေသည်။ အလားတူ ဆရာစံသည် အင်္ဂလိပ်နယ်ချဲ့များ၏ လုပ်ရပ်ကို လက်မခံနိုင်၍ မြန်မာ့ တောင်သူလယ်သမားများကို ထိုကဲ့သို့ စည်းရုံးနေရခြင်းဖြစ်သည်။ အလားတူ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်၊ မရမ်းတိုက်ရှိ လယ်ကွင်းများသည် ပင်လယ်မှတက်လာသော ဆားငန်ရေကာကွယ်ရန်အတွက် တည်ဆောက်ထားသည့် ရေကာတာသည် ကောင်းမွန်စွာ မလုံလောက်သည့်အတွက် မကြာခဏ ကျိုးပေါက်၍ စိုက်ထားသော လယ်များ ပျက်စီးရလေသည်။ တောင်သူလယ်သမားတို့သည် ၄င်းတို့လယ်များ မပျက်စီးစေရန် ရေကာတာကို လုံခြုံအောင် ဖို့ပေးရန် သို့မဟုတ် မိမိတို့ဘက်က လုပ်အားပေး၍ အစိုးရဘက်က ကူညီပေးရန် တောင်းဆိုသော်လည်း ကျွဲပါးစောင်းတီး လုပ်လေသည်။

အလားတူ အင်္ဂလိပ်အစိုးရသည် လယ်သမားများထံမှ လယ်ခွန်များကို အတင်းအဓမ္မ တောင်းခဲ့သည်။ မပေးနိုင်က အမျိုးမျိုး နှိပ်စက်နေကြသည်။ တောင်သူလယ်သမားများသည် စားကောင်းတိုင်း မစားရ၊

www.burmeseclassic.com

www.burmeseclassic.com



အိပ်ကောင်းတိုင်း မအိပ်ရ၊ အင်္ဂလိပ်အရင်းရှင်တို့ ဘယ်အချိန် ရောက်လာပြီး ဒုက္ခပေးမလဲဆိုတာကို တွေးကြောက်နေကြရသည်။ လူ့လောကမှာ အသက်ရှင်တာထက် သေရတာ တန်ဖိုးရှိသည်ဟု တွေးတောရင်း အင်္ဂလိပ်များကို တိုက်ခိုက်ရန် ဆုံးဖြတ်ချက်များ ချလိုက်ကြသည်။

၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် ဖျာပုံခရိုင်၊ ဒေးဒရဲ မြို့နယ်၊ ထန်းတောကျေးရွာ၌ အရေးပိုင်ခေါင်းဆောင်သည့် အစိုးရအဖွဲ့နှင့် သူပုန်တို့ စတင်တိုက်ပွဲဖြစ်လေသည်။ ၄င်းတိုက်ပွဲကို ဦးအောင်လှ ခေါင်းဆောင်ပါဝင်သည်။ ဦးအောင်လှသည် အင်္ဂလိပ်နယ်ချဲ့များကို အလွန် မုန်းတီးသောသူတစ်ယောက် ဖြစ်လေသည်။

ဦးအောင်လှသည် သာမန်သူတစ်ယောက်မဟုတ်။။ ၄င်း၏ အကြောင်းကို တင်ပြရလျှင် ဦးအောင်လှသည် မြန်မာသက္ကရာဇ် ၁၂၃၀ ပြည့်နှစ် ရောက်သောအခါ သီပေါမင်းလက်ထက် မြန်မာစစ်တပ်ထဲ၌ မြင်းစီးတော်စီးရာထူးတွင် ဝင်ရောက်အမှုထမ်း၍ ဗိုလ်သူရဘွဲ့ကို ရရှိခဲ့ လေသည်။ အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲတွင် မြန်မာတို့စစ်ရှုံးနိမ့်၍ မိမိ၏မြင်းကိုပါ ယူဆောင်၍ မထင်မရှားသောအသွင်ဖြင့် အောက် မြန်မာပြည် ဟံသာဝတီသို့ ထွက်ပြေးတိမ်းရှောင်လာခဲ့လေသည်။

ဦးအောင်လှသည် မော်ဝန်းကျောက်တန်းတွင် လယ်သမားတစ်ဦး ၏နေအိမ်တွင် သူရင်းငှား အလုပ်သမားအဖြစ် သုံးနှစ်မျှ လုပ်ကိုင်နေ ထိုင်ပြီး မိမိတို့ ရွှေဘိုနယ်မှ အသိမိတ်ဆွေများရှိသော ဖျာပုံခရိုင်၊ ဒေးဒရဲ မြို့နယ်၊ မရမ်းတိုက်နယ်၊ ထန်းတောကျေးရွာသို့ အလည်အပတ် ရောက်ရှိ သွားသည်။ ထိုရွာတွင် နေထိုင်စဉ် ဦးထွန်း+ဒေါ်မင်းရာတို့၏သမီး ဒေါ်ညိမ်းနှင့် အကြောင်းပါ၍ လယ်ယာလုပ်ငန်းများကို လုပ်ကိုင်နေသည်။

ဦးအောင်လှနှင့် ဒေါ်ညိမ်းတို့တွင် သားသမီးကိုးယောက် ထွန်း ကားသည်။ ဦးအောင်လှသည် ထန်းတောရွာတွင် တောင်သူလယ်သမား

www.burmeseclassic.com

www.burmeseclassic.com



ဘုရားတကာ၊ ကျောင်းတကာအဖြစ်ဖြင့် ဩဇာတိက္ကမရှိသော ပုဂ္ဂိုလ်ဖြစ်သည်။ ဦးအောင်လှသည် စီးပွားရေးအားဖြင့် အဆင်ပြေသော်လည်း စီးပွားရေးကျခြင်း၊ စပါးဈေးများက ကျဆင်းနေသလို အင်္ဂလိပ်အစိုးရက အခွန်များကို အတင်အဓမ္မ တောင်းခံနေခြင်းကြောင့် စိတ်သောက ရောက်နေရသည်။ အစကတည်းက အင်္ဂလိပ်များကို မကျေမနပ် ဖြစ်နေသည့် ဦးအောင်လှအတွက် ဒေါသထွက်စရာ ဖြစ်နေသည်။

ဒီကြားထဲ ဆရာစံခေါင်းဆောင်သည့် တောင်သူလယ်သမားများက အင်္ဂလိပ်များကို တော်လှန်နေသည်ဟု ကြားရသည့်အတွက် အားတက်စရာဖြစ်နေသည်။ အင်္ဂလိပ်များကို တော်လှန်ရန်အတွက် ရိက္ခာများကို စုဆောင်းထားသည်။ အလားတူ ဦးအောင်လှသည် ဆရာစံ၏ ဂဠုန်တပ်တွင် ဖျာပုံခရိုင်၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသည်။ အတွင်းရေးမှူးမှာ ဦးဘိုးကျားဖြစ်သည်။ ခရိုင်အတွင်းရှိ တပ်ဖွဲ့များသည် ဦးအောင်လှအိမ်တွင် လျှို့ဝှက်စွာ ဆွေးနွေးကြပြီး အင်္ဂလိပ်ကို တော်လှန်ရန် ဆုံးဖြတ်လိုက်ကြသည်။

၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလ (၇)ရက်၊ ၁၂၉၂ ခုနှစ်၊ ပြာသိုလဆုတ် ၅ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ထန်းတောရွာ၌ အရေးတော်ထရန် စုဝေးနေသည်ဟု သတင်းကိုရရှိသဖြင့် ဖျာပုံခရိုင်အရေးပိုင် မစ္စတာ သဘက်တိုးနှင့် ခရိုင်ရာဇဝတ်ဝန်ကြီး မစ္စတာ အေဘာရှူးတို့ခေါင်းဆောင်သည့် စစ်ပုလိပ် နယ်ပုလိပ်တို့ သင်္ဘောတစ်စီးဖြင့် ထန်းတောရွာကို ရောက်ရှိလာကြသည်။ ဂဠုန်တပ်များသည် ခရိုင်ရာဇဝတ်ဝန်ကြီးတို့ ရောက်လာမည်ကို ကြိုတင်သတင်းရထားသည်။ ၄င်းရက်မတိုင်မီ ရက် အနည်းငယ်က ရာဇဝတ်ဝန်ကြီး မစ္စတာအေဘာရှူးသည် ဆုကလပ်ရှိ တောင်သူလယ်သမားနှင့် ရွာသားများကို အခွန်တော်ကိစ္စနှင့် ... နှိပ်စက်မှုများ ပြုလုပ်သွားကြသေးသည်။ ၄င်းကိစ္စနှင့်ပတ်သက်၍ အင်္ဂလိပ်

www.burmeseclassic.com



များအပေါ် နာကြည်းမုန်းတီးနေကြသည်။

အင်္ဂလိပ်အရေးပိုင်တို့ ရောက်ရှိလာ၍ အချို့သော ချောင်းဘေးရှိ လယ်တဲများမှ ရွာသူရွာသားများသည် အလံများကို ဝှေ့ယမ်းပြီး ဆုကလပ် ရွာဘက်သို့ ပြေးသွားသည်ကို တွေ့ရသည်။ ၄င်းအချိန်တွင် ရှပ်အင်္ကျီအဖြူ များ ဝတ်ဆင်ထားသော ဂဠုန်တပ်သည် သုံးစုခွဲ၍ အင်္ဂလိပ်ကို ရင်ဆိုင်ရန် ချီတက်လာကြသည်။ အရှေ့မှ ဦးဆောင်လာသူသည် ဂဠုန်တပ်အလံကို ကိုင်ဆောင်လျက် ကြွေးကြော်လာကြသည်။

၄င်းတိုက်ပွဲတွင် ဂဠုန်တပ်ဘက်မှ ၇၀ ကျော်ကျဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိသွားကြသည်။ ကျဆုံးသူများတွင် ဦးအောင်လှ၏ သားကြီး ကိုဘိုးဒေါင်းလည်း ပါဝင်သွားလေသည်။ နောက်တစ်နေ့ ဇန်နဝါရီလ ၈ ရက်နေ့တွင် ထန်းတောရွာကို အင်္ဂလိပ်တို့ဝိုင်းထားလိုက် သည်။ အင်္ဂလိပ်တို့သည် ပစ္စည်းအချို့ကို သိမ်းယူပြီး ရွာသူရွာသား ယောကျ်ား မိန်းမအားလုံးကို ဖမ်းဆီးလိုက်ကြသည်။ ထို့နောက် ဦးအောင်လှ ၏နေအိမ်မှ ရွာကို မီးရှို့ဖျက်ဆီးလိုက်သည်။

ဦးအောင်လှ၏သားများ ဖြစ်ကြသော ကိုဘိုကောင်း၊ ကိုဘစိန်၊ ကိုရှိန်တို့သည် တောစခန်းကို တိမ်းရှောင်သွားကြသည်။ အစိုးရက တော်လှန်သူများ၏ သားသမီးများကို ဖမ်းဆီးထားသည်ဆိုသော အကြောင်း ကို သတင်းစာတွင် ဖော်ပြီးရေးသားထားသလို ဦးအောင်လှကို ဖမ်းဆီး မိပါက ဆုတော်ငွေငါးရာ ၅၀၀ ပေးမည်ဟု ကြော်ငြာကို ရွှေဘိုရောက် ရှိနေသည့် ဦးအောင်လှ ဖမ်းမိသောအခါ ဇနီးမယားနှင့် သားသမီးများကို စိုးရိမ်သွားကြသည်။ အလားတူ အင်္ဂလိပ်အစိုးရက ဦးအောင်လှအား ဖမ်းဆီးပေးလျှင် ဆုငွေ ၅၀၀ ကျပ်ပေးမည်ဟု ကြော်ငြာသည်။ ဦးအောင်လှ သည် ဇနီးနှင့် သားသမီးများ ဒုက္ခမရောက်စေချင်သည့်ဆန္ဒနှင့် ရွှေဘိုဂါတ် တွင် သွားရောက်အဖမ်းခံလိုက်သည်။ အင်္ဂလိပ်အစိုးရသည် ဦးအောင်လှနှင့်

www.burmeseclassic.com

www.burmeseclassic.com



သားဗိုလ်ဘစိန်တို့အား ကြိုးစင်ကျစေရန် အမိန့်ချမှတ်လိုက်သည်။

ကြိုးစင်တက်ခါနီးတွင် ဦးအောင်လှနှင့် သားဗိုလ်ဘစိန်တို့သည် 'ဘဝအဆက်ဆက် ဗြိတိသျှနယ်ချဲ့သမားတို့ကို နှိမ်နင်းအောင် မြင်နိုင်တဲ့ကိုယ် ဖြစ်ပါစေသတည်း' ဟု ဆုတောင်းပြီး ကြိုးစင်ပေါ်သို့ ရဲရင့်စွာ တက်သွားသည်။

■

www.burmeseclassic.com

www.burmeseclassic.com





ဂျူနှံတပ်ဖွဲ့ဝင်များ ဝင်ဆင်အသုံးပြုသည့် ခေါင်းပေါင်းများ၊ ခါးစည်းများ၊
ဆေးထိုးစုတ်တံများ၊ လက်ဖွဲ့နှင့် စိပ်ပုတီးများ။

www.burmeseclassic.com

www.burmeseclassic.com





ဂဠုန်တပ်ဖွဲ့များ လက်ချက်ဖြင့် ဝဲရွာအတွင်း သစ်တောအင်ဂျင်နီယာဗီးကလပ် ကျဆုံးသောနေရာ



ဆရာစံအရေးတော်ပုံအတွင်း ပြည်ခရိုင်၌ အမှုထမ်းဆောင်ရသော အရာရှိများ၊ ဝဲမှယာ မစ္စတာဓေးဗီးယား (ဗိုလ်ချုပ်အောင်ဆန်းအား ဆုရွေ ၅၅ ရာက်သူ)၊ ဦးဇော်၊ ဒိုဂရာစစ်တပ်မှ ကပ္ပတိန်တစ်ဦး၊ ဦးဘတင်(ပြည်အရေးပိုင်)နှင့် ဗိုဂရာစစ်တပ်မှ ကပ္ပတိန်တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



အင်းစိန်၊ သာယာဝတီ
တာသုံတာခရိုင်နယ်စပ်ရှိ
မြစ်ရိုးတစ်လျှောက်တွင်
ကိုင်းတောကြီးများကို အကာအကွယ်ယူ၍
ဗိုလ်အောင်ဖေ၊ ဗိုလ်အောင်ရွှေ
ညီအစ်ကိုနှစ်ဦး ခေါင်းဆောင်သော
သူပုန်တို့သည်
အင်္ဂလိပ်အစိုးရတပ်များ
ပုလိပ်ကင်းစခန်းများ...

www.burmeseclassic.com

www.burmeseclassic.com

## တိုက်ပွဲများ

ပြာဖုံးနေသော မီးခဲများကို မီးတောက်မီးလျှံအဖြစ် ပြောင်းလဲစေသည့် အကြောင်းအရင်းကား အစိုးရအရာရှိများ သူကြီးများနှင့် စစ်ပုလိပ်များ၏ အတင်းအဓမ္မ နှိပ်စက်ညှဉ်းပန်း၍ အခွန်တောင်းမှုများပင် ဖြစ်လေသည်။

အင်္ဂပူမြို့ပိုင်သည် လူခွန်တောင်းရာတွင် အလွန်နာမည်ကြီးသူဖြစ်သည်။ အခွန်မပေးသူများအား အင်္ကျီကိုချွတ်စေ၍ ဦးခေါင်းတွင် မည်သည့်ဝတ္ထုပစ္စည်းကိုမျှ တင်မထားစေဘဲ နေပူကျဲကျဲတွင် နေလှန်းတတ်သည်။ ထိုမြို့ပိုင်ကို အင်္ဂပူမြို့နယ်တစ်ခုလုံးက ထိတ်လန့်တုန်လှုပ်လျက် ရွံရှာကြောက်ရွံ့ကြသည်။ ဖေဖော်ဝါရီလအတွင်းတွင် ကောက်ဘက်ဒိုးတန်းရွာ၌ မာဒင်မာရင်အမည်ရှိသော ညီအစ်ကိုနှစ်ဦးသည် လူစုနေသည်ဟူသော သတင်းကို ကြားရသဖြင့် မြို့ပိုင်သည် ပုလိပ်အရာရှိများဖြစ်ကြသော ဦးဘခက်၊ ဦးဘဦးတို့နှင့်အတူ စုံစမ်းရန် ထွက်လာခဲ့လေသည်။ ရွာကိုရောက်သောအခါ ယောကျ်ားတစ်ယောက်မျှ မတွေ့ရ၍ ဆက်လက်စုံစမ်းကြည့်ရာ ကွမ်းခြံထဲတွင် ပုန်းအောင်းနေကြောင်း

www.burmeseclassic.com



သိရှိရလေသည်။

မြို့ပိုင်နှင့်အဖွဲ့သည် မမှုသောသဘောဖြင့် ဒိုးကန်ရွာရှိ မာဒင် မာရင်တို့၏ ခြေတံရှည်အိမ်ပေါ်တွင် ထိုင်လျက် စကားပြောနေကြသည်။ ထိုအချိန်တွင် ရွာသားများ အဝေးမှ စုရုံးအော်ဟစ်လာသည်။ 'မြို့ပိုင်အသား ငါးကျပ်သားစီ ပေးဝေမယ်' ဟု အော်ဟစ်လာကြသည်။ အနီးသို့ရောက် သောအခါ ဆဲဆိုရေရွတ်ပြီး အော်ဟစ်နေကြသောကြောင့် ဦးဘခက်က ခေါင်းဆောင်သုံးလေးယောက်အား အိမ်ပေါ်သို့ တက်ခဲ့ရန် ပြောဆိုလေ သည်။ ထိုအခါ ရွာသားများက 'မလာဘူး··· မလာဘူး··· မြို့ပိုင်အသား ငါးကျပ်သားစီ စားချင်တယ်' ဟုသာ အော်ဟစ်နေသည်။

ရွာသားများသည် အလွန်စိတ်ဆိုးဒေါသထွက်နေကြသဖြင့် မည်သို့မျှ တောင်းပန်၍ရဟန် မတူသောကြောင့် အခက်တွေ့နေသည်။ ထို့ကြောင့် မြို့ပိုင်နှင့်အဖွဲ့သည် ပစ္စည်းအာလုံးကို ထားခဲ့ပြီး အိမ်ပေါ်မှ ကဗျာကသီ သေနတ်များကိုဆွဲပြီး ထွက်ပြေးကြလေသည်။ နောက်မှ လူအုပ်ကြီးကလည်း ညာသံပေး၍ လိုက်လာကြလေသည်။ ရွာသားများကို သတ္တိရှိရှိ နှိပ်စက်ညှဉ်းပန်းခဲ့သည့် မြို့ပိုင်သည် ရွာသားများ၏ မုန်းတီးမှုကို ခံလိုက်ရ၍ အလွန်တုန်လှုပ်သွားသည်။ သတ္တိများ ဘယ်နေရာကို ရောက်ရှိ သွားမှန်းမသိအောင် ဖြစ်သွားသည်။ မြို့ပိုင်မင်းသည် ရွာသားများကို ကြောက်ရွံ့ထိတ်လန့်ပြီး ဝါးလှေကားကိုပင် မတက်နိုင်လောက်အောင် ဖြစ်လေသည်။ ရွာသားများ နီးလာသောအခါ ဆွဲတင်ကြရလေသည်။ ဒေါသအမျက် ချောင်းချောင်းထွက်နေသော လူအုပ်ကြီးသည် မကြာမီ ရောက်လာပြီးလျှင် မြို့ပိုင်ကို ထုတ်ပေးရန် တောင်းဆိုကြသည်။ မရသော် ကောက်ရိုးများကို ပွေ့ယူလာကြပြီး အိမ်အောက်တွင် စုပုံ၍ မီးတိုက်ရန် ဇိစဉ်ကြလေ၏။

ထိုအချိန်တွင် မြို့ပိုင်၏အဖွဲ့ထဲက ပုဂ္ဂိုလ်တစ်ဦးသည် နှစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



ပြုံးသေနတ်နှင့် လှမ်းပစ်ရာ လူသုံးလေယောက်ခန့် ကျဆုံးသွားကြသည်။ ရွာသားများ ရုတ်ရုတ်သဲသဲ ဖြစ်နေချိန်တွင် မြို့ပိုင်နှင့်အဖွဲ့သည် သပြေကုန်းမှတစ်ဆင့် အင်္ဂပူအရောက် ဒုန်းစိုင်း၍ ပြေးရလေတော့သည်။ ၁၉၃၁ ခုနှစ်၊ မတ်လအတွင်း၌ အင်အားကြီးမားသော လှုပ်ရှားမှုများ ငြိမ်သက်သွားသော်လည်း အင်္ဂလိပ်တပ်များအား ပျောက်ကျားစနစ်ဖြင့် မကြာခဏ တိုက်ခိုက်ကြလေသည်။ မတ်လ ၂၆ရက်နေ့တွင် ဇောင်းဘန်းကျေးရွာမှ အစိုးရဘက်သားဟု သက်မကင်းဘွယ်ရာဖြစ်သော စက်ပိုင်ရှင်တစ်ဦး အိမ်ကို ဝိုင်းဝန်းတိုက်ခိုက်ကြလေသည်။

အရေးတော်ပုံထစအချိန်မှာ ဟင်္သာတမြို့ပေါ်တွင် စစ်ပုလိပ်များ အနည်းငယ်ခန့်သာ ရှိသော်လည်း နောက်ပိုင်းတွင် ရန်ကုန်မှ အင်အားများ ဖြည့်ပေးလျက်ရှိသည်။ သို့ပါသော်လည်း ပျောက်ကြားစနစ်ဖြင့် တိုက်ခိုက်လျက်ရှိသော သူပုန်တို့သည် အင်္ဂလိပ်အစိုးရတပ်များအား အလစ်ဝင်တိုက်ခိုက်ပြီးနောက် ခရိုင်၏အနောက်ဘက်ရှိ သစ်တောများတွင် ဆုတ်ခွာခိုအောင်းနေတတ်ကြသဖြင့် အစိုးရတပ်တို့သည် နိုင်နင်းစွာ မချေမှုန်းနိုင်အောင် ဖြစ်နေရသည်။

မေလ ၁၀ ရက်နေ့တွင် သူပုန်တို့သည် ဟင်္သာတမြို့ကို စီးရန် ကြံစည်ကြသည်။ ထိုအချိန်တွင် ဟင်္သာတမြို့ကို ကာကွယ်ရန်အတွက် ပန်ချာပီစစ်ပုလိပ် ၄၀၀ ခန့်ရှိလေသည်။ သူတို့သည် ဂါတ်ဝင်းအတွင်းတွင် စခန်းချလျက်ရှိကြသည်။ ၄င်းညတွင် ပူအိုက်လှသဖြင့် အချို့ အပြင်ထွက်ပြီး အိပ်နေကြသည်။ သူပုန် ၄၀ ခန့်သည် ဟင်္သာတမြို့ကို ရုပ်ဖျက်၍ တိတ်တဆိတ် ဝင်ရောက်လာပြီးနောက် နံနက် (၂)နာရီတွင် ဂါတ်တဲအပေါ်ထပ်ရှိ အချုပ်ခန်းကို ဖောက်ရန်အတွက် သူပုန်နှစ်ဦးသည် ပန်ချာပီစစ်သားဟန်ဆောင်၍ အုတ်လှေကားမှ တက်ရောက်လာလေသည်။ အစောင့်ချနေသော ပန်ချာပီစစ်သားက လှေကားနှင့် အချုပ်ခန်းအကူး မထင်သားသော

www.burmeseclassic.com



ဆွဲတံခါးထိပ်မှ အော်ဟစ်မေးမြန်းရာ ပြန်လည်ဖြေကြားခြင်းမပြုဘဲ အမြန်တက်ပြေးလာပြီး ဓားနှင့်ခုတ်သောကြောင့် အစောင့်တပ်သားကလည်း လုံနှင့်ဆီးထိုးသည်။ ပန်ချာပီကဲ့သို့ ဝတ်ဆင်လာသူ သူပုန်ကလည်း ဓားနှင့်ထပ်ခုတ်ရာ ဆွဲတံခါးကို မတင်ထား၍ တစ်ဘက်ကို မကူးနိုင်ဘဲ လှမ်း၍သာ ခုတ်နေရသောကြောင့် သေနတ်ကိုသာ ခုတ်မိနေသည်။

ထိုအချိန်တွင် သူပုန်အချို့သည် ရဲဌာနအနောက်ပိုင်းမှ ဝင်ရောက်လာပြီး ပန်ချာပီစစ်သားတို့အား ဓားဖြင့်ဝင်ခုတ်ကြသည်။ ပန်ချာပီတပ်ကြပ်တစ်ယောက်နှင့် တပ်သားတစ်ယောက်တို့ ပြင်းထန်စွာ ဒဏ်ရာရရှိသွားကြသည်။ အခြားပုလိပ်သားတစ်ယောက် အနည်းငယ် ဒဏ်ရာရရှိသွားပြီး သူပုန်တို့ဘက်မှ ၄ ယောက်ကျဆုံးသွား၍ ဆုတ်ခွာသွားကြသည်။ ဤမျှလောက် ရဲတင်းစွာဝင်ရောက်တိုက်ခိုက်သော ဂဠုန်တပ်တို့သည် မည်သည့်နေရာဒေသမှ ဝင်ရောက်လာသလို မည်သူများဖြစ်ကြောင်း အင်္ဂလိပ်တို့ ကြိုးစားစုံစမ်းသော်လည်း မည်သူမှ သေချာမသိအောင် ဖြစ်နေကြသည်။

မေလ ၁၅ ရက်နေ့တွင် သေနတ် ၂၀ ကိုင်ဆောင်ထားသည့် သူပုန် ၃၀ ခန့်သည် လယ်တီစာဖြူစုတွင်းရှိသော ပုလိပ်ကင်းစခန်းကို တိုက်ခိုက်ကြလေသည်။ ၎င်းကင်းစခန်းသည် ဟင်္သာတခရိုင်၊ အဖျောက်နယ်၊ သာယာဝတီနှင့် အင်းစိန်သုံးပွင့်ဆိုင်နယ်စပ် ဧရာဝတီမြစ်ကမ်းပေါ်တွင် တည်ရှိသည်။ ထိုကင်းစခန်းတွင် ရာဇဝတ်အုပ်တစ်ဦးနှင့် ပုလိပ် ၁၇ ဦးရှိသော်လည်း ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ခြင်းကို ခံလိုက်ရသဖြင့် မည်သို့မျှ ခုခံကာကွယ်ခြင်း မပြုနိုင်တော့ဘဲ ခေါင်းဆောင်ရာဇဝတ်အုပ် ကျဆုံးသွားသည်။ အလားတူ နှစ်လုံးပြူး သေနတ် ၁၀ လက်၊ ကာဘိုင်တစ်လက်၊ ခြောက်လုံးပြူးတစ်လက်၊ ယမ်းတောင့်မျိုးစုံ ၅၀၀ ကျော်ကို သူပုန်တို့ သိမ်းဆည်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အလားတူ မေလ ၁၉ ရက်နေ့တွင် ရိုးကြီးရွာတွင် စခန်းချလျက်ရှိသော ရာဇဝတ်ဝန်ကြီးနှင့်အဖွဲ့အား အရဏ်တက်ချိန်တွင် သူပုန်များ ဝင်ရောက်တိုက်ခိုက်ကြသည်။ တိုက်ပွဲသည် နံနက်အချိန်ထိ ဖြစ်ပွားခဲ့သည်။ အစိုးရဘက်မှ စစ်သားတစ်ဦးကျဆုံး၍ စစ်သားလေးဦးနှင့် ရာဇဝတ်ဝန်ကြီးတို့ ဒဏ်ရာရရှိသွားကြသည်။ သူပုန်တို့ဘက်မှ တစ်ဦးသေဆုံးပြီး လယ်တီစာဖြူစုမှ ရရှိသွားသော ခြောက်လုံးပြူး သေနတ်ကို အင်္ဂလိပ်တို့ ပြန်လည်သိမ်းဆည်းသွားသည်။

အင်းစိန်၊ သာယာဝတီနှင့် ဟင်္သာတခရိုင်နယ်စပ်ရှိ မြစ်ရိုးတစ်လျှောက်တွင် ကိုင်းတောကြီးများကို အကာအကွယ်ယူ၍ ဗိုလ်အောင်ဖေ၊ ဗိုလ်အောင်ရွှေ ညီအစ်ကိုနှစ်ဦး ခေါင်းဆောင်သော သူပုန်တို့သည် အင်္ဂလိပ်အစိုးရတပ်များ၊ ပုလိပ်ကင်းစခန်းများနှင့် သူကြီးများကို ဝင်ရောက်တိုက်ခိုက်လျက်ရှိသည်။ ဗိုလ်အောင်ဖေနှင့် ဗိုလ်အောင်ရွှေသည် သူရသတ္တိပြည့်စုံ၍ ကြံရည်ဖန်ရည်လည်းရှိသည်။ ဧပြီလ ၂၇ ရက်နေ့တွင် ဗိုလ်အောင်ရွှေ ခေါင်းဆောင်သောအဖွဲ့သည် အဖျောက်ရှိ ပုလိပ်ကင်းစခန်းကို တိုက်ခိုက်လေသည်။ အကြောင်းမှာ သူပုန်တို့သည် အဖျောက်သူကြီးအား သူပုန်အကျဉ်းသားများကို ခေါ်ဆောင်လာဟန်ဖြင့် ကင်းဂါတ်အတွင်းသို့ ဝင်ရောက်စေပြီးလျှင် ကင်းစခန်းအတွင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဟန်ဆောင်ချုပ်နှောင်၍လာသော သူပုန်တို့နှင့် နောက်ပါအဖော်တို့သည် ပုလိပ်တို့အား ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ကြရာ ရာဇဝတ်အုပ်တစ်ဦး ဒဏ်ရာရရှိသွားပြီး ရဲသားတစ်ဦး ကျဆုံးသွားသည်။ ခြောက်လုံးပြူးတစ်လက်၊ ကာဘိုင်ခုနစ်လက်၊ ယမ်းတောင့် ၃၈၂ တောင့်တို့ကို ယူဆောင်သွားကြလေသည်။

မေလ ၂၁ ရက်နေ့တွင် ထိုအဖွဲ့ပင် သာယာဝတီခရိုင်ဘက်သို့ ရောက်ရှိလာသည်။ သာရဝေါ်ဌာနအုပ်အား ဇီးဖြူကုန်းရွာအနီး ကညွန့်တိုရွာ

www.burmeseclassic.com

www.burmeseclassic.com



တွင် သေနတ် ၁၀ လက် ကိုင်ဆောင်ထားသည့် သူပုန် ၃၀ ခန့်က ချောင်းမြောင်းတိုက်ခိုက်ရာ ပုလိပ်တစ်ဦး ကျဆုံးသွားသည်။ ဌာနအုပ်နှင့် ပုလိပ်နှစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိသွားသည်။ သူပုန်များ သေနတ် ၂ လက်ကို ယူဆောင်သွားကြသည်။

မေလ ၂၃ ရက်နေ့တွင် တောင်ဘို့ပေါက်ပုလိပ်ကင်းစခန်းကို အလစ်ဝင်ရောက် တိုက်ခိုက်ကြသော်လည်း ကင်းစခန်းမှ ပုလိပ်များ အချိန်မီ သိရှိသွားသည်။ သူပုန်များသည် တစ်ဖက်သူတို့၏ ကြိုတင်ကာကွယ်မှုကြောင့် အောင်မြင်မှု မရရှိအောင် ဖြစ်သွားကြသည်။

မေလ ၂၈ ရက်နေ့တွင် သေနတ်ကိုယ်စီပါလာသော ဗိုလ်အောင်ရွှေခေါင်းဆောင်သည့် သူပုန် ၁၆ ယောက်တို့သည် အဖျောက်ရွာကို ဝင်ရောက်စီးနင်းပြီးလျှင် အစိုးရဘက်မှ အခုအခံမရှိသဖြင့် ရွာတွင် ငါးနာရီကြာ အေးဆေးစွာ နေထိုင်ပြီး ပြန်ခဲ့ကြသည်။

အလားတူ သာယာဝတီနှင့် အင်းစိန်ခရိုင်နယ်စပ်တွင် သူပုန်တို့ အမြဲလှုပ်ရှားလျက် ရှိလေသည်။ ဆရာစံ၏ လက်ရုံးများဖြစ်ကြသော ဗိုလ်မြတ်အောင်နှင့် ဗိုလ်စံထူးတို့သည် ၄င်းဒေသတစ်ဝိုက်တွင် အစုအဝေးနှင့် ရှိနေကြသည်။ ဗိုလ်စံထူးသည် စစ်သားဟောင်းတစ်ဦး ဖြစ်လေသည်။ ၁၉၃၁ ခုနှစ်၊ ဩဂုတ်လအတွင်း၌ လှည်းကူးမြို့၏ မြောက်ဘက် ဖောင်ကြီးဒေသတစ်ဝိုက်တွင် စတင်တိုက်ခိုက်မှုများ ဖြစ်ပွားကြလေသည်။ တိုက်ကြီးဒေသတွင် အင်္ဂလိပ်အစိုးရတပ်များသည် သူပုန်တို့အား အကူအညီပေးနေသော ရွာများကို မကြာခဏ လှည့်လည်သွားလာလျက်ရှိသည်။

မြစ်ကမ်းဒေသတစ်ဝိုက်တွင် ဗိုလ်အောင်ရွှေ၊ ဗိုလ်အောင်ဖေတို့ ညီအစ်ကိုနှစ်ဦး ခေါင်းဆောင်သော အဖွဲ့သည် သွားလာလှုပ်ရှားလျက်ရှိကြပြီး ဗိုလ်အောင်ရွှေအဖွဲ့သည် လှိုင်မြစ်အနီး ကုန်းမြင့်တောတန်းတွင် ခိုအောင်းနေကြသည်။ ဗိုလ်အောင်ရွှေ၏အဖွဲ့မှ ခွဲထွက်လာသော ဗိုလ်ထွန်း

www.burmeseclassic.com

www.burmeseclassic.com



မောင်ကို အစိုးရတပ်များသည် အောက်တိုဘာလ ၁ ရက်နေ့တွင် တော်လတီအရပ်တွင် ဖမ်းဆီးရမိလေသည်။

ဆရာစံကို အစပြုသော တောင်သူလယ်သမား အရေးတော်ပုံသည် အင်္ဂလိပ်နယ်ချဲ့တို့အတွက် အလုပ်ရှုပ်သလို အလွန်နစ်နာရသည်။ ဆရာစံကို လေးစားကြသော သူပုန်များသည် ပဲခူးခရိုင်အတွင်း အင်းစိန်၊ သာယာဝတီခရိုင်များတွင် နေထိုင်ကြသည်။ သူပုန်များသည် အင်္ဂလိပ်နယ်ချဲ့များကို မကြာခဏ ဝင်ရောက်တိုက်ခိုက်နေကြသည်။ ၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလတွင် ဖင်လေသစ်တောကုမ္ပဏီမှ လုပ်ကိုင်နေကြသောသူများကို သစ်တောအတွင်းကို ဝင်ရောက်လာကြပြီး သစ်တောဗိုလ်ရုံနှင့် အခြားကျေးရွာများကို မီးရှို့ဖျက်ဆီးကြသည်။ ထို့ကြောင့် ရိုးမနှင့် မနီးမဝေးတည်ရှိသော ကျေးရွာများမှ သေနတ်များကို အစိုးရဘက်မှ ပြန်လည်သိမ်းယူထားလေသည်။

ညောင်လေးပင်ဒေသတစ်ဝိုက်တွင် ကုလားဗမာ အဓိကရုဏ်းဖြစ်ပြီးစအချိန် ဖြစ်နေသည်။ မြို့နယ်ကျေးရွာကိစ္စ မရှင်းသေးချိန်တွင် ၎င်းအဓိကရုဏ်းကြောင့် မငြိမ်မသက်မှုကို နှိုးဆော်ပေးသလို ဖြစ်နေ၏။ အင်္ဂလိပ်အစိုးရသည် ၎င်းအဓိကရုဏ်းကြောင့် သာယာဝတီ၊ အင်းစိန်တို့မှ သူပုန်များ ရောက်ရှိလာမည်ကို စိုးရိမ်နေကြသည်။ သူပုန်များသည် အချိန်ကြာမြင့်စွာ ငြိမ်သက်ပြီးနောက် ဇွန်လအတွင်းတွင် ပဲခူးမြစ်အထက်ပိုင်းတွင် သူပုန်များ စတင်လှုပ်ရှားလာသည်။ ၎င်းဒေသသည် တောတောင်များ အလွန်ထူထပ်လေသည်။

အလားတူ ပဲခူးမှ သစ်ပင်ဆိပ်သို့ ရှစ်မိုင်ကျော် ကိုးမိုင်မျှသာဝေးသော်လည်း မြေပြန့်မှ တဖြည်းဖြည်း တောတောင်များ၊ ထူထပ်နေသော ဒေသဖြစ်နေသည်။ သူပုန်များသည် သစ်ပင်ဆိပ်အနောက်ဘက် ထန်းတောကြီးမှ ဓောင်းတူ၊ ထိုမှတစ်ဖန် တိုက်ကြီးနယ် [illegible] များသို့

www.burmeseclassic.com



အခြေချကျက်စားနေသည်။ သူပုန်ခေါင်းဆောင်များသည် ဗြိတိသျှအစိုးရလက်အောက်မှ လွတ်မြောက်ရေးအခွန် မပေးရေး။ အစိုးရတပ်များအား ပျောက်ကြားစစ်ဖြင့် တိုက်ခိုက်ရေး အစရှိသော ဟောပြောပြီး စည်းရုံးကြလေသည်။

ဇွန်လအတွင်းတွင် သူပုန်တို့သည် ထန်းတောကြီးနှင့် ဝါးဖြန်ရွာများကို ဝင်ရောက်တိုက်ခိုက်ပြီးနောက် အစိုးရဗိုလ်တဲကို မီးရှို့ဖျက်ဆီးလိုက်သည်။ အစိုးရတပ်သားနှစ်ဦး အသတ်ခံရပြီး သေနတ်ငါးလက်ကို သူပုန်များ ယူဆောင်ခဲ့သည်။ ကျေးရွာ ၁၉ ရွာကို ဆက်လက် တိုက်ခိုက်ပြီး သေနတ် ၂၀ ကို သိမ်းယူသွားသည်။ အလားတူ ဇူလိုင်လ ၁၅ ရက်နေ့တွင် ဓောင်းတူရွာကို ဝိုင်းဝန်းတိုက်ခိုက်ကြပြီး အစိုးရဗိုလ်တဲကို မီးရှို့ဖျက်ဆီးလိုက်သည်။ အင်္ဂလိပ်အစောင့်များထံမှ သေနတ်ငါးလက်ကို သိမ်းယူသွားသည်။

ဇူလိုင်လ ၁၂ ရက်နေ့တွင် အင်္ဂလိပ်စစ်ဗိုလ်တစ်ဦးခေါင်းဆောင်သော အစိုးရတပ်သည် ဆင်စခန်းအနီးရှိ လယ်တဲကို ဝင်ရောက်ပြီး မသင်္ကာသူများအား ဖမ်းဆီးနေစဉ် သူပုန် ၈၀ ခန့်တို့နှင့် တိုက်ခိုက်ကြသည်။ ကုလားစစ်သားနှစ်ဦး ကျဆုံးသွားပြီး အင်္ဂလိပ်စစ်ဗိုလ်တစ်ဦးနှင့် ကုလားစစ်သားသုံးဦးတို့ ပြင်းထန်စွာ ဒဏ်ရာရရှိသွားသည်။ သူပုန်တို့ဘက်က ၁၅ ဦးသေဆုံးပြီး သေနတ် ၆ လက်၊ ဓားများ ကျန်ရစ်ခဲ့သည်။ ထို့အတူ သူပုန်များသည် အင်္ဂလိပ်အစိုးရတပ်များကို မကြာခဏ ဝင်ရောက်တိုက်ခိုက်လျက် ရှိလေသည်။

သူပုန်များသည် အင်းစိန်၊ သာယာဝတီ၊ ပဲခူးခရိုင်များတွင် အဆင်သင့်သလို ဝင်ရောက်တိုက်ခိုက်ကြသည်။ အလားတူ တော်လှန်ပုန်ကန်သည့် ထကြွမှုတွင် ပြည်ခရိုင်လည်း ပါဝင်နေပြန်သည်။

ပြည်ခရိုင်တွင် ၁၉၃၁ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ကျောက်

www.burmeseclassic.com

www.burmeseclassic.com



တွင်းရွာအနောက် ဖောက်စုရွာကို တိုက်ခိုက်ပြီး သူကြီး၏သေနတ်ကို လုယူသွားကြလေသည်။ မေလ ၄ ရက်နေ့တွင် ခရိုင်ရာဇဝတ်ဝန်ကြီး မစ္စတာဩစတင်သည် နယ်ပုလိပ်၊ စစ်ပုလိပ်များ ပါဝင်သောအဖွဲ့ကို ခေါင်းဆောင်၍ ကျောက်ကွင်းရွာကို ထွက်ခဲ့သည်။ လမ်းတွင် ထီးကန်ရွာမှ လေးမိုင်ဝေးသော မြို့မရွာတွင် လူအမြောက်အမြား စုဝေးနေသည်ဟု သတင်းကြား၍ စစ်ပုလိပ်များကို ဝက်ထီးကန်ရွာတွင် ထားခဲ့ပြီး နယ်ပုလိပ်များနှင့် မြို့မရွာကို ဆက်လက်ချီတက်ကြသည်။

ရွာကိုရောက်သောအခါ ယောကျ်ားများ မတွေ့ရဘဲ ငြိမ်သက်နေသည်။ ၎င်းတို့သည် အခြေအနေကို ဆက်လက်စုံစမ်းကြသည်။ ယို့နောက် ရွာသားများစုဝေး၍ တရားဟောနေသည်ကို တွေ့လိုက်ရသည်။ ရွာသားများကို ဖမ်းဆီးရန် ကြိုးစားနေစဉ် သူပုန် ၆၀ ခန့်သည် ဝိုင်းဝန်း တိုက်ခိုက်ကြသည်။ မစ္စတာဩစတင်နှင့်အတူ အင်စပက်တော် ဦးဘအုန်း ရာဇဝတ်အုပ်များဖြစ်ကြသော မောင်စောမောင်၊ မောင်အုန်းမောင်၊ စာသင် မောင်မောင်နှင့် အမှုထမ်းများ ဖြစ်ကြသော မောင်ဖိုးထွန်း၊ မောင်ဖိုးမှန်၊ မောင်ထွန်းအောင်၊ မောင်ရွှေအိုင်၊ မောင်ဖိုးမင်းတို့ ကျဆုံးသွားကြသည်။ လက်နက်များကိုလည်း သူပုန်တို့က သိမ်းဆည်းသွားသည်။

လွတ်မြောက်သွားသော ရာဇဝတ်အုပ်နှင့် ပုလိပ် ၄ ဦးတို့သည် ဝက်ထီးကန်ရွာတွင်ရှိသော စစ်ပုလိပ်အဖွဲ့အား သွားရောက် အကြောင်းကြားသဖြင့် ချက်ချင်းလိုက်ပါလာကြသည်။ ၎င်းတို့အရာရှိတွေ ကျဆုံးမှုကို မကျေပွဲဆင်နွှဲကြရာ သူပုန်တို့ဘက်မှ ၇ ဦး ကျဆုံးသွားသည်။ စစ်ပုလိပ်များသည် သူပုန်တို့၏ဦးခေါင်းကို ဖြတ်ပြီး ယူသွားကြသည်။

မေလ ၁၆ ရက်နေ့တွင် သူပုန်များသည် ဘန့်ဘျော၊ ကျုံ လယ်တီ၊ ညောင်ပင်သာကျေးရွာမှ သူကြီးများကို တိုက်ခိုက်ကြသည်။ ၎င်းတို့၏ သေနတ်များကိုလည်း သိမ်းဆည်းသွားကြသည်။ မေလ ၂၈

www.burmeseclassic.com



ရက်နေ့တွင် အင်းမရှာအနီးသို့ ရောက်ရှိလာသော ဝက်ထီးကန်ဌာနအုပ်နှင့် စစ်ပုလိပ် ၁၀ ဦးတို့အား သူပုန် ၁၀၁ ခန့်က ဆီးကြိုတိုက်ခိုက်ကြလေသည်။

ဇွန်လ ၁ ရက်နေ့တွင် အင်အား ၅၀၀ ခန့်ရှိ သူပုန်တို့သည် ဝက်ထီးကန်ရဲဌာနကို ဝင်ရောက်တိုက်ခိုက်ကြရာ လေးနာရီခန့်ကြာ တိုက်ခိုက်ကြလေသည်။ တိုက်ပွဲတွင် သူပုန်တို့က အင်္ဂလိပ်အစိုးရ စစ်အကူများ မရောက်လာနိုင်ရန် အောင်လံမြို့နှင့် ဝက်ထီးကန်ကြားရှိ တံတားများကို ဖျက်ဆီးထားကြသည်။ ပြည်ခရိုင်မြောက်ဘက်ပိုင်းရှိ သူပုန်များ၏ လှုပ်ရှားမှုသည် ပိုမိုပြင်းထန်လာသည်။ မြို့မရွာမှ သူပုန်ခေါင်းဆောင် ဆရာမြသည် ထိုနယ်တစ်ဝိုက်တွင် ရှိသမျှအင်အားကို အစွမ်းကုန် စုဆောင်းနေသည်။ ဆရာမြသည် ရွှေဘိုနယ်သား ဖြစ်လေသည်။ မျိုးချစ်စိတ်ထက်သန်ပြီး မြန်မာပြည် လွတ်လပ်ရေး ရရှိဖို့ကိုသာ အစွမ်းကုန်ကြိုးစားနေသူတစ်ဦးဖြစ်သည်။

စက်တင်ဘာ ၂၄ ရက်နေ့တွင် ကျားတပ်နှင့် ခြင်္သေ့တပ်တို့ ပူးပေါင်းထားသော လူ ၃၀၀ ခန့်သည် ပုတီးကုန်းကို ဝင်ရောက်တိုက်ခိုက်ပြီးလျှင် ဘူတာရုံကို ဖျက်ဆီးသွားကြသည်။ ကျားတပ်ဖွဲ့ ခေါင်းဆောင် ဗိုလ်ထွန်းမောင်သည် နောက်ပါ ၅၀ ဖြင့် ပေါင်းတည်နယ်တစ်ဝိုက်တွင် တစ်ရွာမှတစ်ရွာသို့ သွားလာလှုပ်ရှားနေသည်။ အောက်တိုဘာ၂၁ ရက်နေ့တွင် ပေါင်းတည်ရွာတောင်ဘက် ငါးမိုင်ကွာဝေးသော မြို့ကြီးရွာကို ကျားတပ်မှ ဝင်ရောက်တိုက်ခိုက်ကြလေသည်။ ၄င်းကို မတိုက်ခိုက်မီ နတ္တလင်းနှင့် ညောင်လှကျေးရွာများကို ဝင်ရောက်တိုက်ခိုက်ကြလေသည်။

၄င်းတိုက်ပွဲပြီးနောက် ကျားတပ်ဖွဲ့သည် မိမိတို့ဒေသကို ပြန်လည်ဆုတ်ခွာလာပြီး သရက်ကုန်းဘုန်းကြီးကျောင်းတွင် စခန်းချလျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းကိုကြားသည်နှင့် အောက်တိုဘာ ၂၄ ရက်နေ့တွင် အင်္ဂလိပ်တို့သည် ကျောင်းကို ဝင်ရောက်တိုက်ခိုက်ကြသည်။ ဗိုလ်ထွန်းမောင်၊ ဗိုလ်ဖိုးရင်နှင့် ၁၅ ဦး ကျဆုံးသွားလေသည်။

အလားတူ သရက်ခရိုင်တွင် ဆရာညဏ် အမည်ရှိသူသည် အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်လေသည်။ ဆရာညဏ်သည် သရက်ခရိုင်၊ ကံမမြို့နယ် ရွှေတောရွာသားဖြစ်သည်။ မိခင်မှာ ဒေါ်မင်းစိန်ဖြစ်သည်။ ဆရာညဏ်၏ဖခင်မှာ ဆရာညဏ် ငယ်ငယ်လေးနှင့် သေဆုံးသွား၍ မိခင်မှာ နောက်အိမ်ထောင်ပြုသည်။ သားတစ်ယောက် ထပ်မွေးသည် နာမည်မှာ မောင်ဖိုးထိုက်ဖြစ်သည်။ ဆရာညဏ်တို့ညီအစ်ကိုသည် အမေတူအဖေကွဲပေမယ့် ညီအစ်ကိုအရင်းလို ချစ်ကြသည်။ ဆရာစံ၏ ဂဠုန်တပ်ကို ညီဖြစ်သူ မောင်ဖိုးထိုက်ကြောင့် ဝင်ရောက်လိုက်သည်။

၁၉၃၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ဂဠုန်တပ်ဖွဲ့ ၅၀ ခန့်သည် အင်းဝင်ပုလိပ်ဌာနအပိုင် မှန်ကန်းကျေးရွာမှ မောင်ဖိုးရှိန်၏ အိမ်ကို ဝင်ရောက်တိုက်ခိုက်ကြသည်။ ဆရာညဏ်သည် ရွှေတောရွာ၊ ဖွေး၊ မီး၊ ထန်းလေးပင်၊ တောင်ကုန်း၊ ကျောက်ပြတ် အစရှိသော ရွာများတွင် ကျင်လည်ပြီး တပ်သားများကို စုဆောင်းသည်။ ဆရာညဏ်ထံ အသင်းဝင် များပြားလာသည်။ ဆရာညဏ် ခေါင်းဆောင်သည့် လူဦးရေ ၄၀ ခန့်တို့သည် ၁၉၃၁ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက် ၁၀ နာရီခွဲ အချိန်တွင် ကံမမြို့နယ် ခြောက်ပင်ကျေးရွာတွင် သူကြီးများ အစည်း အဝေးလုပ်နေစဉ် ဝင်ရောက်တိုက်ခိုက်ကြလေသည်။ ရေနံသာသူကြီး၊ တိရစ္ဆာန်ဆရာဝန်တစ်ဦးတို့ ကျဆုံးသွားကြသည်။ ခြောက်ပင်သူကြီး မောင်ညိုနှင့် ကံမဌာနအုပ် ဦးဘချစ်တို့၏ သေနတ်နှင့် ယမ်းတောင့်များ သိမ်းယူသွားကြသည်။

ဧပြီလ ၁၂ ရက်နေ့တွင် ခြောက်ပင်ရွာသူကြီးကို ဝင်ရောက်ပြီး

www.burmeseclassic.com



အခွန်ပြေစာ စာရွက်များကို ဖျက်ဆီးလိုက်သည်။ အလားတူ အခြားသူကြီးတွေကို ထိုသို့ပြုလုပ် ဖျက်ဆီးလိုက်ကြသည်။ သူကြီးတစ်ယောက်ကို ဓားစာခံအဖြစ် ခေါ်ဆောင်သွားသည်။ ၄င်းကိစ္စအတွက် မကျေနပ်၍ ရာဇဝတ်အုပ်ခေါင်းဆောင်သည့်အဖွဲ့သည် အနောက်က လိုက်၍လာရာ ပုဏ္ဏားကျေးရွာတွင် ဧပြီလ ၁၁ ရက်နေ့တွင် တိုက်ပွဲဖြစ်ခဲ့ကြသည်။ ရာဇဝတ်အုပ်နှင့် ပုလိပ်သုံးဦး ကျဆုံးသွားသည်။ လက်နက်ခဲယမ်းများကို သူပုန်များက သိမ်းယူသွားသည်။

ဧပြီလ ၁၃ ရက်နေ့တွင် ခရိုင်ရာဇဝတ်ဝန်ကြီး မစ္စတာအေဖီစမစ် ငွေတိုက်ဝန်ထောက် ဦးသန်းလှ၊ လက်ထောက်မြို့ပိုင် ဦးစိန်ခုံနှင့် ဂေါ်ရခါးစစ်ပုလိပ်တို့သည် ထုံးရွာအနီးတွင် သူပုန် ၃၀၀ ခန့်နှင့် တွေ့ဆုံပြီး မိနစ် ၂၀ ခန့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ အင်္ဂလိပ် ရာဇဝတ်ဝန်ကြီး ပြင်းထန်စွာ ဒဏ်ရာရရှိသွားသည်။ သူပုန်တို့ဘက်မှ ၅ ဦး ကျဆုံးသွားသည်။ ကျဆုံးသူများအထဲတွင် ထုံးရွာခေါင်းဆောင် ဆရာခင် ပါသွားသည်။

ရာဇဝတ်ဝန်ကြီး မစ္စတာအေဖီစမစ်သည် ရရှိထားသော ဒဏ်ရာကြောင့် တာဝန်ကို ဆက်လက်မထမ်းဆောင်နိုင်သဖြင့် ရန်ကုန်ဆေးရုံကြီးမှ ဘိလပ်ကို ပြန်ပို့လိုက်ရသည်။

ဧပြီလ ၁၄ ရက်နေ့တွင် ကျီးမဲသူကြီးအိမ်သို့ သူပုန်များ ဝင်ရောက်၍ အခွန်ပြေစာများကို ဖျက်ဆီးလျက် ကောက်ခံထားသော ငွေ ၁၀၀ ကျပ်ကို သိမ်းယူသွားသည်။ ဧပြီလ ၁၅ ရက်နေ့တွင် အင်းဘဲရွာအနီး ကြေးနန်းကြိုးများကို ဖြတ်တောက်လိုက်ကြသည်။ မန်ကျည်းပင်ရွာခေါင်းကို သတ်လိုက်ကြသည်။ ထိုနေ့မှာပင် ကျောက်ဆောင်သူကြီးအိမ်ကို ဝင်ရောက်ပြီး အခွန်ပြေစာများကို ဖျက်ဆီးပစ်လိုက်ကြပြီး ရာဇဝတ်ဝန်ကြီး၏ တဲအိမ်ကို ဖျက်ဆီးလိုက်ကြသည်။

ဧပြီလ ၂၁ ရက်နေ့တွင် ရေနံ့သာရွာ၌ သူပုန်တို့သည် မစ္စတာ

www.burmeseclassic.com

www.burmeseclassic.com



ဘတ်စကော်နှင့် မစ္စတာတိတ်တို့ ခေါင်းဆောင်သော စစ်ပုလိပ်များကို ဝင်ရောက်တိုက်ခိုက်ကြသည်။ သူပုန်တို့ဘက်မှ ဓား လှံ ကျန်ရစ်ခဲ့သည်။ အစိုးရဘက်မှ ဆရာဝန်တစ်ဦးနှင့် စစ်ပုလိပ်သုံးဦး ဒဏ်ရာများ ရရှိသွားကြသည်။ ဧပြီလ ၂၃ ရက်နေ့တွင် ပန်ချာပီစစ်ပုလိပ်တပ်နှင့် သူပုန် ၃၀၀ ခန့်တို့သည် အင်းဘဲရွာအနီးတွင် နာရီဝက်ခန့်တိုက်ပွဲ ဖြစ်ပွားကြသည်။ ထိုနေ့တိုက်ပွဲတွင် ဆရာဉာဏ်ခေါင်းဆောင်သောအဖွဲ့ နှင့် အင်္ဂလိပ်စစ်ဗိုလ် ဖရင့်ချ်ခေါင်းဆောင်သည့် မြင်းစီးစစ်ပုလိပ်တို့ ဖြစ်ကြသည်။

သူပုန်တို့၏ လှုပ်ရှားမှုမှာ မြောက်ဘက်တွင် သရက်မြို့နှင့် မင်းတုန်းလမ်း တောင်ဘက်တွင် ပြည်ခရိုင်နယ်စပ်အတွင်းရှိ ကံမမြို့နယ် နှင့် မင်းတုန်းမြို့နယ်တွင်သာ များပြားနေသည်။ သူပုန်များ၏ လုပ်ရပ်များ အတွက် ကျေးရွာသူကြီးများနှင့် ဂေါ်ရခါးစစ်ပုလိပ်များ နယ်မြေခံပုလိပ်များ စိတ်ဓာတ်ကျ၍ တုန်လှုပ်နေကြသည်။ အစိုးရဘက်မှ ပန်ချာပီစစ်ပုလိပ်ကို မကွေးတိုင်းမင်းကြီး မစ္စတာစတီးဝပ်၊ ကပ္ပတိန်ဖဲယားစဲလ်နှင့် ဟက်စ်ဝဲလ် တို့က အုပ်ချုပ်ကြသည်။ ကံမနယ်တွင် တိုက်ခိုက်စေပြီး ဒုတိယပုလိပ် မင်းကြီး မစ္စတာရစ်က မင်းတုန်းနယ်ကို တာဝန်ယူရသည်။

သူပုန်တို့ကလည်း နှစ်ဖွဲ့ခွဲ၍ တစ်ဖွဲ့ကို သာယာဝတီဘက်တွင် တိုက်ဖူးသော ဦးဖူးညိုက ခေါင်းဆောင်သည် ၄င်းအဖွဲ့ကို ရွှေကျီးညိုအဖွဲ့ဟု ခေါ်သည်။ အခြားတစ်ဖွဲ့ကိုမူ ဆရာဉာဏ်က ခေါင်းဆောင်သည်။ လူ အင်အား ၁၀၀၀ ခန့်ရှိသည်။ မေလ ၁ ရက်နေ့တွင် သူပုန် ၂၀ ခန့်တို့သည် ပြည်ခရိုင်နယ်စပ်ကိုကျော်၍ လယ်တီကရင်စု ရွာသူကြီးအိမ်မှ သေနတ်နှင့် အခွန်ငွေများကို ယူသွားကြသည်။ အလားတူ မေလ ၁၂ ရက်နေ့တွင် သရက်မြို့နှင့် မင်းတုန်းနယ်စပ်ရှိ ကျေးရွာအမြောက်အမြားကို ဝင်ရောက် တိုက်ခိုက်ကြပြီး ကြို့ပင်မှ သစ်တောဗိုလ်ရုံကို မီးရှို့ဖျက်ဆီးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မေလ ၁၉ ရက်နေ့တွင် သူပုန် ၁၇ ဦးတို့သည် စည်သာ၊ သပြာကောင်း၊ မန်ကျည်းကုန်းရွှေပန်းခိုင်၊ ချင်းကုန်း အစရှိသော ကျေးရွာများကို ဝင်ရောက်တိုက်ခိုက်ကြပြီး သူကြီးအိမ်မှ အစိုးရ စာရွက်စာတမ်းများကို မီးရှို့ဖျက်ဆီးပစ်ကြသည်။ အင်္ဂလိပ်အစိုးရသည် ပုန်ကန်ထကြွနေသည့် သူပုန်များကို ခြေမှုန်းတိုက်ခိုက်ကြသည်။ သူပုန်ဘက်မှ အများအပြား ကျဆုံးကြသည်။ တောင်းဆိုချက်များ ရရှိစေရန်အတွက် ဘာတွေဘယ်လိုဖြစ်ဖြစ် သူပုန်များသည် စိတ်ဓာတ်ကျခြင်းမရှိ ဆက်လက် တိုက်ပွဲဝင်ရန် ဆုံးဖြတ်ချက်များ ခိုင်မာစွာ ချမှတ်ထားကြသည်။ ၁၉၃၁ ခုနှစ်၊ ဩဂုတ်လမှစတင်၍ သူပုန်ထခြင်း၏ တတိယပိုင်းဟု သတ်မှတ်ပြီးလျှင် ခြေလျင်တပ်မ တပ်တစ်ခုကို ဖွဲ့စည်း၍ စတင်နှိမ်နင်းလေသည်။

ငှင်းတပ်မဟာတွင် မြင်းတပ်၊ ပန်ချာပီတပ်ရင်း၊ ဒိုဂရာတပ်ရင်းဆပ်ပါးစ်နှင့် မိုင်းနာစ်တပ်၊ မဒရပ်တပ်၊ ဂျာပူးတန်သေနတ်ကိုင်တပ်၊ မန်ချက်စတာအင်္ဂလိပ်တပ်ရင်း၊ ကြိုးမဲ့ကြေးနန်းတပ်၊ အမှတ် ၂၈ သူနာပြုတပ်၊ အမှတ် ၃ အိန္ဒိယတိုင်းရင်းဆေးတပ်၊ သယ်ယူပို့ဆောင်ရေးတပ်၊ စားနပ်ရိက္ခာတပ် အစရှိသည်များ ပါဝင်ကြသည်။ ထိုတပ်များကို မင်းတုန်းနယ်စပ်နှင့် အောင်လံမြို့ဘက်တွင် ဒေသအလိုက် အုပ်စုများ ခွဲပြီးလျှင် ချထားလေသည်။ အင်္ဂလိပ်တပ်များသည် ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် အမြဲကင်းလှည့်လျက် ရှိနေပေတော့သည်။

တောင်သူလယ်သမားအရေးတော်ပုံသည် မြန်မာပြည်အနှံ့ ဆက်လက်ကူးစက်နေသည်။ တစ်ဆက်တည်းမှာ ပုသိမ်ခရိုင်မှာလည်း ဆက်လက်ဖြစ်ပေါ်နေသည်။ အင်္ဂလိပ်အစိုးရသည် မြန်မာတော်လှန်ရေးသမားများ၏ လုပ်ရပ်နှင့် သတ္တိကို ထိတ်လန့်နေကြသည်။ အလားတူတိုက်ခိုက်စည်းရုံးမှုများ ဆက်လက်မဖြစ်ပွားစေရန် အင်္ဂလိပ်အစိုးရသည် နိုင်ငံရေးတရား ဟောပြောပွဲများရှိသည်ဟုကြားလျှင် ဖမ်းဆီးချုပ်နှောင်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အလားတူ အောက်တိုဘာ ၁၁ ရက်နေ့တွင် အရေးပိုင်နှင့် ရာဇဝတ်ဝန်ကြီးတို့သည် ငါးသိုင်းချောင်းနယ်၊ လယ်တီငါးတက်စု၊ ဒိုက်ကရားကမ်းနားကျေးရွာများကို သွားရောက်ပြီး မသင်္ကာသူများကို ဖမ်းဆီးလိုက်ကြသည်။ အလားတူ ဂဠုန်တပ် အလံများကိုလည်း သိမ်းယူလိုက်ကြသည်။

အောက်တိုဘာ ၁၄ ရက်နေ့တွင် ငါးသိုင်းချောင်းနှင့် သာပေါင်းကြား ငဝန်မြစ်၏ အနောက်ဘက်တွင်ရှိသော ကျေးရွာများကို သွားရောက်ပြီး မသင်္ကာသူ ရွာသူရွာသားများကို ဖမ်းဆီးကြလေသည်။ ထို့အတူ မြန်အောင်ဘက်မှ ကူးလာသူ ရွာများ ငါးသိုင်းချောင်းအနောက် မြောက်ဘက်ချောင်းဆုံနှင့် တက်ဆိပ်ရွာကိုလည်းကောင်း၊ ကန်ကြီးဒေါင့် အရှေ့မြောက်ဘက် ရှစ်မိုင်ခန့်ကွာဝေးသော ကြိုးကြာအင်းရွာနှင့် ဟင်္သာတ၊ ပုသိမ်နယ်စပ်ရှိ ရွာများမှ မသင်္ကာသူများကို ဆက်လက် ဖမ်းဆီးကြသည်။

အင်္ဂလိပ်များသည် အဆက်မပြတ် ဖမ်းဆီးပြီး သူပုန်များကို နှိမ်နင်းကြသော်လည်း သူပုန်များက စိတ်ဓာတ်ကျခြင်းမရှိ ဆက်လက်တိုက်ပွဲဝင်နေကြသည်။ စက်တင်ဘာလ ၁၅ ရက်နေ့တွင် မက်ကရိဂါကုမ္ပဏီ၏ သစ်တောလက်ထောက်တစ်ဦး ခေါင်းဆောင်သည့်အဖွဲ့နှင့် ကွမ်းချောင်းကမ်းပါးတွင် အနားယူနေသည့် သူပုန် ၁၄ ယောက်ခန့်နှင့် တိုက်ပွဲဖြစ်ခဲ့ကြသည်။ ထိုအချိန်တွင် အောင်လံနယ်ဘက်တွင် လူပေါင်း ၃၃ ယောက် ပါဝင်သည့်အဖွဲ့တစ်ခု ထကြွနေသည်။ အဖွဲ့ခေါင်းဆောင်မှာ ဗိုလ်ချက်ဖောင်းခေါ် ဗိုလ်ချိတ်ပေါင်ဖြစ်သည်။ လက်ရုံးဗိုလ်မှာ ဗိုလ်နီတာဖြစ်သည်။ ဩဂုတ်လ (၂၇)ရက်နေ့တွင် ဗိုလ်ချိတ်ပေါင်အဖွဲ့သည် တောင်ငူခရိုင်ဘက်မှ ချောင်းမကြီးရွာကို ဝင်ရောက်တိုက်ခိုက်ကြသည်။

အောက်တိုဘာလ ၁၁ ရက်နေ့တွင် အောင်လံမြို့နှင့် [illegible]မြို့ ခရိုင်နယ်စပ်တွင် လေးကြိမ်တိုင်တိုင် တိုက်ခိုက်ပြီး ပြန်လည်ထွက်ခွာ

www.burmeseclassic.com



သွားကြသည်။ တစ်ဆက်တည်းမှာပင် ကသစ်စမ်းရွာ၊ ပျဉ်းမတောရွာ၊ ဘုရားကုန်းနှင့် အထက်ဘုန်ကုန်ရွာတို့ကို တိုက်ခိုက်ကြလေသည်။ အလားတူ အောက်တိုဘာ ၁၈ ရက်နေ့တွင် တောင်ငူခရိုင်မှ ရွာနှစ်ရွာကို ဆက်လက်တိုက်ခိုက်ကြသည်။

နိုဝင်ဘာလအတွင်းတွင် ဗိုလ်ချုပ်စုသည် နယ်စပ်ကို ဖြတ်ကျော်လျက် တောင်ငူခရိုင်သို့ ဝင်ရောက်ရန်ကြိုးစားသည်။ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ပြည်၊ တောင်နယ်စပ်ရှိ ပြောင်ချောင်းကို သူပုန်များ ဝင်ရောက်တိုက်ခိုက်ပြီး နောက်တစ်နေ့တွင် တောင်ငူနှင့် ၄၃ မိုင်ဝေးသော ကြက်ရှာရွာရှိ မက်ကရိဂါကုမ္ပဏီ၏ စားနပ်ရိက္ခာ သိုလှောင်ရာဌာနကို ဝင်ရောက်တိုက်ခိုက်ကြသည်။


၄င်းနေ့မှာပင် ကြက်ရှာရွာအနီးရှိ သစ်ကြီးမြောင်မှ သေနတ်များကို လုယူသွားကြသည်။ နိုဝင်ဘာ ၂၂ ရက်နေ့နှင့် ၂၆ ရက်နေ့တွင် မက်ကရိဂါကုမ္ပဏီ၏ ဆန်စခန်းငါးခုကို ဝင်ရောက်တိုက်ခိုက်ကြသည်။ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အုပ်တွင်းအနောက် ၁၆ မိုင်ဝေးသော ကပေါင်းချောင်းပေါ်ရှိ စိန်ရေဒ္ဒရှိသော မက်ကရိဒါကုမ္ပဏီ၏ ဆန်များ သိုလှောင်ရာဌာနကို ဝင်ရောက်တိုက်ခိုက်ကြသည်။

■

www.burmeseclassic.com

www.burmeseclassic.com





ပြည်ခရိုင် ဝက်ထီးကန်နယ်မှ ဂျပန်တပ်ဖွဲ့ဝင်များ ကြံစည်တိုက်ခိုက်စဉ်ပြုလုပ်သည့် ပြည်တွင်းဖြစ် စက်သေနတ်နှင့် ကျည်တောင့်များ။



ဒေးဒရဲထန်းတောရွာ တိုက်ပွဲတွင် ခေါင်းဆောင်ဦးအောင်လှသည် ဤရှာထိပ်ပြေနှ၏ အရေးတော်ပုံတပ်သားများကို စီမံခန့်ခွဲခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာစံသည်
အမရပူရမြို့တွင် ရှိနေစဉ်
ခရိုင်အသီးသီးတွင်
ပုန်ကန်နေသည်တု
သတင်းများ ကြားရပြီးနောက်
ရှမ်းပြည်ဘက်ကို တက်ရောက်ရန်
စိတ်ကူးပေါ်လာသည်
ထို့အတူ ဆရာစံသည်
မတာမြတ်မုနိ စေတီတော်မြတ်ကြီးအား
ဝင်ရောက်ပူးမျှော်ပြီး
ပန်း၊ ရေချမ်း၊ ဆီမီး၊ ရွှေသက်န်း...

www.burmeseclassic.com

www.burmeseclassic.com

# အလံတောင်မှ နောင်ချိုသို့

အင်္ဂလိပ်အစိုးရကို တောင်သူလယ်သမားတွေက တိုက်ခိုက်သည်မှာ နေရာတိုင်းတွင် ဖြစ်ပွားလျက်ရှိနေသည်။ အင်္ဂလိပ်အစိုးရသည် တောင်သူလယ်သမားတို့၏ အရေးတော်ပုံခေါင်းဆောင် ဆရာစံကို ဖမ်းဆီးရန် ကြိုးစားနေသည်။ ခေါင်းဆောင်ဆရာစံကို ဖမ်းမိလျှင် အရေးတော်ပုံ ပြီးပြတ်သွားမည်ဟု သတ်မှတ်ထားကြသည်။ ဆရာစံသည် အလံတောင်တိုက်ပွဲမှ စတင်၍ ပျောက်သွားသည်။ အင်္ဂလိပ်အစိုးရသည် ဆရာစံကို စုံစမ်းရှာဖွေရန် မဖြစ်နိုင်သည်မှာ မြို့နယ်ခရိုင်များစွာ အသီးသီးတွင် အရေးတော်ပုံတိုက်ပွဲက ဆက်လက်ဖြစ်ပေါ်လျက်ရှိနေသည်။ ဆရာစံသည် အလံတောင်တိုက်ပွဲအပြီးတွင် ပျောက်ဆုံးသွားခြင်း ဖြစ်သည်။

အလံတောင်တိုက်ပွဲဖြစ်စဉ်ကို အကျဉ်းနှင့်ဆရာစံ၏ ခရီးကိုဆက်လက်တင်ပြရန်ဖြစ်သည်။ အင်္ဂလိပ်အစိုးရတပ်သည် ရေကြည်ချောင်း များကိုဖြတ်၍ ပထမတွေ့ရှိသောတောင်ကို တက်ရောက်နေသည်ဟူသော သတင်းကို ကြားသိရသောအခါ ဆရာစံသည် မိမိကိုယ်တိုင် ကွပ်ကဲ တိုက်ခိုက်ရန်အတွက် ဓားကိုဆွဲ၍ အလံတောင်ထိပ်မှ ဆင်းလာခဲ့သည်။ အင်္ဂလိပ်တို့ လူအင်အား၊ လက်နက်အင်အား တောင့်တင်းနေသည့် အတွက်ကြောင့် တပ်မှူးများက ဆရာစံအား အဝေးကို ရှောင်ရှားရန်

www.burmeseclassic.com



တိုက်တွန်းကြသည်။ ဆရာစံသည် ၎င်း၏ ရဲဘော်ရဲဘက် တပ်သားများကိုပစ်၍ မတိမ်းရှောက်ရက်ဘဲ ရှိနေသည်။ စမ်းတွင်းရွာမှ ဦးထွန်းသွယ်က "ဆရာကြီး ဒီလိုနေလို့ ဘယ်ဖြစ်မလဲ၊ နောက် ကျွန်တော်တို့ လုပ်စရာတွေ အများကြီးရှိသေးတယ်" ဟုဆိုကာ အတင်းဆွဲခေါ်သွားသဖြင့် တစ်ဖက်သော လက်မောင်းမှဆင်းကာ လိုက်ပါသွားလေသည်။ ဆရာစံသည် တင်းကုပ်ကြီးအနီး ကျည်းမခန်းမြောင်တွင် သုံးလေးရက် အနားယူပြီးနောက် ဂဠုန်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးကြသည်။ အဖွဲ့ခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်များအရ ဆရာစံအား တစ်နေရာသို့ ခေတ္တပြောင်းရွှေ့ရန် အကြံပေးသည်။ တစ်နေရာကို ထွက်ခွာရန် ဆုံးဖြတ်ပြီးနောက် ဦးဖန်စိန်၊ ဦးပန်းချိန်တို့ ညီအစ်ကိုနှစ်ယောက်သည် ရုပ်ဖျက်ပြီး ကုလားပုံစံနှင့် ဆရာစံအား စက်လှေကလေး ဘူတာကို လိုက်ပို့သည်။

ဆရာစံသည် သာယာဝတီမှ ပြည်၊ မြင်းခြံမှတစ်ဆင့် မန္တလေးခရိုင် အမရပူရမြို့ရှိ ဘုန်းကြီးကျောင်းတွင် ဝင်ရောက်ခိုလှုံသည်။ ထိုကျောင်းတွင် သင်္ကန်းဝတ်နှင့် နေထိုင်သည်။ ဘွဲ့အမည်မှာ ဦးဉာဏပင်ဖြစ်သည်။ ၎င်းကျောင်းတွင်နေထိုင်ရင်း နိုင်ငံရေးကို ဆွေးနွေးကြသည်။ ဆရာစံ၏ ဆွေးနွေးမှုများကို လက်ခံကြသည်။ ၎င်းတွင် ဂျီစီဘီအေအဖွဲ့မှ အကျိုးဆောင်အင်း၀ ဦးစံထင်၊ မန္တလေးမြို့ဘက် မန်နေဂျာဦးဆောင်နှင့် အမရပူရမြို့မှ ဥပဒေပြုလွှတ်တော်အမတ် ဦးဘသီးတို့ ဖြစ်သည်။

ဆရာစံသည် အမရပူရမြို့တွင် ရှိနေစဉ် ခရိုင်အသီးသီးတွင် ပုန်ကန်နေသည်ဟု သတင်းများကြားပြီးနောက် ရှမ်းပြည်နယ်ဘက်ကို တက်ရောက်ရန် စိတ်ကူးပေါ်လာသည်။ ထို့အတူ ဆရာစံသည် မဟာမြတ်မုနိစေတီတော်ကြီးအား ဝင်ရောက်ဖူးမျှော်ပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ ရွှေသင်္ကန်းများ ကပ်လှူဆုတောင်းသွားသည်။ ဆရာစံသည် လူယုံကိုဇော်နှင့်အတူ နောင်ချို ကို ခရီးထွက်ခဲ့ကြသည်။ နောင်ချိုဘူတာမှ မဟာချင်းနှုရွာကို

www.burmeseclassic.com

www.burmeseclassic.com



သွားရောက်ရန် နွားလှည်းတစ်စီးကို ငှားလိုက်သည်။

နွားလှည်းမောင်းသူသည် နောင်ချိုဂါတ်အတွင်းမှ အမှုတစ်ဦး၏ သားဖြစ်သည်။ နွားလှည်းမောင်းသူက အိမ်ကိုင်ဆင်ပြီး နွားအစာကျွေးဦးမည်ဟုပြောပြီး ဂါတ်စင်တည်းမှ နွားများကို အစာကျွေးသည်။ နောင်ချိုဂါတ်ရုံး၏ နံရံတွင် ကပ်ထားသည့် ကြော်ငြာတစ်ခုကို ဆရာစံ တွေ့လိုက်ရ၍ တုန်လှုပ်သွားသည်။ ကြော်ငြာသည် ၎င်းတို့၏အနီးတွင် ရှိနေသည်။

**"ဆရာစံအား အသေဖြစ်စေ၊ အရှင်ဖြစ်စေ**
**ဖမ်းပေးနိုင်သူကို ဆုတော်ငွေ ၁၀၀၀ ကျပ်**
**ချီးမြှင့်ပေးသနားတော်မူမည်"**

ဟု ရေးသားထားသည်။ ဆရာစံသည် ဂါတ်စင်တည်းကို ရောက်ရှိနေပေမယ့် ခရီးသွားတစ်ယောက်ကဲ့သို့ နေလေသည်။ လွယ်ကူစွာ ဖမ်းဆီးနိုင်ရန် ကြော်ငြာ၏ဘေးတွင် ဆရာစံ၏ ဓာတ်ပုံကိုပါ တပ်ထားသည်။ ဣန္ဒြေမပျက် ဆက်လက်ထိုင်၍ စောင့်နေကြသည်။ နွားလှည်းမောင်းသူသည် နွားများကို ရေတိုက် အစာကျွေးပြီး ဂါတ်စင်အတွင်းမှ ထွက်ခွာလာသည် ဆရာစံတို့သည် မက်ချင်းနုရွာသို့ ရောက်ကြသောအခါ ဆရာတော်ကြီး ဦးဒီပ၏ ကျောင်းတွင် နေထိုင်ကြသည်။ ဆရာစံ ယခုလို နေထိုင်ခွင့်ရအောင် မန္တလေးငွေတောင်တိုက် ဆရာတော် ဦးအာစရ၏ အကူအညီကြောင့် ဖြစ်လေသည်။

ဆရာစံသည် ၎င်းကျောင်းတွင် နေထိုင်ရင်း နိုင်ငံရေးများ စည်းရုံး နေသည်။ ဆရာစံဘက်မှ အင်အားများပြားလာလေသည်။ မက်ချင်းနု ကျောင်းတွင် နေထိုင်လျက်ရှိစဉ် ၁၉၃၁ ခုနှစ်၊ ဇန်နဝါရီကုန်လောက်တွင် အစိုးရဘက်မှ သတင်းရရှိသောကြောင့် စစ်တပ်ဖြင့် လာရောက်ပြီး ကျောင်းတိုက်ကို ဝိုင်းဝန်းရှာဖွေကြသည်။ ဆရာစံသည် ကျောင်းပြသပြီ

www.burmeseclassic.com



ပေါက ချက်ချင်းဆင်းလိုက်သည်။ ထို့နောက် ၄င်းနှင့် သစ္စာခံထားသည့် ဦးအောင်ဘ၊ ဦးစံဖေ၊ ဦးစံခင်တို့နှင့်အတူ တောလမ်းခရီးမှ ရှောင်တိမ်းခဲ့လေသည်။ ဆရာစံတို့သည် လွယ်ခေါ်ရွာတွင် တစ်လကျော် ခိုအောင်းနေကြသည်။ ၄င်းခိုအောင်းရာကို သတင်းရ၍ အင်္ဂလိပ်များ လာရောက်ရှာဖွေကြသည်။

ဆရာစံသည် ဒရမ်းဒို၊ ကျောက်ခေါင်းဘက်ကို ထွက်ခဲ့သည်။ ထိုမှတစ်ဆင့် ရပ်ဆောက်နယ် ပါဝိုင်းစခန်းသို့ ရောက်ရှိသွားသည်။ ထိုစခန်းတွင် နေထိုင်ရင်း ဂဠုန်တပ်များကို ဆက်လက်စုဆောင်းပြန်သည်။

ထိုအချိန် ရှမ်းပြည်တွင် ပဒေသရာဇ်စော်ဘွားများ တန်ခိုးကြီးထွားလျက်ရှိရာ စော်ဘွားကို မဆိုထားနှင့် သူတို့၏လက်အောက်ခံ နယ်စား၊ မြို့စားများကိုပါ မော်၍ မကြည့်ရဲအောင် အလွန်ကြောက်ကြရသည်။ သီဟိုစော်ဘွားများ၏ လက်အောက်ခံဖြစ်သော နောင်ချိုမြို့စားသည် စော်ဘွား၏ အရှိန်အဝါဖြင့် ရှမ်းအမျိုးသား တောင်သူလယ်သမားတို့အား အမျိုးမျိုး နှိပ်စက်ညှဉ်းပန်းခြင်း၊ လယ်ခွန် ယာခွန်များကို အဓမ္မစည်းကြပ်တောင်းခံခြင်း၊ အမျိုးသမီးများကို ဖျက်ဆီးခြင်း အစရှိသော မတရားမှုများကို ပြုလုပ်လေ့ရှိသည်။

နှိပ်စက်မှုများကို မခံရပ်နိုင်သော ရှမ်းအမျိုးသား တောင်သူလယ်သမားတို့သည် တစ်ပွဲစားကြီးဦးထွန်းလှကို အားကိုးကြီးစွာဖြင့် ညှဉ်းပန်းနှိပ်စက်မှုများကို တိုင်ကြားရာ ဦးထွန်းလှသည် မိတ်ဆွေများ၏ အကူအညီဖြင့် သီပေါစော်ဘွားအား သွားရောက်တွေ့ဆုံသည်။ နောင်ချိုမြို့စား၏ မတရားမှုများကို တိုင်ကြားပြောဆိုလေသည်။ စော်ဘွားအား သွားရောက်တိုင်ကြားသည့်အတွက် နောင်ချိုမြို့စားသည် အငြိုးထား၍ နယ်သူနယ်သားများကို ပိုမို၍ညှဉ်းပန်းနှိပ်စက်မှုများ ပိုမိုပြုလုပ်လေသည်။ မြို့စား၏ အပြုအမူကို မကျေနပ်ပေမယ့် ခုခံနိုင်စွမ်း မရှိအောင် ဖြစ်နေရ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ၎င်းသတင်းကို ဦးထွန်းလှ ကြားသိရှိ၍ ဖားသွန်းနောင်ချိုကြီးနှင့် ဥဏ်တောကျေးရွာများမှ တောင်သူလယ်သမားတို့ ခေါင်းဆောင်စည်းရုံး၍ မြို့စားထံသို့ ထင်းခုတ်မပို့ဘဲ ငြင်းဆန်နေကြသည်။

၎င်းရွာသုံးရွာသည် အာဏာဖီဆန်သည်ဟုဆိုကာ မြို့စားသည် ရှမ်းပုလိပ်များကို စေလွှတ်ပြီး ညှဉ်းပန်းနှိပ်စက်ခံနေရသူများသည် ဆရာစံထံ ချဉ်းကပ်ပြီး ဂဠုန်တပ်ဖွဲ့သို့ ဝင်ရောက်ကြသည်။ ဆရာစံ၏ ဂဠုန်တပ်ဖွဲ့သည် တစ်နေ့တခြား အင်အားများ တိုးလာသည်။ ထိုအထဲတွင် ဦးထွန်းလှ၊ ဦးအောင်ကြီးတို့သည် ဆရာစံလက်ရုံးများ ဖြစ်လာသည်။ ဆရာစံ၏တပ်သည် အင်အား ၁၇၀၀ ကျော်ခန့် ရှိလာသည်။

အင်္ဂလိပ်အစိုးရသည် ဆရာစံအား ဖမ်းဆီးရန် ကြိုးစားနေသည်။ ဆရာစံသည် အင်္ဂလိပ်များကို ရှောင်တိမ်းပြီး အင်အားများကို စုဆောင်းနေသည်။ ဆရာစံ၏ ဂဠုန်တပ်များသည် အင်္ဂလိပ်တပ်များနှင့် မကြာခဏ တိုက်ပွဲများ ဖြစ်လေသည်။ ဇူလိုင်လ ၁ ရက်နေ့တွင် ရှမ်းပုလိပ်များသည် တောင်ပျောက်ရွာအနီးတွင် သူပုန်ကို ပစ်ခတ်တိုက်ခိုက်ကြလေသည်။ နောက်တစ်နေ့တွင် နားလူးမြစ်ကို ဖြတ်ကူးလျက်ရှိရာ အစိုးရတပ်ကို သူပုန် ၅၀ ခန့်က တိုက်ခိုက်လေသည်။

ဇူလိုင်လ ၆ ရက်နေ့တွင် နောင်ချိုမြို့ရှိ အစိုးရရိက္ခာစခန်းကို အလစ်ဝင်ရောက်တိုက်ခိုက်ရာ အစိုးရဘက်မှ စက်သေနတ်ကို သူပုန်များ ယူဆောင်သွားသည်။ ဇူလိုင်လ ၇ ရက်နေ့တွင် သူပုန်များ စခန်းချရာကို အင်္ဂလိပ်အစိုးရသိရှိသွားပြီး ဝင်ရောက်တိုက်ခိုက်ကြသည်။ သူပုန်များသည် ဝါးဖောင်ဖြင့် ဒုဋ္ဌဝတီမြစ်ကို ကူးလာသည်။ ကင်းပုန်းချထား သည့် အင်္ဂလိပ်ကို ဆီးကြိုပစ်ခတ်ရာ ၁၂၇ ဦးဖမ်းဆီးခံရပြီး အများ အပြား ကျဆုံးလေသည်။ ဆရာစံတို့သည် ပါဝိုင်းစခန်းတွင် တပ်သား များနေထိုင်ရန် တဲကြီး (၁၂)လုံး ထိုးထားသည်။ ၎င်းတဲကြီးများ၏

www.burmeseclassic.com

www.burmeseclassic.com



အလယ်တွင် ဆရာစံနှင့် ခေါင်းဆောင်များ နေထိုင်လေသည်။

ငှင်းသတင်းကို ကြားရသော အင်္ဂလိပ်တပ်များသည် ဆရာစံ၏ တပ်များကို တိုက်ခိုက်ရန် ချီတက်လာကြသည်။ ငှင်းသတင်းကို ကြားရ၍ ဆရာစံသည် တပ်ကိုကွပ်ကဲပြီး တိုက်ခိုက်ရန် စီစဉ်မှုများ ပြုလုပ်သည်။ အစိုးရဘက်မှ ပန်ချာပီစစ်သား (၁၇၀)နှင့် အတင်းအဓမ္မ ခေါ်ဆောင်လာခဲ့သည့် ရှမ်းအမျိုးသား (၃၀၀)ကျော်တို့သည့် ဆရာစံ၏ စခန်းအနီးတွင် စခန်းချထားပြီး အခြေအနေကို စုံစမ်းနေကြသည်။ ပန်ချာပီစစ်သားများကို ဝင်ရောက်တိုက်ခိုက်ရန် စီစဉ်ကြသည်။ ထိုအချိန်တွင် ရှေ့ပြေးဆရာအုန်း ဆိုသူ မူးလဲသွားသည်။ ငှင်းကိစ္စသည် နိမိတ်မကောင်းဟုဆိုကာ စိတ်ဓာတ်များ ကျဆင်းလာကြသည်။ တချို့လည်း ထွက်ခွာသွားကြသည်။

ထို့နောက် အင်္ဂလိပ်ဘက်မှ ပန်ချာပီများသည် ဝင်ရောက်တိုက်ခိုက်ကြလေသည်။ နှစ်ဖက်လုံး ဒဏ်ရာများ ရရှိသွားကြလေသည်။ တပ်သည်လည်း လူစုကွဲသွားသည်။ တစ်ယောက်တစ်နေရာကို ရောက်ရှိသွားကြလေသည်။

ဦးထွန်းလှ၊ ဦးရဲဘော်နှင့် တပ်သားလေးငါးဦးတို့သည် ဆရာစံနှင့်တွေ့ဆုံရန် ကျောက်ချောင်းစခန်းသို့ ပြန်လာခဲ့ကြသည်။ ဦးထွန်းလှသည် ဆရာစံအား အကြောင်းစုံကို အစီရင်ခံသဖြင့် အခြားစစ်ကြောင်းများမှာလည်း ဤသို့ပင် တပ်များ ပြိုပျက်သွားကြောင်း၊ ရန်သူများကလည်း အလုံးအရင်းနှင့် တောနင်းရှာနေပြီဖြစ်သောကြောင့် တစ်နေရာသို့ ရှောင်တိမ်းရမည်ဖြစ်ကြောင်း ပြောကြားပြီး ဦးထွန်းလှ ခေါင်းဆောင် လမ်းပြ၍ ဆရာစံအပါအဝင် လူပေါင်း ၁၇ ယောက်တို့သည် နောင်ပိန်နယ်မှ ဂုတ်တွင်းကိုဖြတ်၍ နောင်ချိုမြို့၏ မြောက်ဘက် ရေလယ်တောင်တန်းတစ်လျှောက်တွင် တောတောင်အထပ်ထပ်ကို ကျော်ဖြတ်သွားခဲ့ပြီး သုံးဆယ်ကုလားကွဲဒိုင်နယ် နောင်ကွမ်းရွာ၌ ငါးရက်မျှ အနားယူခိုအောင်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တောလမ်းမှ ဘိန်းချလာသူများအသွင်နှင့် နောင်ကွမ်း ရွာထဲသို့ ဝင်ရောက်ကာ မန္တလေးခရိုင် မတ္တရာမြို့နယ်သို့ သွားရောက် လိုကြောင်း ပြောဆို၍ လမ်းပြကိုခေါ်ဆောင်ပြီး ခရီးဆက်ခဲ့ကြသည်။ ဆရာစံသည် ရွှေဘိုခရိုင် ဒီပဲယင်းနယ်သား ဖြစ်သည့်အလျောက် ထိုနယ်မှ တောင်သူလယ်သမားများက သာယာဝတီခရိုင် ဆရာစံ ဦးဆောင်၍ ထကြွ ပုန်ကန်မှုများ ပြုလုပ်နေသည်ကိုကြား၍ မိမိတို့ရွှေဘိုနယ်ကိုလည်း လာ ရောက်စည်းရုံး၍ ခေါင်းဆောင်လုပ်ပေးရန် အကြောင်းကြားထားသည်။ ထို့ကြောင့် မန္တလေးခရိုင် မတ္တရာကိုဖြတ်၍ ရွှေဘိုကို ခရီးဆက်ရန် ရည်ရွယ်ထားသည်။ ထို့ကြောင့် ခရီးသည် ရွှေဘိုကို ဦးတည်နေခြင်း ဖြစ်သည်။

၁၂၉၃ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ရက်၊ **(၁၉၃၁ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် ကြာသပတေး)**နေ့ည မိုးသားများ ဖုံးလွှမ်းထားသော လရောင်အောက်တွင် ဆရာစံနှင့်အဖော် ၁၇ ဦးတို့သည် တဖြည်းဖြည်း လျှောက်လာ၍ လမိုင်းတောင်ပေါ်သို့ တက်ခဲ့ရာ ကံဆိုးသူ ဆရာစံမှာ တောင်ထိပ်ရောက်ခါနီးတွင် ဖနောင့်ခြောင့်စူး၍ ဆက်လက် မလျှောက် နိုင်အောင် ဖြစ်သွားသည်။ ဆရာစံနှင့်ပါလာသူ ဘုရားဒကာ သာပိုက်သည် ဆရာစံ၏ဒဏ်ရာကို မီးခြစ်နှင့်ကြည့်လိုက်ရာ မန္တလေးနယ်ဘက် လမိုင်း တောင်ခြေတွင် ကင်းချ၍ စောင့်နေသည့် စစ်ပုလိပ်တပ်က မီးရောင်ကို မြင်သွားသည်။ ပုလိပ်များသည် မီးရောင်ရှိရာကို သေနတ်နှင့် လှမ်းပစ် သည်။

အစောင့်များသည် ဆရာစံကိုထမ်း၍ ရှမ်းပြည်ဘက်ကို ပြေး ကြသည်။ ဆရာစံသည် ခရီးဆက်၍ မသွားနိုင်သောကြောင့် နောင် ကွပ်ရွာအနီးတောထဲတွင် ရပ်နားခိုအောင်းနေကြသည်။ စစ်ကဲ ဦးထွန်းမြနှင့် လူယုံဦးစောတို့သည် ဆရာစံတို့အား ထိုနေရာတွင် ထားခဲ့ပြီး ပြန်ကာ

www.burmeseclassic.com


စီစဉ်မှုများ ပြုလုပ်ရန် စည်တော်ကြီး စကားပင်ရုံးပင်၊ သဖန်းကိုင်း၊ တောင်ဦး၊ တောင်ခါးတို့ကိုဖြတ်၍ လမိုင်းမှ မော်တော်ကားဖြင့် မန္တလေးသို့ သွားကြလေသည်။

၁၉၃၁ ခု၊ ဩဂုတ်လ ၂ ရက်နေ့တွင် ဆရာစံတို့သည် စားနပ်ရိက္ခာပြတ်၍ နောင်ကွမ်းရွာမှာ လမ်းပြအဖြစ် ခေါ်ဆောင်လာခဲ့သည့် ဦးဖိုးကာအား ရွာထဲသို့ ရိက္ခာများရှာဖွေရန် စေလွှတ်လိုက်သည်။ ရွာထဲရောက်သောအခါ ဦးဖိုးကာအား မသင်္ကာ၍ ရွာလူကြီးနှင့်အဖွဲ့ ဝိုင်းဖမ်းလိုက်ကြသည်။ ရွာလူကြီးတို့က ဆရာစံတို့နေရာကို ပြလျှင်ပြ မပြလျှင် ဦးဖိုကာနှင့် သားသမီး မိသားစုအားလုံးကို သတ်ပစ်မည်ဟု ပြောကြားလိုက်သည်။


ဦးဖိုးကာသည် ၎င်းခြိမ်းခြောက်မှုကို ကြောက်ရွံ့၍ ပြပါမည်ဟု ပြောဆိုလိုက်လေသည်။ သူကြီးသည် ဦးဖိုးကာနှင့် အခြိမ်းအချက်များ ပြုလုပ်ပြီးလျှင် ရိက္ခာများကိုယူ၍ ဆရာစံတို့ရှိရာကို ပြန်သွားစေပြီး သုံးဆယ်နယ်ပိုင် ဦးထွန်းတင်နှင့် မိုးလုံးဌာနအုပ် ဦးဟန်တို့ ပူးပေါင်း၍ ၁၉၃၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက် (၁၂၉၃ ခုနှစ်၊ ဒုတိယ ဝါဆိုလဆုတ် ၄ ရက်၊ တနင်္ဂနွေနေ့)တွင် ဆရာစံအား ဝိုင်းဝန်းဖမ်းဆီး လိုက်ကြလေသည်။

ဖမ်းဆီးသူများသည် ဆရာစံသည် ကာယသိဒ္ဓိပေါက်၍ ရှိန်းဆာယာပိုမောက်ပြီး ကိုယ်ပျောက်တတ်သည်ဟု သတင်းကြီးလျက်ရှိသောကြောင့် ကြောက်စိတ်ပိုကာ ဝါးညှပ်၊ ခြေထိပ်၊ လက်ထိပ်ခတ်ဖမ်းပြီး နောင်ချိုအချုပ်ထောင်သို့ ပို့လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com





၁၂၉၃ ခု၊ ကဆုန်လဆုတ် ၅ ရက်၊ ပြည်ခရိုင်-မြို့မရွာတွင် ကျဆုံးသွားသော ရာဇဝတ်ဝန် ဩစတင်နှင့် ငယ်သားကိုးဦးအတွက် ဆောက်ထားခဲ့သည့် ကျောက်တိုင်



ဒေးဒရဲမြို့နယ် ထန်းတောရွာတိုက်ပွဲတွင် ဂဠုန်အဖွဲ့ဝင်တပ်သား ၅၀ ခန့်တို့က ရွာထိပ်မလှမ်းမကမ်းရှိ ဣါသုသာန်နေရာမှ စွယ်ရောင်ပြ၍ အစိုးရတပ်များကို စစ်ရေးဆွယ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူပ်က မတရားဖြင့်...
အခွန်ကောက်ခံပြီး
တိုင်းသူပြည်သားများအား
ဖိနှိပ်ချုပ်ချယ်နေတဲ့ အင်္ဂလိပ်အစိုးရကို
မြန်မာပြည်မှ တိုက်ထုတ်ရန်
ဂျူနီတပ်ဖွဲ့များကို
ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါတယ်
သတ်မှတ်ထားတဲ့ အချိန်တွင်
မြန်မာတစ်ပြည်လုံး...

www.burmeseclassic.com

www.burmeseclassic.com

# နောင်ချိုမှ သာယာဝတီသို့

ဆရာစံကို နောင်ချိုအချုပ်ထောင်တွင် ချုပ်ထားသည့်အချိန်တွင် သီပေါမြို့ဝန် ဦးဘက နောင်ချိုကို ရောက်နေသည့်အချိန်နှင့် ကြုံကြိုက်နေသည်။ သီပေါမြို့ဝန် ဦးဘသည် ဆရာစံအား တွေ့ချင်စိတ်များ ပြင်းထန်လာသည့်အတွက် သွားရောက်တွေ့ဆုံသည်။ ဆရာစံသည် အဝတ်အစားများ ရှုမြင်မကောင်းအောင် ဟောင်းနွမ်းစုတ်ပြတ်နေသည်ကို တွေ့လိုက်ရသည့်အတွက် အလွန်စိတ်မကောင်းဖြစ်ကာ မြို့ဝန်ကြီးသည် ဝတ်စုံတစ်စုံ လှူဒါန်းရာ ဆရာစံသည် လက်ခံပြီး သာဓု သုံးကြိမ်ခေါ်လိုက်သည်။ မြို့ဝန်ကြီး၏ဘဝ တိုးတက်အေးချမ်းသာယာပါစေဟု ဆုပေးလိုက်သည်။ မြို့ဝန်ကြီးဦးဘသည် မျက်ရည်များစို့လျက် အချုပ်ထောင်ပေါ်မှ လျှင်မြန်စွာ ဆင်းသွားလေသည်။

ဆရာစံသည် မြို့ဝန်ကြီးဦးဘ လှူဒါန်းသွားသော အင်္ကျီလုံချည်နှင့် ခေါင်းပေါင်းပါသည့်ဝတ်စုံကို ကြိုးဒဏ်ခံရသည်အထိ ဝတ်ဆင်သွားခဲ့လေသည်။ ၁၉၃၁ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် စစ်တပ်အစောင့်အကြပ်များစွာနှင့် သီပေါအချုပ်ထောင်သို့ ပို့လိုက်ရာ သီပေါဘူတာတွင် လူပေါင်း ၂၀၀၀ ကျော် ၃၀၀၀ ခန့် ခရီးဦးကြိုပြုကြသည်။ အချို့ မျက်ရည်များစို့၍ ကြိတ်ငိုကြသည်။ တချို့က အင်္ဂလိပ်အစိုးရ

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွား ထွက်သွားဟု အော်ဟစ်ပြောကြသည်။

ထိုအချိန်တွင် မန္တလေးမြို့ ငွေတောင်တိုက်ဆရာတော် ဦးဝါယမ ကျောင်းတွင် တည်းခို၍ ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ သွားရောက်ရန် ရှမ်းစုဘူတာနီးကပ်သော ဇီးဘဏီတိုက်ဆရာတော် ဦးကေသရကျောင်း တွင် ခေတ္တဝင်ရောက် ခိုလှုံနေကြသော ဦးထွန်းလှနှင့် ဦးတေတို့ကိုလည်း နောင်ချိုမှတစ်ဆင့် သီပေါထောင်သို့ ပို့လိုက်လေသည်။

ဦးထွန်းလှသည် သီပေါထောင်တွင် ဂဠုန်တပ်ဖွဲ့ဝင်ပေါင်း ၁၅၀ ကျော်တို့ကို တွေ့လိုက်ရသည်။ ဆရာစံကိုလည်း ထိုထောင်ထဲမှာပင် တွေ့ရှိပြီး ပုလိပ်များက ဆရာစံအား ဦးထွန်းလှကိုပြ၍ "ဒီလူကို သိသလား"ဟုမေးရာ မသိဟု ဖြေကြားလေသည်။ ဦးထွန်းလှအား မေးရာ "ခင်ဗျားကို ပုန်ကန်ဖို့ သွေးဆောင်တာ ဒီလူမဟုတ်လား၊ သူဟာ ဆရာစံ မဟုတ်လား"စသည်ဖြင့် မေးသောအခါ ဦးထွန်းလှက မဟုတ်ကြောင်း၊ မသိကြောင်း ဖြေကြားလေသည်။ အရာရှိများသည် အမျိုးမျိုးမေးမြန်း၍ မရသောအခါ စိတ်လျှော့ပြီး ပြန်သွားကြလေသည်။

နောက်သုံးရက်ခန့်ကြာသောအခါ ဦးထွန်းလှ၏ ငယ်သူငယ်ချင်း ဖြစ်သူ ရာဇဝတ်အမတ်ကြီး ဦးစောခွန်မြတ် ရောက်လာ၍ ရင်းနှီးစွာ မေးမြန်းသောအခါ ဦးထွန်းလှက အကြောင်းစုံကို ဖွင့်ဟပြောဆိုလေ သည်။ ထိုစဉ်က သီပေါတွင် ငါးရက်တစ်ကြိမ် ထုတ်ဝေသော 'ရတနာ သီဟ'သတင်းစာတိုက်တွင် အုပ်ချုပ်မှုအယ်ဒီတာအဖြစ် ဆောင်ရွက်နေ သည့် ဒါရိုက်တာဆရာမြင့်သည် သီပေါစော်ဘွားထံ ခွင့်ပန်၍ ဆရာစံအား ဝင်ရောက်တွေ့ဆုံ အလေးပြုလေသည်။ အင်္ဂလိပ်ကို တောင်သူလယ်သမား များနှင့် ပတ်သက်ပြီး တော်လှန်ပုန်ကန်သည့် အကြောင်းများကို တွေ့ဆုံ ဆွေးနွေးကြရာ ဆရာစံသည် တော်လှန် ပုန်ကန်ရမှုနှင့် အဖွဲ့ဝင်များ၏ စာရင်းဇယားကို ပြောပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က မတရားသဖြင့် အခွန်များကောက်ခံပြီး တိုင်းသူပြည်သားများအား ဖိနှိပ်ချုပ်ချယ်နေတဲ့ အင်္ဂလိပ်အစိုးရကို မြန်မာပြည်မှ တိုက်ထုတ်ရန် ဂဠုန်တပ်ဖွဲ့များကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့အချိန်တွင် မြန်မာပြည်တစ်ပြည်လုံး အမြို့မြို့ အနယ်နယ်မှ တစ်ချိန်တည်း ထကြွတော်လှန်ပုန်ကန်ကြရန် အစီအစဉ်များ ပြုလုပ်ခဲ့ရကြောင်း၊ သို့သော် လက်အောက်ငယ်သားများက အချိန်မတန်မီ ထကြွပုန်ကန်ခဲ့သည့်အပြင် အချို့နေရာများတွင် မတရားခိုးယူလုယက် ဓားပြတိုက်မှုများနဲ့ အမျိုးသမီးများကိုပါ ဖျက်ဆီးကြသည့်အတွက် ပြည်သူလူထုက မေတ္တာပျက်၍ သစ္စာဖောက်ဖျက်သူများရဲ့ဒဏ်ကို ကျုပ်ခံစားရတာပါ"

ဆရာစံက ဒေါသနှင့် ပြောကြားလိုက်သလို ခေါင်းဆောင်မှုပိုင်းမှာ အားနည်းနေသည့်အတွက် အရေးတော်ပုံ မအောင်မြင်ဘဲ ဖြစ်ခဲ့ရသည်ဟု ပြောပြသည်။ ဆရာမြင့်၏ မေးမြန်းမှုများကို ဆရာစံက ဆက်လက်ပြောပြလိုက်လေသည်။

"အခုဘဝမှာ လူမျိုးခြားလက်အောက်မှ မလွတ်မြောက်ပေမယ့် နောင်ဘဝမှာ လွတ်မြောက်ရမယ်၊ ကျုပ်က ဘုရားရှိခိုးပြီး ဆုတောင်းတဲ့အခါမှာတောင် လူမျိုးခြားလက်အောက်က လွတ်မြောက်ရပါလို၏ဟု ဆုတောင်းတယ်"

ဟု ပြောပြလိုက်သည်။ ဆရာစံ၏ မျိုးချစ်စိတ်ကို ဆရာမြင့်က အသိအမှတ်ပြု လေးစားသွားပြီး မွန်မြတ်တဲ့ပုဂ္ဂိုလ်ထူး သူရဲကောင်းမှတ်တမ်းဝင်ပါတယ်ဟု ကြေကွဲစွာ ပြောလိုက်လေသည်။ ဆရာစံသည် သီပေါထောင်တွင် ၁၀ ရက် ချုပ်နှောင်ခြင်းခံရပြီးနောက် အင်္ဂလိပ်စစ်သား အစောင့်အကြပ်ပေါင်းများစွာဖြင့် မီးရထားနှင့် သာယာဝတီကို ပို့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်အစိုးရသည် ဆရာစံကို မိုးရထားနှင့် ပို့လိုက်သည် ဆိုတာကို ပြည်သူများ မသိအောင် သတင်းအမှောင်ချထားသည်။ အကြောင်းမှာ နောင်ချိန့်မှ သီပေါကို ပို့သည့်အချိန်ကဖြစ်ရပ်ကို သင်ခန်းစာရရှိသွားသဖြင့် အသိမပေးဘဲ ခေါ်ဆောင်လာခဲ့သည်။ အင်္ဂလိပ်အစိုးရသည့် ဆရာစံအား မန္တလေးမှ ရန်ကုန်ကို ပို့လိုက်သည်။ ဆရာစံ ရန်ကုန်ရောက်သည်နှင့် အင်္ဂလိပ်အစိုးရသည် ၄င်းရထားတွဲနှင့်ပင် သာယာဝတီကို ချက်ချင်းပို့လိုက်လေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com




အလံတောင်ပေါ်ရှိ ဂဠုန်တပ်ဖွဲ့အတွက် ရိက္ခာသိုလှောင်ရာတဲကို ဤနေရာတွင် ဆောက်လုပ်ခဲ့၏။



ဆရာစံ ဂဠုန်တပ်ဖွဲ့ဌာနချုပ်စခန်း တည်ရှိရာ အလံတောင်ထိပ်

www.burmeseclassic.com

www.burmeseclassic.com



မည်သူမဆို
အရှင်ကေရာဇ်မင်းမြတ်လို
စိတ်မက်ပြိုင်ဆိုင်လျှင်ဖြစ်စေ
စိတ်မက်ပြိုင်ရန်
ကြံစည်အားထုတ်လျှင်ဖြစ်စေ
စိတ်မက်ပြိုင်ရန်
အားပေးကူညီလျှင်ဖြစ်စေ
၎င်းတို့ကို
သေဒဏ်သော်လည်းကောင်း...

www.burmeseclassic.com

www.burmeseclassic.com

# ကောက်ကျစ်တဲ့ ဉာဏ်များ

ဆရာစံကို ဖမ်းမိချိန်တွင် တော်လှန်ရေးခေါင်းဆောင် အများစုနှင့် နောက်လိုက်များကိုပါ အင်္ဂလိပ်အစိုးရက ဖမ်းဆီးရမိထားသည်။ အင်္ဂလိပ်အစိုးရသည် ၁၉၃၁ ခုနှစ်တွင် သူပုန်များကို လွတ်ငြိမ်းချမ်းသာခွင့် ဆိုသည့်အမိန့်စာကို ထုတ်ပြန်ကြေညာလိုက်လေသည်။ လက်နက်ကိုင်များ လက်နက်ချ၍ အလင်းဝင်ရောက်လာမည်ဆိုလျှင် လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဟု ကြေညာသလို ရန်ကုန်မြို့တွင်လည်း အဂ္ဂမဟာပဏ္ဍိတ အလယ်တောရဆရာတော် ဦးဆောင်သော သံဃာတော်များက သူပုန်ထခြင်းကိစ္စ ငြိမ်းအေးရန်ဆန္ဒများရှိကြောင်း၊ မြန်မာပြည်သည် မြန်မာများအဖို့ ရွှေပြည်တော်အဖွဲ့ကို ဖွဲ့စည်းရန် ကြိုးစားကြသည်။ ဆရာတော်ကြီးများနှင့်အတူ ပါဝင်သူများမှာ သမာဓိမြို့ဝန် ဆရာစိန်၊ သမာဓိမြို့ဝန် ဆရာမြို့၊ ဦးသောင်းတင်၊ သမာဓိမြို့ဝန် ဦးမောင်ကြီးတို့ ဦးဆောင်ကြသည်။ မြန်မာပြည် ပုန်ကန်ထကြွခြင်းကို အေးချမ်းအောင် ပြည်သူဘက်က ရပ်တည်မည်ဟု ကြေညာလိုက်လေသည်။

**၎င်းကြေညာချက်များကို ယုံစား၍ ၁၉၃၁ ခု၊ ဇူလိုင်လ ၁၅ ရက်နေ့မှ ၁၉၃၂ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့အထိ ခရိုင်အလိုက် လက်နက်ချ**

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်လာကြသောဦးရေမှာ အောက်ပါအတိုင်းဖြစ်သည်။

| ခရိုင် | လက်နက်ချဦးရေ |
|---|---|
| သာယာဝတီ | ၄၇၅ |
| ပြည် | ၃၄၈၆ |
| သရက် | ၂၀၈၅ |
| ဟင်္သာတ | ၁၅ |
| အင်းစိန် | ၃၀၂ |
| ပဲခူး | ၂၈ |
| **ပေါင်း** | **၆၃၉၁** |

လက်နက်ချ ဝင်ရောက်လာသော်လည်း အင်္ဂလိပ်အစိုးရသည် အပြောနှင့်အလုပ် မညီပေ။ အင်္ဂလိပ်အစိုးရသည် အရေးကြီးသည့် ခေါင်းဆောင်များကို ချက်ချင်းပြန်မလွှတ်ဘဲ ချုပ်နှောင်ထားပြီး ရုံးတင်စစ်ဆေးကြသည်။ ၄င်းတို့သည် ပြန်လွှတ်သည့်ဦးရေ မရှိသလောက် တစ်သက်တစ်ကျွန်းဒဏ် စသည့် အပြစ်အမျိုးမျိုး ကျခံကြရလေသည်။

## ကျွန်းမှ သေဒဏ်ခံရသူများ

အင်္ဂလိပ်ဘုရင်ခံ ဆာချား(လ်)အင်းနစ်(စ်) Sir Charlesines သည် ပုန်ကန်သူများကို ကြိုးပေးရန် တစ်ချက်လွှတ်အမိန့်ကို ၁၉၃၁ ခုနှစ်၊ မတ်လတွင် ချမှတ်လိုက်သည်။ အင်္ဂလိပ်အစိုးရကို တော်လှန်ပုန်ကန်သူများကို အချိန်ဆွဲထားခြင်းမပြု။ အမြန်စစ်ဆေး၍ အမြန်ဆုံး ကြိုးစင်သို့ တင်ကာ သတ်ရန်ဖြစ်လေသည်။

အလားတူ ၁၉၃၁ ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလတွင် ကျင်းပသည့် ဥပဒေပြုလွှတ်တော် အစည်းအဝေးတွင် ၄င်းတစ်ချက်လွှတ်

www.burmeseclassic.com

www.burmeseclassic.com



ဥပဒေကို အစားထိုးရန်အတွက် မြန်မာပြည်တော်လှန်ပုန်ကန်မှုများ (တရားစစ်ဆေးခြင်း) ဥပဒေတစ်ရပ်ကို တင်သွင်းပြဋ္ဌာန်းလေသည်။ မြန်မာပြည်တော်လှန်ပုန်ကန်မှု (တရားစစ်ဆေးခြင်း) တစ်ချက်လွှတ် ဥပဒေအရ သူပုန်များကို စစ်ဆေးရန်အတွက် အထူးခုံရုံးတစ်ခုကို ဖွဲ့စည်းရာ ဥက္ကဋ္ဌအဖြစ် တရားဝန်ကြီး မစ္စတာကန်းလစ်(ဖ်)အား ခန့်အပ်ထား၍ အဖွဲ့ဝင်အဖြစ် အငြိမ်းစားစက်ရှင် တရားသူကြီး မစ္စတာဒါဂု(ဒ်) စက်ရှင်တရားသူကြီး ဦးဘဦးတို့အား ခန့်ထားလေသည်။

ငှင်းတို့အကြောင်းကို အကျဉ်းတင်ပြရလျှင် မစ္စတာကန်းလစ်ဖ်သည် အင်္ဂလိပ်လူမျိုး ဝတ်လုံတော်ရတစ်ဦးဖြစ်၍ မြန်မာပြည်သို့ ရောက်ရှိပြီး တရားဝန်ကြီးအဖြစ် ဆောင်ရွက်နေသည်မှာ ငါးနှစ်မျှသာ ရှိသေးသည်။ အဖွဲ့ဝင်တစ်ဦးဖြစ်သူ မစ္စတာဒါဂု(ဒ်)မှာ မော်လမြိုင် ဇာတိဖြစ်သော အင်္ဂလိပ်-မြန်မာ ကပြားတစ်ဦးဖြစ်သည်။ သူသည် ဝတ်လုံတော်ရ တစ်ဦးဖြစ်သည်။ မော်လမြိုင်မြို့တွင် အစိုးရရှေ့နေအဖြစ် လုပ်ကိုင်ဆောင်ရွက်ပြီးနောက် ခရိုင်စက်ရှင် တရားသူကြီး ဖြစ်လာပြီး တရားလွှတ်တော် ခေတ္တတရားဝန်ကြီးအဖြစ် ဆောင်ရွက်နေစဉ်မှာ အငြိမ်းစားယူခဲ့သည်။

ဦးဘဦးမှာ တရားလွှတ်တော် ခေတ္တတရားဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့ဖူးသူဖြစ်၍ ခုံရုံးအဖွဲ့ဝင်လူကြီးအဖြစ် ခန့်ထားစဉ်အခါက အင်းစိန်ခရိုင် တရားမနှင့် စက်ရှင်တရားသူကြီးအဖြစ် ဆောင်ရွက်လျက်ရှိသည်။ ငှင်းအထူးခုံရုံးအဖွဲ့ ပထမဆုံးစစ်ဆေးရသည့်အမှုမှာ ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်၊ ထန်းတောကျေးရွာမှ ဦးအောင်လှနှင့် အပေါင်းအပါများဖြစ်လေသည်။

ငှင်းတို့အား အိန္ဒိယရာဇသတ်ကြီး ပုဒ်မ ၁၂၁ အရ တရားစွဲဆိုသောအမှု ဖြစ်သည်။ အိန္ဒိယရာဇသတ်ကြီး ပုဒ်မ ၁၂၁ ၏ ပြဋ္ဌာန်းချက်အနက် အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မည်သူမဆို အရှင်ဧကရာဇ်မင်းမြတ်ကို စစ်မက်ပြိုင်ဆိုင်လျှင်ဖြစ်စေ၊ စစ်မက်ပြိုင်ရန် ကြံစည်အားထုတ်လျှင်ဖြစ်စေ၊ စစ်မက်ပြိုင်ရန် အားပေးကူညီလျှင်ဖြစ်စေ၊ ၎င်းတို့ကို သေဒဏ်သော်လည်းကောင်း၊ တစ်သက်လုံး တစ်ကျွန်းပို့ဒဏ်သော်လည်းကောင်း စီရင်စေမည့်ပြင် ၎င်းသူပိုင်ပစ္စည်းအရပ်ရပ်ကိုလည်း သိမ်းယူစေမည်"

ဟူ၍ဖြစ်သည်။ အထူးခုံရုံး အဖွဲ့ဝင်များသည် ဖျာပုံခရိုင်သို့ သွားရောက်၍ ဦးအောင်လှခေါင်းဆောင်သော သူပုန်အဖွဲ့ကို အထူးခုံရုံး အမှုတွဲ အမှတ် ၁ အဖြစ် စတင်စစ်ဆေးရာ ဦးအောင်လှ အပါအဝင် တရားခံပေါင်း ၁၀၃ ဦး ရှိလေသည်။ ၎င်း ၁၀၃ ဦးတွင် ၃ ဦးမှာ ထွက်ပြေးတိမ်းရှောင်သွား၍ ၁၀၀ ဦးကျန်ရှိသည်။ အမှုကို ဆက်လက်စစ်ဆေးရာ ၅ ဦးမှာ ခိုင်လုံမှုမရှိ၍ ပြန်လွှတ်ပေးခဲ့သည်။


၎င်းတို့သည် ကျန်ရှိနေသော ၉၅ ဦးကို ဆက်လက်စစ်ဆေးရာ ၁၅ ဦးမှာ သေဒဏ်၊ ၅၆ ဦးမှာ တစ်သက်တစ်ကျွန်းနှင့် ၂၄ ဦး မှာ တရားသေလွှတ်ပေးခဲ့သည်။ သေဒဏ်အပြစ်ပေးခံရသူ ၁၅ ဦးမှာ ၁။ ဦးဘစိန် (ဦးအောင်လှ၏သား) ၂။ ဦးဖိုးစိန် ၃။ ဦးဘိုးကျား ၄။ ဦးထွန်းအေး ၅။ ဦးဝိုက်ကြီး ၆။ ဦးသွယ် ၇။ ဦးစံခင် ၈။ ဦးဘိုးလှိုင် ၉။ ဦးစံရွှေ ၁၀။ ဦးအောင်ဘိုး ၁၁။ ဦးစံလှ ၁၂။ ဦးရွှေစု ၁၃။ ဦးတက်ထွန်း ၁၄။ ဦးရှိန် ၁၅။ ဦးဘိုးထင်တို့ ဖြစ်ကြသည်။ အဖွဲ့ခေါင်းဆောင် ဦးအောင်လှနှင့် ၅၆ ဦးတို့ကို ကျွန်းပို့လိုက်ကြလေတော့သည်။

ဦးအောင်လှ ကျွန်းပို့သည့်ကိစ္စကို ရန်ကုန်အထူးခုံရုံး တရားရေးဝန်ကြီးက မကျေမနပ်ဖြစ်၍ ၎င်းကိုယ်တိုင် ဦးအောင်လှအား သေဒဏ်အဖြစ် ပြောင်းလဲသတ်မှတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com





ဆရာစံ အရေးတော်ပုံအတွင်း နယ်သူနယ်သားများ စိတ်ဓာတ်တက်ကြွမှုကို
ကျဆင်းအောင် ဗြိတိသျှအစိုးရ၏ လက်နက်အင်အားကို ဤပန်ချာပီ
သေနတ်ကိုင်တပ်ရင်း ၁၅ မှ စစ်သားများက
လှည့်လည်သရုပ်ဖော်ပြသကြရလေသည်။



ဆရာစံအား အမှုစစ်ဆေးရန် အစောင့်ပုလိပ်များ စစ်သားများ ဝိုင်းရံလျက်
သာယာဝတီ အကျဉ်းထောင်မှ ဤသို့ ထုတ်ယူလာသည်။

www.burmeseclassic.com

www.burmeseclassic.com


သာယာဝတီရှိ
လွှတ်တော်ရှေ့နေကြီး သခင်မြနှင့် ဦးသူငယ်တို့
ဆရာစံအား
သွားရောက်တွေ့ဆုံကြသည်။
ဆရာစံက
သာယာဝတီဦးစုကို တွေ့လိုသည်ဟု
ဆရာစံသည်
ဦးပုနှင့် တွေ့ဆုံပြီးနောက်
တရားရုံးတွင် အစစ်မခံဟု ငြင်းဆန်ခဲ့သည်။
သို့သော်
ဒေါက်တာဘမော် ရောက်ရှိလာပြီး
တရားရုံးကို ရင်ဆိုင်ဖို့
ဖျောင်းဖျပြောဆိုသည့်အခါ...

www.burmeseclassic.com

www.burmeseclassic.com

# ခုံရုံးရှေ့ရောက် ဆရာစံ

အခြားသောစစ်ချက်များကို ရေးသားရန် စာမျက်နှာအခက်အခဲကြောင့် ချန်ထားခဲ့ရသည့်အတွက် စာရေးသူအား နားလည်ပေးစေချင်ပါသည်။ အထူးခုံရုံးအဖွဲ့သည် ပဋ္ဌမမြောက်အမှုကို စတင်စစ်ဆေးသည်။ ၎င်းအမှုမှာ တောင်သူလယ်သမားခေါင်းဆောင် ဆရာစံ ဖြစ်လေသည်။ ဆရာစံကို ၁၉၃၁ ခု၊ ဩဂုတ်လ ၁၄ ရက်နေ့ညနေတွင် ရန်ကုန်မှတစ်ဆင့် မီးရထားဖြင့် နယ်ပုလိပ်များစောင့်ရှောက်လျက် သာယာဝတီသို့ ခေါ်ဆောင်လာရာ ည ၈ နာရီ မိနစ် ၅၀ အချိန်တွင် ရောက်ရှိလာသည်။

ဆရာစံမှာ ၄က်ဖျားရောဂါဝင်နေသလို ခြေထောက်၄တ်စူးထားသည့်ဒဏ်ရာက ပြင်းထန်နေသည်။ ထို့အတူ စတင်ဖမ်းဆီးခြင်းခံစဉ်က ပုလိပ်များ အလွန်ကြောက်ပြီး ခြေထိပ်ခတ်ရာ၌ ဝါးလုံးနှင့် အညှပ်ခံထားရသောကြောင့် ခြေကျင်းဝတ်နှစ်ဖက်လုံး နာကျင်ကိုက်ခဲပြီး ရထားပေါ်မှ ရုတ်တရက်မဆင်းနိုင်အောင် ဖြစ်နေသည်။ သို့ဖြစ်၍ အင်္ဂလိပ်အရာရှိများက ဖေးမတွဲယူပြီး ကားပေါ်ကို တင်လိုက်သည်။ ဆရာစံ ကားပေါ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်သည်နှင့် သာယာဝတီထောင်ကို ပို့လိုက်လေသည်။

ထောင်သို့ရောက်သောအခါ ကားပေါ်မှ မဆင်းနိုင်၍ ပွေ့ယူရသည်။ နောက်တစ်နေ့ နံနက်စောစောတွင် သာယာဝတီရှိ လွှတ်တော်ရှေ့နေကြီး သခင်မြနှင့် ဦးသူငယ်တို့သည် ဆရာစံအား သွားရောက်တွေ့ဆုံကြသည်။ ဆရာစံက သာယာဝတီဦးပုကို တွေ့ဆုံလိုသည်ဟု ပြောကြားလေသည်။ ဆရာစံသည် ဦးပုနှင့် ဆွေးနွေးပြီးနောက် တရားရုံးတွင် အစစ်မခံဟု ငြင်းဆန်ခဲ့လေသည်။ သို့သော် ဒေါက်တာဘမော် ရောက်ရှိလာပြီး တရားရုံးကို ရင်ဆိုင်ဖို့ ဖျောင့်ဖျပြောဆိုသည့်အခါ နောက်ဆုံးတွင် သဘောတူလိုက်လေသည်။

၁၉၃၁ ခုနှစ်၊ ဝါခေါင်လဆန်း (၂)ရက် စနေနေ့ နံနက် (၇) နာရီအချိန်မှစ၍ သာယာဝတီထောင်ကြီးသို့ နိုင်ငံရေးခေါင်းဆောင်အချို့နှင့် သတင်းစာတိုက်အသီးသီးမှ သတင်းထောက်များ၊ ဓာတ်ပုံဆရာများ ရောက်ရှိလာကြသည်။ သာယာဝတီမြောက်ပိုင်း၊ မင်းတိုင်မင် အမတ် ဦးမောင်ကြီးသည် ထောင်ထဲသို့ဝင်၍ ဆရာစံနှင့် တွေ့ဆုံလေသည်။ ထို့နောက် ပန်ချာပီတပ်နှင့် မြန်မာစစ်ပုလိပ်တပ်များ ရောက်ရှိလာကြသည်။

ပဲခူးတိုင်းမင်းကြီး မစ္စတာဘုဂရေဗီ ရာဇဝတ်ဝန်ကြီး ဦးအုံးကျော်၊ စုံထောက်ဖက်ဆိုင်ရာ ဦးတင်တို့ ရောက်ရှိလာ၍ ဆရာစံအား ထောင်မှ ထုတ်ယူသောအခါ ဦးအုံးကျော်နှင့် ဦးတင်တို့က ဝဲယာညှပ်၍ ခေါ်ဆောင်လာလေသည်။ ထိုအချိန်အခါက ဆရာစံသည် ပန်းရောင်အပွင့်များပါသော ခေါင်းပေါင်းအဖြူကို ပေါင်းထားသည်။ အစိုးရ အမိန့်အရ ဝတ်ရသည့် အင်္ကျီအနီကို မိမိအင်္ကျီများအပေါ်ထပ်၍ ဝတ်ထားပြီးလျှင် အဝါနှင့် အဖြူကွက်လုံချည်ကို ဝတ်ဆင်ထားလေသည်။ ခြေထောက်တွင် သံခြေကျင်းတစ်ဖက်တစ်ချက် ခတ်ထားသည့်အပြင် အပြက် လက်သာ ဘက်ခြေထောက်မှာ ရောင်နေသောကြောင့် လမ်းမှာ ကောင်းစွာ မလျှောက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘဲ ကားပေါ်ကို ဖေးမ၍ တင်ရလေသည်။

ထို့နောက် အထူးခုံရုံးအဖွဲ့ရုံးထိုင်ရာ သာယာဝတီခရိုင် ရာဇဝတ်တရားသူကြီးရုံးသို့ ခေါ်ဆောင်သွားလေသည်။ ဆရာစံကို ခေါ်ဆောင်လာသော ကားအနောက်မှာ ပန်ချာပီနှင့် မြန်မာစစ်ပုလိပ်များအပြင် အရာရှိများလည်း လိုက်ပါလာခဲ့လေသည်။ နံနက် ၈ နာရီ မိနစ် ၂၀ အချိန်တွင် ရုံးသို့ရောက်ရာ ရုံးနားတစ်ဝိုက်တွင် လာရောက် နားထောင်သူများနှင့် ပြည့်လျှက်ရှိနေသည်။ အမှုတွင် အစိုးရကိုယ်စားလှယ် သာယာဝတီခရိုင် ဝန်ကြီးဦးအုံးကျော်က တရားလိုပြုလုပ် စွဲချက်တင်ပြလိုက်သည်။ တရားလိုဘက်မှ လိုက်ပါဆောင်ရွက်သော အစိုးရရှေ့နေကြီးက ခုံရုံးသို့ ဖတ်ကြားတင်ပြ၍ တရားစွဲဆိုလိုက်လေသည်။ တရားစွဲဆိုသည့် အချက် (၁၄)ချက်မှ တချို့အချက်များကို ဖော်ပြလိုက်ရပါသည်။

၁။ ဆရာစံမှာ အင်းရွာအနီးရှိ မန်ကျည်းကုန်း ဘုန်းတော်ကြီးကျောင်း၌ လည်းကောင်း၊ အင်းစိန် ဒီစကြိတ်ရွှေနားကွင်းရွာ ဆရာအိမ်၌လည်းကောင်း၊ ၁၉၃၀ ဒီဇင်ဘာလတွင် ဟသ်ာတနယ်၌လည်းကောင်း၊ ဂျော့ဘုရင်မင်းမြတ်အား ပုန်စားပုန်ကန်ကြောင်း၊ သို့မဟုတ် ဘုရင်မင်းမြတ်အား မြန်မာပြည်စိုးမိုး အုပ်ချုပ်မင်းလုပ်ခြင်းကို လက်လွှတ်စေသော စစ်စခန်းမကြီး ပြုလုပ်ကြောင်း။

၂။ ဆရာစံသည် ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့ လောက်တွင် အလံတောင်၌ နန်းတော်တည်ထောင်သည့်အပြင် သူပုန်အချို့တို့၏ အကူအညီဖြင့် အလံတောင်ကို သူပုန်တို့၏ ခိုင်လုံသော စစ်စခန်းမကြီးကို ပြုလုပ်ကြောင်း။

၃။ ဒီဇင်ဘာလ ၂၂ ရက်နေ့ညတွင် ရေတိုက်ရွာသာကျော်၏ တဲ၌ ဂဠုန်အသင်းသားတို့ စုရုံးပြီး မိုးသောက်ကာလ ရာဇဝတ်ဝန်ကလေး ဦးမောင်ကလေး၏ လူစုကို တိုက်ခိုက်ရာ အမှုထမ်းတစ်ယောက် သေဆုံးရာ

www.burmeseclassic.com

www.burmeseclassic.com



ရရှိကာ သေဆုံးသွားကြောင်း။

၁၀။ ဒီဇင်ဘာလ ၂၄ ရက်နေ့က ဆရာစံက လက်နက်စွဲကိုင်သော သူပုန်တစ်စုအား ဝဲရှာ သစ်တောဗိုလ်တဲရှိ သစ်တောအရာရှိ မစ္စတာ ဖီးကလပ်နှင့် စာရေးတစ်ယောက် သေဆုံးပြီး မစ္စတာဖီးကလပ်၏ ခြောက်လုံးပြူးသေနတ်နှင့် ဆင်များ၊ ခဲယမ်း၊ မီးကျောက်များ၊ ပရိဘောဂ များကို ယူဆောင်သွားကြကြောင်း။

၁၁။ ဆရာစံ၏အမိန့်အရ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် သူပုန် အမြောက်အမြားတို့က ရာဇဝတ်ဝန်ကလေး ဦးမောင်ကလေး၏ လူတစ်စုကို တိုက်ခိုက်စေရာ ဦးမောင်ကလေးအား သတ်ဖြတ်သည့်အပြင် ၄င်း၏ ခြောက်လုံးပြူးနှင့် ရိုင်ဖယ်သေနတ်တစ်လက်ကို လုယူသွားကြောင်း၊ ထို့အပြင် အစိုးရရိုင်ဖယ်သေနတ်များနှင့် ယမ်းတောင့်များကိုလည်း ယူသွား ကြကြောင်း။

မှတ်ချက် ။

ကျန်ရှိသော အချက် ၉ ချက်ကို ချန်ရစ်ထားခဲ့သည်မှာ စာရေး သူ၏ တာဝန်သာဖြစ်သလို ဖတ်ရှုသူများ ထိုထက်ပို၍ ဗဟုသုတတိုးမည် မထင်သောကြောင့် ချန်ရစ်ထားခဲ့ခြင်းဖြစ်ပါသည်။ စာရှုသူများကလည်း စာရေးသူအပေါ် နားလည်ခွင့်လွှတ်ပေးစေချင်ပါသည်။

အထက်ပါအချက်တို့ကြောင့် ဆရာစံသည် ပြည်ပိုင်အစိုးရတို့ အပေါ် အရိုအသေကင်းမဲ့ရန် ပြုလုပ်သည့်အပြင် တိုင်းပြည်ပုန်ကန် ထကြွ စေခြင်းလည်းကောင်း၊ လူရောငွေပါ လက်နက်မကျန် စုဆောင်းခြင်းများ လည်းကောင်း ပြုလုပ်သည်ဖြစ်၍ အိန္ဒိယရာဇသတ် ကျင့်ထုံးပုဒ်မ ၁၂၀– ၁၂၁ (က)နှင့် ၁၂၂ အရ ကျူးလွန်ကြောင်းနှင့် စွဲချက်အလွှာ တင်သွင်း လေသည်။ ခုံရုံးဥက္ကဋ္ဌက ဆရာစံအပေါ် စွပ်စွဲချက်များကို ရှင်းပြီး ဖြစ်သော်လည်း အမှုသဘောကို မသိသေးကြောင်း အမှုဆက်လက်

www.burmeseclassic.com



စစ်ဆေးရာ ဆရာစံဘက်မှ လိုက်ပါဆောင်ရွက်ရန် အစိုးရက ဦးဘတင်နှင့် ဦးမြတို့ကို ငှားပေးထားကြောင်း၊ အကယ်၍ မကြိုက်ပါက အရေးပိုင်အား ပြောကြားနိုင်ကြောင်း ပြောဆိုလေသည်။

ဆရာစံက ရန်ကုန်မှ ရှေ့နေကြီးများ လာရောက်ကြလိမ့်မည် ဖြစ်ကြောင်း ပြန်ကြားလေသည်။ ဤတွင် ခုံရုံးဥက္ကဋ္ဌက သာယာဝတီမှ ရှေ့နေများကို အစိုးရက အခပေး၍ ငှားပေးထားသည်။ ရန်ကုန်မှ ရှေ့နေများကိုမူ ဆရာစံကသာ စရိတ်ပေးရမည်ဖြစ်ကြောင်း ပြောကြားလေသည်။ အမှုကို ဩဂုတ်လ ၂၀ ရက်နေ့သို့ ချိန်းလိုက်သည်။

သာယာဝတီဦးပု၊ ဒေါက်တာဘမော်နှင့် ဦးထွန်းအောင်ကျော်တို့သည် ဩဂုတ်လ ၁၈ ရက်နေ့တွင် ရောက်ရှိလာကြပြီး ထောင်တွင်းသို့ သွားရောက်၍ ဆရာစံ၏အမှုကို ဩဂုတ်လ ၂၀ ရက်နေ့တွင် စစ်ဆေးခြင်းမပြုဘဲ ရပ်ဆိုင်းပေးရန် အထူးခုံရုံးသို့ လျှောက်ထားပြီး တရားလွှတ်တော်သို့လည်း ဆရာစံအား ရုံးပြောင်းစစ်ဆေးပေးရန် လျှောက်ထားကြလေသည်။

ဒေါက်တာဘမော်က တရားဝန်ကြီးများဖြစ်ကြသော ဦးဘနှင့် မစ္စတာဘာရူလီတို့ရှေ့တွင် ဆရာစံ၏အမှုကို ရုံးပြောင်း၍ စစ်ဆေးရန် တင်သွင်းသည်။ ၎င်းက အထူးခုံရုံးအဖွဲ့ဝင် တရားသူကြီးများသည် ပုန်ကန်ထကြွမှုနှင့် ပတ်သက်၍ အမှုပေါင်း ၄ မှုတွင် ပါဝင်သော တရားခံ အမြောက်အမြားနှင့် စပ်လျဉ်းသည့် အမှုများကို စစ်ဆေးရာ ဆရာစံ၏ အမည်ကို မကြာခဏ ကြားသိနေရကြောင်း၊ သို့ဖြစ်သည့်အတွက် ထို တရားသူကြီးများ၏ စိတ်ထဲတွင် မိမိတို့ကြားသိနေရသော အချက်များကို အခြေပြု၍ ဆရာစံအား ဖျောက်ဖျက်ပစ်ရန် လွယ်ကူမည် မဟုတ်ကြောင်း ဆရာစံကို တရားစွဲဆိုရန် အစိုးရက ပြဋ္ဌာန်းချက်ထုတ်၍ အထူးတရား သူကြီးများကို တစ်ချက်လွှတ်အမိန့်အရ ခန့်ထားခြင်းပြုခဲ့သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ယင်းအစိုးရအမိန့်ကို တရားလွှတ်တော်က လွှမ်းမိုးရန် အာဏာမရှိကြောင်း၊ ဆရာစံ၏အကြောင်းကို အခြားသူပုန်များကွင် ထည့်သွင်းဖော်ပြရခြင်းမှာ အကြောင်းအားလျော်စွာသာဖြစ်ကြောင်း၊ ထိုအတွက် ရုံးပြောင်းရန် တင်သွင်းသော လျှောက်လွှာကို တရားလွှတ်တော်က လက်ခံရန် အခွင့်အာဏာ မရှိကြောင်း ဖော်ပြ၍ လျှောက်လွှဲလေသည်။

ဆရာစံ၏ ရှေ့နေများက ရုံးပြောင်းစစ်ဆေးပေးရန် အယူခံလွှာ တင်သွင်းလိုက်သည်။ အယူခံလွှာကို ပယ်ချ၍ ရုံးပြောင်းပေးရန် လျှောက်လွှာကို ပယ်ချလိုက်လေသည်။ ထို့ကြောင့် ဆရာစံအား ရုံးမှာပင် ဆက်လက်စစ်ဆေးလေသည်။ ဆရာစံအား အပြင်ရုံးသို့ ထုတ်လာသော အခါ လူအများက ဝိုင်းဝန်းကြည့်ရှုကြသည်။ အမှုကို စစ်ဆေးမည့် တရားသူကြီးများကလည်း အထူးဂရုပြု၍ ကြည့်ကြလေသည်။ ဆရာစံ ရက်ချိန်းနေ့တွင် ဒေါက်တာဘမော်နှင့် ဦးထွန်းအောင်ကျော်တို့မှာ တရားလွှတ်တော်တွင် ရုံးပြောင်းပေးရန် လျှောက်ထားသည့်ကိစ္စနှင့် စပ်လျဉ်း၍ ရန်ကုန်သို့ ပြန်သွားသည့်အတွက် ဦးပုက အထူးခုံရုံးအား ရက်ချိန်းထပ်မံပေးရန် လျှောက်လွှဲလေသည်။

ဦးပုသည် လူသိများသော နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်၍ နောက်လိုက်အတော်များများရှိသည်။ ဥပဒေပြုလွှတ်တော်ထဲတွင်လည်း အမတ်တစ်ဦးအနေဖြင့် အသံကျယ်သူဖြစ်သည်။ အထူးခုံရုံးရှေ့တွင် အမှုနှင့်စပ်လျဉ်း၍ ရက်ချိန်းတောင်လျက်ရှိရာ ကန်းလစ်ဖ်က ဦးပုအား မသိဟန်ဆောင်၍ မေးလေသည်။

"ခင်ဗျားက ဘာလဲ၊ ဘယ်သူလဲ"

"တရားသူကြီးမင်းခင်ဗျာ ကျွန်တော်သည် သာယာဝတီ ဦးပု ဖြစ်ပါတယ်၊ ကျွန်တော်၏ အလုပ်အကိုင်မှာ တတိယတန်းရှေ့နေ ဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးပု၏စကားကို ကြားလိုက်ရသည်နှင့် အားရပါးရ ရယ်လိုက်လေသည်။

"တတိယတန်းရှေ့နေလား၊ ဘယ့်နှဲ့ကြောင့် ကျုပ်တို့ရုံးမှာ လာပြီး လိုက်လာရတာလဲ၊ ခင်ဗျားပြောတာကို ကျုပ်တို့ မကြားနာနိုင်ဘူး"

ပြောလိုက်သည့်စကားကြောင့် ဦးပု အရှက်ကွဲသွားပေမယ့် စိတ်ထဲတွင် မကျေမနပ် ဖြစ်သွားသည်။ မန္တတာကန်းလပ်ဖ်ကိုလည်း အထင်သေးသွားသည်။ ဦးပုသည် ထိုနေရာတွင် ဆက်လက်ရပ်နေသည်။ ၎င်း၏ပြောစကားကို လက်မခံနိုင်၍ ခုံရုံးအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဘဦးက ၎င်းအနားကို အသာကပ်ပြီး ပြောလိုက်သည်မှာ "မိမိတို့သည် တရားလွှတ်တော်အဖြစ်ဖြင့် ရုံးထိုင်နေခြင်းမဟုတ်ဘဲ အထူးခုံရုံးအနေဖြင့် ထိုင်နေခြင်း ဖြစ်သည့်အတွက် တတိယတန်းရှေ့နေများအား ဤရုံးတွင် အမှုမလိုက်ရန် တားမြစ်သည့်ဥပဒေ မရှိကြောင်း" ပြောလိုက်လေသည်။

"ကောင်းပြီး··· ဦးပု၊ ခင်ဗျားပြောတာကို ကျုပ်တို့ကြားနာတယ်"

အသံခပ်တိုးတိုး ပြန်ပြောပြီး အမှုကိုရွှေ့ဆိုင်း၍ ရက်ချိန်းပေးလိုက်လေသည်။ နောက်ရက်ချိန်းတွင် ဒေါက်တာဘမော် ဦးဆောင်၍ လိုက်ပါလေသည်။ ဆရာစံ၏အမှုကို လိုက်ပါဆောင်ရွက်သော ရှေ့နေများမှာ ဦးချစ်ညွန့်၊ သခင်စိန်၊ သခင်မြ၊ ဦးသူငယ်နှင့် (နောက်တစ်ဦး) တို့ ဖြစ်သည်။ ဆရာစံသည် အင်္ဂလိပ်နယ်ချဲ့အစိုးရ ဖွဲ့စည်းထားသော တရားရုံးနှင့်တကွ အမှုများကိုစစ်ဆေးနေခြင်း၊ လျှောက်လွဲနေခြင်း၊ သက်သေများ ထွက်ဆိုနေခြင်းများကို အနည်းငယ်မျှ စိတ်ဝင်စားမှုမရှိ၊ ယုံကြည်စိတ်လည်းမရှိ၊ ၎င်းအပေါ် အင်္ဂလိပ်အစိုးရကပေးမည့် ပြစ်ဒဏ်ကို သိမြင်နေသည့်အတွက် စိုးရိမ်တုန်လှုပ်ချောက်ချားသည့် အမူအရာမပြ ခပ်ရဲရဲသာ အစစ်ဆေးခံလေသည်။

မှတ်ချက်-

www.burmeseclassic.com

www.burmeseclassic.com



ယခုဖော်ပြပါ အကြောင်းအရာများသည် ဦးဘဦး ရေးသားသည့် ကျွန်ုပ်၏ မြန်မာပြည်စာအုပ်မှ စာမျက်နှာ ၁၀၉ မှ ၁၁၀ ကို အခြေခံထား သောအချက်များ ဖြစ်ပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com





ရှမ်းပြည်မြောက်ပိုင်းသို့ ဆရာစံ လာရောက်တိမ်းရှောင်နေစဉ် ရဟန်းဝတ်နှင့် ခိုအောင်းနေထိုင်ခဲ့သော နောင်ချိုနယ် မက်ချင်းနရွာ မက်ချင်းနကျောင်း



ဆရာစံအား အမှုစစ်ဆေးရန် ရုံးသို့ ခေါ်ဆောင်လာသောအခါ သာယာဝတီ မြို့သူ မြို့သားများ တောင်သူလယ်သမားများက ဤသို့စုဝေးလာရောက် ကြည့်ရှုကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာစံသည်
မည်မျှထူးခြားခြင်းမရှိ
သိထားပြီးသော အကြောင်းအရာကို
နားထောင်ရသကဲ့သို့
ခပ်ပြုံးပြုံးပင် နားထောင်လေသည်။
ဆရာစံက
"ဒီလိုအပြစ်ပေးမယ်ဆိုတာ
သိပြီးသားပဲ၊
ကြိုးပေးပါစေ မကြောက်ပါဘူး"
ဟု ခပ်ပြုံးပြုံးပင်...

www.burmeseclassic.com

www.burmeseclassic.com

# စီရင်ချက်

၁၉၃၁ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်၊ ၁၂၉၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်၊ သောကြာနေ့ နံနက် ၉ နာရီခွဲအချိန်တွင် ခုံရုံးဥက္ကဋ္ဌဖြစ်သူ တရားဝန်ကြီး မစ္စတာကန်းလစ်(ဖစ်)သည် စီရင်ချက်ကို ဖော်ပြကာ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်လေသည်။

"စံရှားခေါ် ဆရာစံ… အသင့်အပေါ်၌ အိန္ဒိယရာဇသတ်ပုဒ်မ ၁၂၁ အရ ရှင်ဘုရင်အား ပုန်စားပုန်ကန်မှုပြုကြောင်းနှင့် ပုန်ကန်ရန်အားပေးကူညီပြုလုပ်ခဲ့သည်ဟု တရားလိုဘက်က စွပ်စွဲသည်ကို သင်က အပြစ်မရှိပါဟု ထုချေကြောင်း၊ ဤသို့စွပ်စွဲချက်ကို အသင်က ခံ၍ ဖြေဆိုရာ၌ ရန်ကုန်က ရှေ့နေများက လာရောက်ကူညီ ဆောင်ရွက်သည့်အပြင် ဤမြို့ရှိ ရှေ့နေများကိုလည်း အစိုးရက ကူညီစေသဖြင့် အသင်သည် ဤအမှုတွင် ကောင်းကောင်းကြီး ချေပရကြောင်း၊ ဤသို့ ကောင်းကောင်းကြီးချေပရသည့်အပြင် ဤရုံးကလည်း အသင့်အား သက်သာရာ သက်သာကြောင်းအတွက် မေးသင့်မေးရာ မေးခွန်းများကို မေးခဲ့ကြောင်း၊ တရားလိုက ထပ်၍စွပ်စွဲပြန်သည်မှာ လွန်ခဲ့သော အစည်းအဝေးတစ်ခု၌

www.burmeseclassic.com

www.burmeseclassic.com



အသင်သည် အထူးတလည် ဆောင်ရွက်ခဲ့ကြောင်း၊ ၄င်းဆရာစံဆိုသူသည် သူပုန်များ၏ ဗိုလ်တစ်ဦးဖြစ်လျှင် စလူစမ်းတိုက်ပွဲတွင် အစိုးရတပ်က ပတ်သက်၍ သေဆုံးသူဖြစ်ကြောင်း၊ ၄င်းအပြင် ရွာရှိ အရာရှိများ၏ သေနတ်များကို လုယူပြီးလျှင် ရှင်ဘုရင်နှင့် အစိုးရတို့ကို ပုန်စားပုန်ကန်ပြုရန် သင်သည်ထိုအစည်းအဝေးတွင် ရောက်သူများအား တိုက်တွန်းနိူးဆော်ခဲ့သည်ဟု တရားလိုဘက်ဆိုကြောင်း၊

ဤသို့ပြုပြီးလျှင် အခွန်တော်ကောက်ခံရေးကို ခုခံ၍ ရပ်လုံးရွာလုံး အစိုးရတို့အား ခုခံရန် ဟောပြောခဲ့သည်ဟု တရားလိုဘက်က ဆိုပြန်သည်။ ၄င်းနောက် သာယာဝတီနယ် အင်းရွာအနီး မန်ကျည်းဘုန်းကြီးကျောင်း၌ အစည်းအဝေးတစ်ခု ကျင်းပပြီးလျှင် သူပုန်ထရန် တိုက်တွန်းနိူးဆော်လျက် ဂဠုန်အသင်း ဖွဲ့စည်းတည်ထောင်ပြန်သည်ဟု တရားလိုသက်သေက ဆိုကြောင်း၊ ထိုအစည်းအဝေးနှစ်ခုလုံးတွင် အသင်းသားများအား ဆေးထိုးပေး၍ လက်မောင်းတွင် အပ်မြှုပ်သော စနစ်ကို အသင့်အသုံးပြုကြောင်း အဆိုပါ မန်ကျည်းကုန်း ဘုန်းကြီးကျောင်း အစည်းအဝေးတွင် အသင်းဝင်လက်မှတ်များကို အသင်းကိုယ်တိုင် လက်မှတ်ထိုး၍ ထုတ်ပေးသည်ဟု တရားလိုဘက်က ဆိုပြန်ကြောင်း။

၄င်းနောက်ရက်များ မကြာမီအတွင်း ယခုအခါ မြန်မာပြည်တစ်ဝှမ်းလုံးတွင် အလံတောင်ဟု ကျော်ကြားနေသော ခံတပ်ကို တည်ထောင်ကြောင်းနှင့် သာယာဝတီ အရှေ့တောင်ဘက်ရှိ တောင်ညို ဘုန်းကြီးကျောင်းသို့ ကျော်စောသော သူပုန်များနှင့်အတူ သွားရောက်ကြောင်းကို တရားလိုဘက်က ဆိုပြန်သည်။ တောင်ညိုဘုရားရှိ ဇရပ်တစ်ခုပေါ်တွင် တည်းခိုပြီးလျှင် ညအခါ အသင်းသည် ရာဇဘိသေက တင်မြှောက်ခြင်းကို ခံယူကြောင်း၊ ၄င်းဘိသိက်ပွဲ၌ ဆေးမျိုခြင်းနှင့် အခြားအခမ်းအနားများကို ပြုလုပ်ဆောင်ရွက်ကြကြောင်း၊ ထိုအခါ ကွန်းသွယ်၊ ဆရာစံနှင့် အခြား

www.burmeseclassic.com

www.burmeseclassic.com



ကျော်စောသော ဗိုလ်များက စီတန်းလျက် ကိုင်ကြပြီးလျှင် အသင့်အား ဘိသိက်တင်မြှောက်ကြကြောင်း၊ ဤသို့ ဘိသိက်တင်မြှောက်ပြီးနောက် တစ်မနက်တွင် အသင်က 'ကျွန်ုပ်အား ယနေ့မှစ၍ သုပဏ္ဏကဂဠုန်ရာဇာ' ဟု ခေါ်တွင်စေရမည်ဟု ကြေညာကြောင်း။

ဤသို့ဆိုခြင်း၏ အဓိပ္ပာယ်က အသင်သည် မြန်မာပြည်၏ ထီးနန်းကို လုယူ၍ အသင့်အား ဘုရင်တင်မြှောက်ရန်ဖြစ်ကြောင်း၊ ၎င်းနောက် အလံတောင်ပေါ်သို့ ရောက်ခဲ့ဖူးသည့် သက်သေ မောင်သာဒင်က အလံတောင်အကြောင်းနှင့် အသင်၏ အခြေအနေ၊ နေပုံ ထိုင်ပုံတို့ကို ဤရုံးတွင် ပြောပြကြောင်းကို အလံတောင်ထိပ်ပေါ်တွင် အသင်တစ်ယောက်တည်း တဲတစ်ခုနှင့် နေထိုင်ပြီးလျှင် ဗိုလ်များကိုသော်လည်း အခြားသူများကို သော်လည်း တိုက်ခိုက်ရန် အမိန့်များကို အသင်ပေးလေ့ရှိသည်ဟု သက်သေများက ထွက်ဆိုကြကြောင်း၊ ရှေးဦးစွာ ပထမကြံစည်ခြင်းကား လူခွန်တော် စသော ပြည်သူတို့ အလိုမကျသည့် အခွန်ဘဏ္ဍာများကို မပေးဆောင်ရန် အကြမ်းမဖက် အနုသက်သက်ဖြင့် ဆောင်ရွက်ရန်ဟု ဆို၏။

သို့သော် ဤသို့ကြံစည်ရာ၌ သင့်ငယ်သား နောက်လိုက်များကို သင်က မအုပ်စီးနိုင်သဖြင့် သင်က လက်လျှော့ရသည်ဆို၏။ ဤသို့ဆိုခြင်းကို သက်သေထွက်ချက် အထောက်အထား မရှိ။

ဥပမာဆိုသော ဒီဇင်ဘာလ ၅ ရက်နေ့၌ ဗုဒ္ဓရာဇာမြို့ကို တည်သည်ဟု သက်သေတစ်ယောက်က ထွက်ဆိုလေသည်။ ဖမ်းဆီးမိထားသော နေ့စဉ်မှတ်တမ်းတွင်လည်း ၎င်းနေ့တွင် ဗုဒ္ဓရာဇာမြို့ကို တည်ထောင်သည်ဟုဆို၏။ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် အသင်သည် အလံတောင်က ထွက်ခွာသွားသည်ဟုဆို၏။ ထိုနေ့၌ပင် စစ်သားများက အလံတောင်ပေါ်သို့တက်၍ စီးသည့်နေ့ဖြစ်ကြောင်း၊ ၎င်းပြင် နေ့စဉ်

www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းကို ကြည့်ရှုခြင်းအားဖြင့် သင်၏စိတ်ကို သိရှိနိုင်ကြောင်း၊ အောင်ချမ်းသာမြို့ကို သင်တည်ပြီးလျှင် ရဟန်းအဝတ်ကို စွန့်လွှတ်၍ ရှင်ဘုရင်၏ မင်းမြောက်တန်ဆာကို ဝတ်ဆင်သည်ဟု နေ့စဉ်မှတ်တမ်းတွင် ပါရှိသည်။ ၎င်းနောက် သင်သည် သူပုန်တပ်အမျိုးမျိုးကို ဖွဲ့စည်းပြီးလျှင် နောက်ဆုံး ရပ်စောက်စော်ဘွားကြီးထံ အကူညီတောင်းကြောင်းကို ၎င်းမှတ်တမ်းတွင် ရေးသားပါရှိကြောင်း စသည်ဖြင့် ဖတ်ကြားပြောဆိုပြီး အောက်ပါအတိုင်း စီရင်ချက်ချလေသည်။

**စံရှား ခေါ် ဆရာစံ အထက်စွပ်စွဲချက်များကြောင့် အသင့်အပေါ်မှာ အပြစ်ရှိကြောင်းကို ဤရုံးတော်က တွေ့ရှိကြောင်း၊ ၎င်းပြင် ရှင်ဘုရင်နှင့် ဘုရင်၏ အစိုးရတို့အား အသင်က ပုန်စားပုန်ကန် ပြုလုပ်ကြောင်း ထင်ရှား၏။ ဤသို့ပြုကျင့်ခြင်းများကြောင့် တိုင်းပြည်တွင် လူအမြောက်အမြား သေကြေကြပြီးလျှင် ဥစ္စာစီးပွားများလည်း ပျက်ပြားကြောင်း၊ သို့သော် ဤသို့ပျက်ပြားစေသော်လည်း သင်သည် ဝမ်းနည်းခြင်းမရှိ။ ဝမ်းနည်းသည့် လက္ခဏာလည်း မပြခဲ့ချေ။ ထို့ ကြောင့် အသင့်လည်ပင်းကို ကြိုးတပ်၍ မသေမချင်း အသင့်ကို သတ်စေရန် အမိန့်ချမှတ်လိုက်ကြောင်း။**

ဟု အဆုံးသတ်လိုက်လေသည်။ ထိုအစီရင်ချက်များကို ခုံရုံးဥက္ကဋ္ဌက အင်္ဂလိပ်ဘာသာဖြင့် ဖတ်ကြားပြီးနောက် စကားပြန်က မြန်မာဘာသာဖြင့် ပြန်ကြားပြောဆိုသောအခါ ဆရာစံသည် မည်သို့မျှ ထူးခြားခြင်းမရှိဘဲ သိထားပြီးသော အကြောင်းအရာတစ်ခုကို ထပ်မံနားထောင်နေရသကဲ့သို့ ခပ်ပြုံးပြုံးပင် နားထောင်နေလေသည်။ တရားခွင်မှ တရားသူကြီးများ ဆင်းသွားကြသောအခါ ဆရာစံအား ထောင်သို့ ပြန်ခေါ်မည်ပြုစဉ် ဆရာက **"ဒီလိုအပြစ်ပေးမယ်ဆိုတာ သိပြီးသားပဲ၊ ၁၅ ကြိမ်ပေးပါစေ မကြောက်ပါဘူး"** ဟု ခပ်ပြုံးပြုံးပင် ပြောဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com




ဆရာစံ ထောင်သို့ ရောက်သောအခါ၌ ထောင်အရာရှိများအား ကြိုးအပြင် ဘာပေးနိုင်သေးလို့လဲဟု ပြောလိုက်လေသည်။ အင်္ဂလိပ်အစိုးရသည် မိမိအား မည်သည့်နည်းနှင့်မဆို မသေသေအောင် သတ်တော့မည်ကို သိထားပြီးဖြစ်သော ဆရာစံသည် အယူဝင်ခံခြင်း အသနားခံခြင်း စသည်များကို မလုပ်လိုလှသော်လည်း ထောင်အရာရှိများနှင့် ဆရာစံ၏ ရှေ့နေရှေ့ရပ်များက အယူခံဝင်ရန် တိုက်တွန်းကြလေသည်။ ဆရာစံက လက်မခံချင်သော်လည်း အတင်းတိုက်တွန်းသောကြောင့် အယူခံဝင်သည့် ကိစ္စကို လက်ခံပြီး အယူခံဝင်လေသည်။

■


www.burmeseclassic.com

www.burmeseclassic.com





တိုက်ပွဲများတွင် အကာအကွယ်အဖြစ် အသုံးပြုရန် အင်းများ ရေးချ စီရင်ထားသည့် ဆေးပုဝါ



ဂဠုန်တပ်ဖွဲ့ဝင်များ တိုက်ပွဲတွင် အသုံးပြုသည့် မောင်းသေနတ်များနှင့် လက်နက်များ

www.burmeseclassic.com

www.burmeseclassic.com





ဗြိတိသျှအစိုးရတွင် ကြောက်စရာကောင်းသော စက်သေနတ်ကြီးများရှိကြောင်းကို ဤသို့စစ်သားများက ပစ်ခတ်ပြသကြသည်။



ဂျူနီတပ်ဖွဲ့ဝင်များ လက်ချက်ဖြင့် ဝဲရွာအတွင်း သစ်တောအင်ဂျင်နီယာ ဗီကာလပ် ကျဆုံးသောနေရာ

www.burmeseclassic.com

www.burmeseclassic.com



ဆရာစံနှင့် ပတ်သက်၍
ဆရာစံ၏ ရှေ့နေများက
ဘီးလပ်တိုမိကောင်စီကြီးထံ
သွားရောက်အယူခံဝင်ကြရန်
ဆရာစံက ထိုက်ဖိစွတို

www.burmeseclassic.com

www.burmeseclassic.com

# အယူခံဝင်ရခြင်း

ဆရာစံ၏ အယူခံကို ၁၉၃၁ ခု၊ စက်တင်ဘာလ ၁၈ ရက်နေ့ နံနက် ၁၁ နာရီအချိန်တွင် ရန်ကုန်မြို့ တရားလွှတ်တော် တရားခွင် အမှတ် 'ခ'၌ တရားဝန်ကြီးဦးဘနှင့် မစ္စတာဘာရလေတို့က ကြားနာကြသည်။ အစိုးရဘက်မှ အစိုးရရှေ့နေချုပ် မစ္စတာအဂ္ဂါက လိုက်ပါဆောင်ရွက်ပြီး ဆရာစံဘက်က ဒေါက်တာဘမော်က ပြန်ကြားဖြေရှင်းလျှောက်လဲကြလေသည်။ နှစ်ဦးနှစ်ဖက် ဝတ်လုံများတင်ပြ လျှောက်လွှချက်များကို စဉ်းစားပြီးနောက် စက်တင်ဘာလ ၂၉ ရက်၊ အင်္ဂါနေ့ နံနက် ၁၁နာရီအချိန်တွင် တရားဝန်ကြီးများက အကြောင်းအမျိုးမျိုးပြကာ အယူခံလွှာကိုပယ်၍ သေဒဏ်ကို အတည်ပြုလိုက်လေသည်။ တရားလွှတ်တော်မှ အယူခံကို ပယ်ပြီးနောက် ဤကိစ္စနှင့် စပ်လျဉ်း၍ ၁၉၃၁ ခု၊ အောက်တိုဘာလ ၂၃ ရက် သောကြာနေ့ထုတ် မြန်မာအလင်းသတင်းစာတွင် ရေးသားဖော်ပြလိုက်လေသည်။

ဂျော့ဘုရင်မင်းမြတ်နှင့် စစ်ဘက်ပြိုင်သည် ထီးနန်းစည်းစိမ် လုယူသည်။ နိုင်ငံ၌ သူပုန်ထကြွအောင် ပြုလုပ်သည်ဆို၍ အိန္ဒိယရာဇသတ်ပုဒ်မ ၁၂၁ အရ အထူးရာဇဝတ် တရားသူကြီးများက သုပဏ္ဏကဂဠုန်ရာဇ ခေါ်တွင်သည့် ဆရာစံအား စစ်ဆေးပြီးလျှင် ကြိုးဒဏ် အပိုင်ချမှတ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ ထိုအမိန့်ကို မကျေနပ်၍ ရန်ကုန် ဟိုက်ကုပ်လွှတ်တော်ကြီး၌ အယူခံဝင်ရာ အောက်ရုံးစီရင်ချက်ကိုပင် အတည်ပြုခဲ့ကြောင်းဟု အကျယ်တဝင့် ဖော်ပြခဲ့လေသည်။ ၄င်းကိစ္စနှင့် ပတ်သက်၍ ဆရာစံနှင့် ပတ်သက်၍ ဆရာစံ၏ ရှေ့နေများက ဘီးလပ်ပရိဗီကောင်စီကြီး သွားရောက်အယူခံဝင်ကြရန် ကြိုးစားကြလေသည်။ ဆရာစံက ထိုကိစ္စကို လက်မခံ။ ပြတ်သားစွာ ငြင်းပယ်လိုက်ပြီး ''ပုန်ကန်မှုတွင် ပါဝင်၍ အသက်ဆုံးရှုံးရှာကြကုန်ပြီဖြစ်သော သူများနောက်သို့ပင် မိမိသည် လိုက်လိုလှပြီဖြစ်ကြောင်း''ဟု ပြောဆိုလိုက်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com





ဂဠုန်တပ်ဖွဲ့ဝင်များ ဝတ်ဆင်သည့် အဝတ်အစားအတိုင်း ဖားရွှေကျော်ရွာမှ "က"
ဂဠုန်တပ်သားကြီး ဦးဖိုးထိန်က အလံတောင်ထိပ်ပေါ်တွင် ဤသို့
ဝတ်ဆင်ပြသသည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးဘာဘာဘာဘာသနာ
ပညာကြီးပွားရာ ကြီးပွားကြောင်း
ဆောင်ရွက်လို အခုလိုကြုံတွေ့ရတာ
သုခလို့ပဲ မှတ်တယ်
ဖြစ်လေရာဘဝမှာ
အင်္ဂလိပ်ကို
နိုင်ရတဲ့ကိုယ် ဖြစ်ပါရစေ...

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံးချုပ်သည့်တာဝ

၁၉၃၁ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် (၁၂၉၃ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၄ ရက် စနေနေ့) နံနက်တွင် အင်္ဂလိပ်နယ်ချဲ့အစိုးရသည် ဆရာစံအား သာယာဝတီထောင်အတွင်းရှိ ကြိုးစင်တွင် လည်ပင်းကို ကြိုးတင်၍ သတ်ရန်ဖြစ်သည်။ ဆရာစံအား ကြိုးတင်၍ သတ်စဉ်က သာယာဝတီထောင်မှူးကလေးအဖြစ် ဆောင်ရွက်ခဲ့သည့် အငြိမ်းစားထောင်ဝန်ပိုင် ဦးစိန်က သူ၏ မျက်မြင်ကိုယ်တွေ့ အဖြစ်အပျက်ကို ပြန်လည်ပြောပြလေသည်။

"မနက်ဖြန်ဆို ကြိုးပေးတော့မည်ဆိုတော့ အခုလိုညမှာ ဆရာစံကို ကျွန်တော်တို့ ကြိုးစင်အနီးမှာရှိတဲ့ ကြိုးတိုက်ကို ပြောင်းထားလိုက်ပါတယ်။ အဲဒီညမှာ ဆရာစံဟာ ကောင်းကောင်းအိပ်ပါတယ်၊ ဆရာစံ အရင်သူ့ပုန်မှုနဲ့ ကြိုးပေးတဲ့ လူပေါင်းဟာ သာယာဝတီထောင်ထဲမှာ ၁၀၀ အတွင်းမှာ ရှိတယ်လို့ ထင်ပါတယ်။ ၁၀၀ တော့ မကျော်ပါဘူး။ ဆရာစံ ကြိုးပေးတော့ ကျွန်တော် အနားမှာရှိပါတယ်။ ကျွန်တော်နဲ့ဆိုရင် ၂ တောင်လောက် ၁ ဝေးပါတယ်။ ဆရာစံ ကြိုးပေးတဲ့နေရာကတော့ အခုလက်ရှိ သာယာ

www.burmeseclassic.com

www.burmeseclassic.com



ဝတီထောင်က ကြိုးစင်အဟောင်းပါပဲ။ အခုထက်တိ ရှိပါသေးတယ်။ ပြောင်းလဲမှု မရှိပါဘူး။ ကြိုးသမား တက်လိုက်လို့ရှိရင် နှစ်စင်ရှိတဲ့အနက် ဝဲဘက်ကစင် ဖြစ်ပါကယ်။

ကြိုးပေးတဲ့နေ့က ဟိုတုန်းက ဒုတိယအရေးပိုင်ဖြစ်တဲ့ ဦးကျော် ကိုယ်တိုင် တက်ရောက်ပါတယ်။ လက်ပံတန်း မြူနီစပါယ်လူကြီးများ၊ အထူးအာဏာရလူကြီးများ၊ သုံးဆယ်ကလူကြီးများ၊ အဲဒီလိုထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖိတ်ထားပါတယ်။ ကြိုးပေးတဲ့အနီးမှာဆိုလို့ရှိရင် လူ ၂၀ ယောက် ရှိပါလိမ့်မယ်။ ရက်တော့ ကောင်းကောင်း မမှတ်မိဘူး။ အချိန်ကတော့ နံနက် ၆ နာရီ ၅ နာရီ ၄၅-၅၀ လောက် ရှိလိမ့်မယ်။

အကျဉ်းသားနှစ်ယောက်က ကြိုးတိုက်က ထုတ်ရပါတယ်။ တစ်ယောက်က ကြိုးတိုက်အင်္ကျီခေါ်တဲ့ တိုက်ထုတ်အင်္ကျီကို ဝတ်ပေးပြီးတော့ လက်ထိတ်ကို နောက်ပြန်ခတ်ပြီး တတောင်ဆစ်ကွေးကနေပြီးတော့ နောက်ပြန်ကြိုးချည်လိုက်ပါတယ်။ ကြိုးချည်ပြီးတော့ အကျဉ်းသားနှစ်ယောက်ဟာ သူ့ကိုတွဲပြီး ခေါ်လာပါတယ်။ ကြိုးစင်တက်တယ် ဆိုတာကတော့ လှေကားလည်း မဟုတ်ပါဘူး။ ကုန်းမြင့်ကလေးကို တက်သွားတာပါပဲ။

ဆရာက ဘာပြောသလဲဆိုတော့ "အမျိုးဘာသာသာသနာ ပညာကြီးပွားရာကြီးပွားကြောင်း ဆောင်ရွက်လို့ အခုလို ကြုံတွေ့ရတာပဲ၊ သုခလို့ပဲ မှတ်ပါတယ်၊ ဖယ်ပေးကြ၊ ငါ့ဟာငါ တက်မယ်" ဆိုပြီး အနားမှာတွဲထားတဲ့ အကျဉ်းသားနှစ်ယောက်ကို ဖယ်ပစ်လိုက်တယ်။ တွန်းပစ်လိုက်တယ်။ နောက်ပြီး သူ့ဟာသူ တက်သွားတယ်။

ဒါပေမယ့် အကျဉ်းသားနှစ်ယောက်ကတော့ အနားက ဖေးဖေးမမ ခေါ်သွားတာပဲ။ ခေါ်သွားတဲ့အခါကျတော့ ကြိုးစင်ပေါ်လည်းရောက်ရော အနားမှာရှိတဲ့ ဧည့်သည်တွေကို နှုတ်ဆက်တယ်၊ "သွားပြီဗျို့၊ ဖြစ်လေရာ

www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ အင်္ဂလိပ်ကို နိုင်ရတဲ့ကိုယ်ဖြစ်ပါစေ”လို့ ဆုတောင်းသွားပါတယ်။ ဆုလည်းတောင်းပြီးရော မျက်နှာဖုံးခေါ်တဲ့ အိတ်ကြီးကို စွပ်ပေးလိုက်ပါတယ်။ စွပ်လည်းပြီးရော လည်ပင်းကြိုးတပ်ပြီးတော့ ဖြုတ်ချလိုက်ပါတယ်ဟု ပြောကြားလေသည်။

ဆရာစံ၏ ရုပ်အလောင်းကို သင်္ဂြိုဟ်ရန် မည်သူကမျှ လာရောက်တောင်းဆိုခြင်း မပြုကြပေ။ အကယ်၍ တောင်းဆိုလျှင်လည်း ပေးအပ်လိမ့်မည်မဟုတ်။ ဦးစိန်သည် ထောင်ပိုင်ဝန်၏အမိန့်အရ ဆရာစံ၏ အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ရန်အတွက် အဖုံးပါသော ထမ်းစင်ဖြင့် အကျဉ်းသားလေးငါးယောက်ကို ထမ်းစေ၍ ထောင်အပြင်ဘက်ရှိ သုသာန်ကုန်းကို ယူလာခဲ့လေသည်။

သုသာန်ပတ်ဝန်းကျင်တွင် ဆရာစံ၏ ရုပ်အလောင်းကို လိုက်ကြည့်သူ လူထုပရိသတ် ၃၀၀၀ ခန့် စောင့်နေကြသည်။ ဦးစိန်သည် ပြသင့် မပြသင့် ချိန်ဆပြီး ခပ်ဆိုင်းဆိုင်းပြုနေစဉ် ထောင်ပိုင်ဝန် လိုက်လာ၍ မည်သည့်အတွက် ကြာနေသလဲဟုမေးရာ ဦးစိန်က လူအများက အလောင်းကို ကြည့်ချင်နေကြကြောင်း ပြန်ပြောသဖြင့် ထောင်ပိုင်ဝန်က ပြလိုက်ရန် အမိန့်ပေးလေသည်။

ဦးစိန်သည် ဆရာစံ၏အလောင်းကို ထမ်းစင်အဖုံးပေါ်တွင်တင်၍ လူအများ လာရောက်ကြည့်ရှုနိုင်ရန် ပြလိုက်လေသည်။ ၄င်းမြင်ကွင်းကို တွေ့မြင်လိုက်ရ၍ လာရောက်ကြည့်ရှုသူများ စုတ်တသတ်သတ်နှင့် ဝမ်းနည်းကြေကွဲကုန်ကြသည်။

မြန်မာလူမျိုးတို့အတွက် သူရဲကောင်းတစ်ယောက် သို့မဟုတ် တောင်သူလယ်သမားများအတွက် အားထားနေရသည့် အာဇာနည်သူရဲကောင်းကြီးတစ်ယောက် နယ်ချဲ့တို့၏လက်ချက်ဖြင့် အသက်ပေးဆုံးရှုံးခဲ့ရလေသည်။ ထိုအတွက်ကြောင့် မြန်မာတောင်သူလယ်သမားများ၊

www.burmeseclassic.com

www.burmeseclassic.com



မျိုးချစ်သခင်များ၊ လူမျိုးများက အင်္ဂလိပ်နယ်ချဲ့အပေါ် အမုန်းကြီးမုန်းကြလေသည်။

ထို့နောက် အားလုံးကြည့်ရှုပြီးနောက် ဦးစိန်သည် ဆရာစံ၏ ရုပ်အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်လိုက်လေသည်။ မည်သို့ပင်ဖြစ်စေ အင်္ဂလိပ်နယ်ချဲ့များသည် ဆရာစံခေါင်းဆောင်သည့် တောင်သူလယ်သမားတို့ အသက်စွန့်ပြီး တောင်းဆိုမှုများကို အလျှော့ပေး လိုက်လျောပေးခဲ့ရသည်။ မြန်မာလူမျိုးတို့၏ ရဲစွမ်းသတ္တိနှင့် စွန့်စားမှုများကို ကမ္ဘာ့နိုင်ငံကြီးများ၏ အသိအမှတ်ပြုခြင်းခံရသလို ချီးကျူးမှုများလည်း ရှိခဲ့သည်။

ထိုအတွက်ကြောင့် ဆရာစံသည် မျိုးချစ်သူရဲကောင်းတစ်ဦးအဖြစ် မှတ်တမ်းတင်လိုက်ရပေတော့သည်။

မင်းပုညာ

www.burmeseclassic.com